

# စစ္စလီကျွန်းသား

# The Sicilians

Mario Puzo

တက္ကသိုလ်နေဝင်း

ဒုတိယအကြိမ်

# အမှာ

ဤစာအုပ်သည် နာမည်ကျော် ဂေါ့ဒ်ဖားသား (The Godfather) ဝတ္ထုကြီးကို ရေးသားခဲ့သူ စာရေးဆရာကြီး မာရီယိုပူဇို (Mario Puzo) ၏ လက်ရာပင် ဖြစ်ပါသည် ။ ထို့ပြင် 'ဂေါ့ဒ်ဖားသား' ဝတ္ထုဇာတ်လမ်းနှင့် လည်း တိုက်ရိုက်ဆက်စပ်နေပါသည် ။

ဂေါ့ဒ်ဖားသား (ခေါ်) ဒွန်ကော်လီယွန် အမည်ရှိ အဘိုးကြီး၏ သားသုံးယောက်အနက် အငယ်ဆုံးသားဖြစ်သူ မိုက်ကယ်လ်သည် ဖခင်ကြီး၏ ရန်သူ ဆိုလိုဇို ဆိုသူနှင့် ရဲအရာရှိတစ်ဦးအား နယူးယောက်မြို့တွင် သုတ်သင်ကွပ်မျက်လိုက်ပြီးနောက် ချက်ချင်းပင် သင်္ဘောတစ်စင်းဖြင့် အီတလီနိုင်ငံ စစ္စလီကျွန်းသို့ သွားရောက်တိမ်းရှောင်နေခဲ့သည် ကို စာဖတ်သူများ မှတ်မိကြပါလိမ့်မည်။ မိုက်ကယ်လ်သည် စစ္စလီကျွန်းတွင် အချိန်ကာလ နှစ်နှစ်ခန့် နေထိုင်ခဲ့ပြီးမှ အမေရိကန်နိုင်ငံသို့ ပြန်လာခဲ့ပုံကိုလည်း မူရင်း ဂေါ့ဒ်ဖားသား ဝတ္ထုတွင် ဖော်ပြထားပါသည် ။

ဤဝတ္ထုဇာတ်လမ်း ဖြစ်ပျက်ရာ အချိန်ကာလမှာ မိုက်ကယ်လ် အနေဖြင့် စစ္စလီကျွန်းမှ အမေရိကန်နိုင်ငံသို့ ပြန်လာခါနီး အချိန်ကာလ ဖြစ်ပါသည် ။

စစ္စလီကျွန်းသား ဟု အမည်ပေးထားခြင်းအကြောင်းမှာ စစ္စလီကျွန်းဇာတိ 'ဂီလီယာနို' အမည်ရှိ လူငယ်တစ်ဦး၏ ဘဝဖြစ်စဉ်နှင့် တကွ သူ

၏ တစ်မူထူးခြားသော အယူအဆ အတွေးအခေါ်များ ၊ စွန့်စားလှုပ်ရှားမှုပုံများ ၊ အထူးသဖြင့် မာဖီးယား (ခေါ်) ဒုစရိုက်ဂိုဏ်း ခေါင်းဆောင်များကို သတ္တိရှိစွာဖြင့် အာခံကာ ယှဉ်ပြိုင်တိုက်ခိုက်ပုံများကို ဖော်ပြထားခြင်းကြောင့် ဖြစ်ပါသည် ။

အီတလီနိုင်ငံ၏ တစ်စိတ်တစ်ဒေသဖြစ်သော စစ္စလီကျွန်းမှ ဒေသခံ တိုင်းရင်းသားလူမျိုးတို့ ၏ အတွေးအခေါ်၊ အယူအဆများ ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ စသည် တို့ ကိုလည်း ဤစာအုပ်တွင် ဆရာကြီး မာရီပူဇိုက ပြည့်စုံစွာ တင်ပြထားပါသည် ။

စာဖတ်သူများ သတိရပြုဖွယ်အချက် တစ်ခုမှာ ဇာတ်လမ်း တင်ပြထားပုံ ရေးသားဟန်ပင် ဖြစ်ပါသည် ။ ဝတ္ထုဇာတ်လမ်းကို အပိုင်း ငါးပိုင်း ခွဲ၍ ဖော်ပြရာ၌ အတိတ်နှင့် ပစ္စုပ္ပန်ကာလကို အစဉ်အလိုက် မဟုတ်ဘဲ ဖြစ်ပျက်ရာ ခုနှစ်သက္ကရာဇ်များ ဖြင့် ဖော်ပြပြီး ပစ္စုပ္ပန်နှင့် အတိတ်ကို တစ်လှည့်စီ ဖော်ပြထားပါသည် ။ ယင်းအချက်ကို သတိပြုပြီး ဖတ်သွားပါက ဇာတ်လမ်းကို ရေလည်စွာ သဘောပေါက်မည် ဖြစ်ပါသည် ။

မည်သို့ပင်ဖြစ်စေ... ဤစာအုပ်မှာ စာရေးဆရာမကြီး မာရီယိုပူဇို၏ ရေးသားဟန်အနေဖြင့် မူလ ဂေါ့ဒ်ဖားသားနည်းတူ သွက်လက်သလောက် စိတ်ဝင်စားဖွယ် ကောင်းလှသဖြင့် မြန်မာစာဖတ် ပရိသတ်အတွက် ဘာသာပြန် တင်ဆက်လိုက်ရပါသတည်း။

***

# အပိုင်း (၁)

# မိုက်ကယ်လ်

(၁၉၅၈)



ဂီလီယာနိုကို အီတလီနိုင်ငံ မွန်တီပါလာမြို့၌ ၁၉၂၂ ခုနှစ်၊
အောက်တိုဘာလ ၁၆ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ၁၉၅၀၊ ဇွန်လ ၅ ရက်နေ့၌
အီတလီနိုင်ငံ ကာစတောဗီရာနိုမြို့၌ ကွယ်လွန်သည်။



ဆီရိုတီနီ၊ ဂီလီယာနို၏ ဖခင်၊ ဂီလီယာနိုနှင့် မိုက်စေတန်။
(မေလ - ၁၉၄၇)



ဆင်းရဲသားများအပေါ် မတရားခေါင်းပုံဖြတ်နေသူ မြေပိုင်ရှင်များ၊ အရင်းရှင်များ၊ မှာစီးယားများအား တန်ပြန်တိုက်ခိုက်ပြီး တရားမျှတမှုရှိလာအောင် ဖြစ်သည့်နည်းနှင့် လုပ်မည်ဟု ဆုံးဖြတ်ပြီးနောက် လက်နက်စွဲကိုင်၍…



ကျွန်ုပ်သည် စစ္စလီကျွန်း လွတ်မြောက်ရေးအတွက် ငါးနှစ်တိုင်တိုင် တိုက်ခိုက်ခဲ့ပါသည်။ ချမ်းသာကြွယ်ဝသူများထံမှ ကျွန်ုပ်ရယူခဲ့သော ငွေကြေး ပစ္စည်းများကို မရှိဆင်းရဲသူများအား ဝေငှ ပေးကမ်းခဲ့ပါသည်။ ကျွန်ုပ်သည် တောပုန်းတစ်ယောက် ဖြစ်သလော၊ လွတ်လပ်ရေးအတွက် တိုက်ခိုက်နေသူတစ်ယောက်ဖြစ်သလော ဟူသော အဖြေကို စစ္စလီကျွန်းသူကျွန်းသားများကသာ ဆုံးဖြတ်ပိုင်ခွင့် ရှိပါသည်။


ဂီလီယာနို



ဂီလီယာနိုသည် တောင်ပေါ်ဒေသရှိ ကာရိကာဘီယန်က လိုဏ်ဂူကြီးတွင် စခန်းချရင်း စစ္စလီကျွန်းကို ခုနစ်နှစ်တိုင်တိုင် ဩဇာအာဏာလွှမ်းမိုးခဲ့လေသည်။



ဂီလီယာနိုက သူ၏ ဝမ်းဗိုက်ရှိ အမာရွတ်အား ပြသစဉ်။




ပီစီယိုတာကို အီတလီနိုင်ငံ မွန်တီပါလာမြို့၌ ၁၉၂၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင်
မွေးဖွားခဲ့ပြီး ၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် အီတလီနိုင်ငံ၊
ပါလာမိုမြို့ အကျဉ်းထောင်တွင် ကွယ်လွန်သည်။



ဂီလီယာနို၏ ညာလက်ရုံးဖြစ်သူ ညီဝမ်းကွဲ ပီစီယိုတာနှင့်အတူ။
(စစ္စလီကျွန်း သမိုင်းတစ်လျှောက်တွင် ယုံကြည်ရဆုံး ပုဂ္ဂိုလ်များက
သစ္စာဖောက်ခဲ့ကြသည်ချည်း ဖြစ်၏။)



ဂီလီယာနို၏ တူဖြစ်သူ ဂူဆက်ပီ ဆီယိုတီနိုက ဦးလေးဖြစ်သူ ဂီလီယာနို
သေဆုံးစဉ်က ရိုက်ကူးထားသော ဓာတ်ပုံအားပြသစဉ်။

ဂီလီယာနို လုပ်ကြံခဲ့သူတစ်ဦး၏ သားဖြစ်သူ သမိုင်းပညာရှင် ဂူဆက်ပီကာဆာရူဘီက
လွန်ခဲ့သော နှစ်ပေါင်း ၆၀ က သေဆုံးခဲ့သူမှာ ဂီလီယာနို မဟုတ်ဟု ပြောကြားပြီး
အလောင်းကို ပြန်လည်စစ်ဆေးပေးရန် တောင်းဆိုခဲ့သဖြင့် ၂၀၁၀ ခုနှစ်၊
အောက်တိုဘာလ ၁၅ ရက်နေ့တွင် အလောင်းအား ပြန်လည်ဖော်ထုတ်စစ်ဆေးရာ
သေဆုံးခဲ့သူမှာ ဂီလီယာနိုဖြစ်သည်ဟု အတိအကျ မပြောနိုင်ခဲ့ပါ။

**Ref: Wikipedia - Salvatore Giuliano**


*Giuseppe Mazzola*

# Banditismo, Mafia e Politica

# LA VERITA'

## sulla morte di

# SALVATORE GIULIANO



## e le risposte ai tanti perchè sull'inizio e sulla lunga durata della drammatica vicenda del

# BANDITISMO IN SICILIA

# အခန်း (၁)

'မိုက်ကယ်လ်' သည် စစ္စလီကျွန်း ပါလာမိုမြို့ ဆိပ်ကမ်းရှိ ဖောတံတားပေါ်တွင် ရပ်ပြီး ပင်လယ်ကူး သင်္ဘောကြီးတစ်စင်း အမေရိကန်နိုင်ငံသို့ စတင်ထွက်ခွာစပြုနေသည် ကို လှမ်းကြည့်နေလေသည်။

မူလအစီအစဉ်အရဆိုလျှင် သူကိုယ်တိုင် ဤသင်္ဘောကြီးဖြင့် အမေရိကန်နိုင်ငံသို့ ပြန်လိုက်သွားရမည် ဖြစ်သော်လည်း ဖခင်ကြီး (ဂေါ့ဒ်ဖားသား) ထံမှ နောက်ထပ် ညွှန်ကြားချက်အသစ်များ ရောက်ရှိလာသဖြင့် ယခု သင်္ဘောဖြင့် လိုက်ပါမသွားဘဲ နေရစ်ရခြင်း ဖြစ်လေသည်။

မိုက်ကယ်လ်သည် စစ္စလီကျွန်းတစ်နေရာမှ ပါလာမြို့သို့ ငါးဖမ်းလှေငယ်တစ်စင်းဖြင့် လာခဲ့ခြင်း ဖြစ်သည်။ ထိုလှေငယ်တွင် သူနှင့် အတူ သူ့အား နှစ်နှစ်နီးပါး ကာလအတွင်း စောင့်ရှောက်ထားခဲ့သူများ လည်း လိုက်ပါလာကြသည်။ ယခု ထိုလူများမှာ မိုက်ကယ်လ်အား နှုတ်ဆက်၍ လှေငယ်ဖြင့် ပြန်သွားကြရာ မိုက်ကယ်လ်က ကုန်းပေါ်မှ လက်ပြနှုတ်ဆက်သည် ကို လှေပေါ်မှ လူများကလည်း ပြန်လည် လက်ပြ နှုတ်ဆက်ခဲ့ကြလေသည်။

လှေငယ်သည် တဖြည်းဖြည်း ဝေးသွားရာမှ မကြာမီ လုံးဝ ပျောက်ကွယ်သွားတော့သည်။

ပါလာမိုဆိပ်ကမ်းတွင် အခြားသင်္ဘောများ လည်း ဆိုက်ကပ်လာရာ အလုပ်သမားများက သင်္ဘောများ ပေါ်မှ ကုန်ပစ္စည်းများကို သယ်ချပြီး ကုန်တင်လော်ရီကားများ ပေါ်သို့ တင်နေကြလေသည်။ အလုပ်သမားများ ၏ ပုံပန်းသဏ္ဌာန်မှာ အီတလီလူမျိုးများ ဖြစ်သည် ဆို

သည် ထက် အာရပ်လူမျိုး အနွယ်များ ဟု သာ ထင်ရသော အင်္ဂါရပ်မျိုး ရှိကြသည် ။ အားလုံးလိုလို 'ကက်' ဦးထုပ်များ ဆောင်းထားကြသဖြင့် မျက်နှာများကို သဲကွဲစွာ မမြင်ရချေ။

သို့သော် မိုက်ကယ်လ်သည် ထိုလူများကို လှမ်းကြည့်ရင်း မိမိအား ယခုလောလောဆယ် ကာလအတွင်း ဘေးအန္တရာယ် မရှိအောင် ကာကွယ်စောင့်ရှောက်ပေးသူများ လည်း ပါဝင်နေသည် ဟု သိထားပေသည် ။

'လောလောဆယ်ကာလအတွင်း' ဟု ဆိုခြင်းမှာ မိုက်ကယ်လ်သည် ဤပါလာမိုမြို့တွင် မာဖီးယားအဖွဲ့ခေါင်းဆောင် 'ကာပို ဒီ ကာပီ' ဘွဲ့ခံ 'ဒွန်ခရိုစီ' ဆိုသူနှင့် တွေ့ဆုံရန် ရှိရာ ထိုလူနှင့် မတွေ့ဆုံရသေးမီ ကြားကာလကို ဆိုလိုပေသည် ။

ထူးခြားသည် ကား စစ္စလီကျွန်း၌ မည်သူကမှ မာဖီးယား ဟူသော စကားကို အသုံးပြုကြခြင်းပင် ဖြစ်သည် ။ အစဉ်အလာအရ စစ္စလီကျွန်းသားများက ထိုအဖွဲ့ကို 'မိတ်ဆွေများ ၏ မိတ်ဆွေများ ' ဟု သာ ခေါ်လေ့ရှိကြသည် ။ ဒွန်ခရိုစီ ဆိုသူကိုလည်း မာဖီးယားခေါင်းဆောင် ကာပို ဒီ ကာပီ ဟု လုံးဝ မခေါ်ကြဘဲ 'မွန်မြတ်သော ဝိညာဉ်ရှင်' ဟု သာ ခေါ်လေ့ ရှိကြပေသည် ။

စစ္စလီကျွန်းသို့ လာရောက်တိမ်းရှောင်နေထိုင်ခဲ့သည့် နှစ် နှစ်တာကာလအတွင်း မိုက်ကယ်လ်သည် ဒွန်* **(ဒွန်ဟူသော ဝေါဟာရမှာ မာဖီးယားဂိုဏ်းအတွင်း အုပ်စု (သို့မဟုတ်) မိသားစုတစ်စု၏ အကြီးအကဲကို ခေါ်ခြင်းဖြစ်ကြောင်း ဂေါ့ဖ်ဖားသား ဝတ္ထု ဖတ်ဖူးသူများက မှတ်မိကြပါလိမ့်မည်။ - မြန်မာပြန်သူ)** ခရိုစီအကြောင်း အမျိုးမျိုးကြားခဲ့ရလေသည် ။ အချို့သော အကြောင်းများ ဆိုလျှင် ယုံနိုင်ဖွယ်ရာပင် မရှိချေ။

သို့ရာတွင် ဖခင်ကြီး ဒွန်ကော်လီယွန်' ထံမှ နောက်ဆုံး ရောက်ရှိလာ

သည့် ညွှန်ကြားချက်များ အရ မိုက်ကယ်လ်သည် ထိုနေ့တွင် ပင် ဒွန်ခရိုစီနှင့် အတူ နေ့လယ်စာ စားရင်း စစ္စလီကျွန်းမှ နာမည်ကြီး ထိပ်သီးတောပုန်း 'ဂီလီယာနို' ဆိုသူ ထွက်ပြေး လွတ်မြောက်ရေးအတွက ဆွေးနွေးတိုင်ပင်ကာ ဂီလီယာနိုအား မိုက်ကယ်လ်နှင့် တစ်ပါတည်း အမေရိကန်နိုင်ငံသို့ ခေါ်ခဲ့ရမည်ဟု ညွှန်ကြားထားပေသည် ။

ယင်းသို့ သူ၏ ဖခင်ကြီးက တိကျစွာ ညွှန်ကြားလိုက်သဖြင့် မိုက်ကယ်လ်သည် ယခု ပါလာမိုမြို့တွင် ဒွန် ခရိုစီနှင့် တွေ့ဆုံရန် လာရောက်ခြင်း ဖြစ်လေသည် ။

ဆိပ်ကမ်းပြင်ဘက်ရှိ လမ်းတစ်နေရာတွင် အနက်ရောင် မော်တော်ကားကြီးတစ်စီး ရပ်ထားလေသည် ။ ထိုကားကြီး၏ ဘေးနားတွင် လူသုံးယောက် ရပ်စောင့်နေကြသည် ။ မိုက်ကယ်လ်အား ထိုကားကြီးဖြင့် လာခေါ်ကြခြင်းပင် ဖြစ်သည် ။

မိုက်ကယ်လ်လည်း မော်တော်ကားကြီးဆီသို့ လျှောက်သွားရင်း တစ်နေရာတွင် စီးကရက်တစ်လိပ် မီးညှိသောက်၍ ပါလာမိုမြို့၏ ရှုခင်းကို ခေတ္တလှမ်းကြည့်နေမိသည် ။

မြို့၏ အနေအထားမှာ ချိုင့်ဝှမ်းကြီးသဖွယ် ခွက်ဝင်နေပြီး သုံးဘက်သုံးတန်၌ တောင်တန်းကြီးများ ဝိုင်းရံထားပြီး စတုတ္ထမြောက် မျက်နှာစာမှာ မြေထဲပင်လယ်ကြီးကို မျက်နှာမူထားလေသည် ။

ရာစုနှစ်ပေါင်းများ စွာမှ စ၍ စစ္စလီကျွန်းတွင် ဖြစ်ပွားခဲ့သော သွေးထွက်သံယိုမှုများ ၊ နိုင်ငံခြားသားတို့ ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ပုံများ စသော အတိတ်ကာလသမိုင်းမှ အထောက်အထားများ အဖြစ် ရှေးခေတ် ခေါမလူမျိုးတို့ ၏ ဘုရားကျောင်းများ ၊ မွတ်စလင် ဗလီဟောင်းကြီးများ အပြင် နော်မန်လူမျိုးတို့ ၏ ရဲတိုက်ပျက်ကြီးတစ်ခုကိုလည်း မြင်ရ

ပေသည် ။

တစ်နည်းအားဖြင့် ခရစ်တော်ပေါ်ချိန် နောက်ပိုင်းမှ စ၍ စစ္စလီကျွန်းသို့ ပြင်ပမှ လူမျိုးပေါင်းစုံ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ပြီး ရက်စက်ကြမ်းကြုတ်စွာ ခြယ်လှယ်အုပ်စိုးခဲ့ပုံများကို ပြန်လည်မြင်ယောင်ဖွယ်ရာ ရှုခင်းများ ဖြစ်နေပေသည် ။

မိုက်ကယ်လ်သည် မော်တော်ကားကြီးအနီးတွင် ရပ်စောင့်နေသော လူသုံးဦးရှိရာသို့ ဆက်လျှောက်သွားလေသည် ။ တဖြည်းဖြည်း နီးကပ်သွားချိန်တွင် ထိုလူသုံးဦးအား ထင်ရှားစွာ မြင်ရလေသည် ။

ထိုလူသုံးဦးစလုံးက မိုက်ကယ်လ်၏ ကိုယ်ရေးရာဇဝင်ကို ကောင်းစွာ သိနေကြပြီး ဖြစ်သည် ။ မိုက်ကယ်လ်သည် အမေရိကန်နိုင်ငံမှ ဂေါ့ဒ်ဖားသား ဘွဲ့ခံ ဒွန် ကော်လီယွန်၏ သားအငယ်ဆုံးဖြစ်ကြောင်း၊ ဖခင် ဒွန် ကော်လီယွန်သည် ဩဇာအာဏာ အလွန်ကြီးမားလျက် အမေရိကန်နိုင်ငံတွင် သာမက စစ္စလီကျွန်းသို့ တိုင်အောင် ဩဇာလွှမ်းမိုး ပျံ့နှံ့လျက်ရှိကြောင်း၊ နယူးယောက်မြို့တွင် မိုက်ကယ်လ်မှာ ဖခင်ကြီး၏ ရန်သူအား သုတ်သင်ကွပ်မျက်ရင်း ထိပ်တန်းရဲအရာရှိကြီး တစ်ဦးကိုပါ သတ်ဖြတ်ခဲ့ကြောင်း၊ ယင်းသတ်ဖြတ်မှုများကြောင့် စစ္စလီကျွန်းသို့ လာရောက်တိမ်းရှောင်နေခြင်း ဖြစ်ကြောင်း၊ ယခုတော့ အမေရိကန်နိုင်ငံ၌ ထိုကိစ္စများ ပြေလည်အောင် အစီအစဉ်များ ပြုလုပ်ပြီးသဖြင့် မိုက်ကယ်လ်သည် ကော်လီယွန် မိသားစု၏ အကြီးအကဲလောင်းအဖြစ် အမွေ ဆက်ခံရန် အမေရိကန်သို့ ပြန်တော့မည် ဖြစ်ကြောင်း စသည် ဖြင့် အသေးစိတ် အချက်အလက်များကို ထိုသူသုံးဦးစလုံးက သိနေကြသည် ။

သူတို့ သည် မိုက်ကယ်လ်အား အကဲခတ် ကြည့်နေကြသည် ။ မျက်နှာထား၊ အင်္ဂါရုပ်နှင့် လှုပ်ရှားသွားလာပုံများက အရ ... လူတကာ လေးစားပြီး ခေါင်းဆောင်ဖြစ်ထိုက်သူတစ်ဦး အသွင်မျိုး ရှိကြောင်းကို လည်း သတိပြုမိလေသည် ။

လူသုံးဦးအနက် မိုက်ကယ်လ်အား ရှေးဦးစွာ စတင်နှုတ်ဆက်သူ ကား ခရစ်ယာန်သာသနာ၀န်ထမ်း ခရစ်ယာန်ဘုန်းကြီးတစ်ဦး ဖြစ်လေ သည် ။ ခရစ်ယာန် ဗရင်ဂျီ (ကတ်သလစ်) ဘာသာ ဘုန်းကြီး၀တ်စုံ ၀တ် ထားသော်လည်း ခန္ဓာကိုယ်က တုတ်ခိုင် ၀ဖိုင့်နေကြောင်း သိသာထင်ရှားနေသည် ။ သူ၏ အမည်ကား ဖသာ 'ဘင်ဂျီမင်' ဖြစ်လေ သည် ။

သူသည် မာဖီးယားခေါင်းဆောင် ဒွန်ခရိုစီနှင့် ညီအစ်ကိုတော်သူ ဖြ စ်သည် ။ သူက သာသာနာ၀န်ထမ်း လုပ်နေလင့်ကစား သူ၏ အစ်ကို ဒွ န်ခရိုစီအနေဖြင့် ဒုစရိုက်လုပ်ငန်းများ လုပ်နေသည် ကို ဘာမှ မပြောသ ည် သာမက အစ်ကိုဖြစ်သူအပေါ် အလွန်သံယောဇဉ်ကြီးမားသူလည်း ဖြ စ်သည် ။

(ကက်သလစ်ခေါ် ဗရင်ဂျီ ဘာသာ၀င်တို့ ၏ ထုံးစံဓလေ့တစ်ခုမှာ အ ပြစ်တစ်စုံတစ်ရာ ပြုလုပ်မိသူတို့ အနေဖြင့် ဘုရားရှိခိုးကျောင်းသို့ သွားပြီး 'ဖာသာ' ခေါ် ဘုန်းကြီးနှင့် နှစ်ယောက်ချင်း တွေ့ဆုံလျက် မိမိ ကျူးလွန်ခဲ့သော အပြစ်များကို ဖွင့်ဟ၀န်ခံကြရသည် ။ ဖာသာ ဘင်ဂျီမ င်သည် မိမိထံသို့ လာရောက်၍ အပြစ်၀န်ခံ ပြောပြသူများ ၏ ၀န်ခံချက် (ကွန်ဖက်ရှင်း) များကို သူ့အစ်ကို ဒွန်ခရိုစီထံ လျှို့၀ှက်သတင်းပေးလေ့ ရှိသည် ဟု ပင် အချို့က စွပ်စွဲပြောဆိုကြသည် )

ဖာသာ ဘင်ဂျီမင်သည် မိုက်ကယ်က ပြုံးရွှင်စွာဖြင့် ပြန်လည်နှုတ်

ဆက်မှုအပေါ်ကို သဘောကျသွားမိသည် ။ အမေရိကန်နိုင်ငံ၌ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သူ လူသတ်သမားတစ်ဦးဖြစ်သူ မိုက်ကယ်လ်၏ ဟန်အမူအရာမှာ အထူးရည်မွန် ယဉ်ကျေးနေသည် ကို သဘောကျမိခြင်း ဖြစ်သည် ။

ဒုတိယမြောက်လူကမူ ဖာသာ ဘင်ဂျီမင်ကဲ့သို့ ဖော်ဖော်ရွေရွေ မရှိချေ။ ထိုလူမှာ စစ္စလီကျွန်း လုံခြုံရေးရဲတပ်ဖွဲ့ အကြီးအကဲ အင်စပက်တော် (ရဲမှူး) 'ဗီလာဒီ' ဆိုသူပင် ဖြစ်သည် ။ သူ၏ မျက်နှာအမူအရာက မိုက်ကယ်လ်အား ခရီးဦးကြို မပြုချင်သယောင် မျက်နှာထား ခပ်တည်တည်နှင့် မပြုံးမရယ်ဘဲ ဖြစ်နေသည် ။ လူပုံသဏ္ဌာန်မှာ ပိန်ပိန်ပါးပါးသာ ဖြစ်သည် ။

သို့သော် ဝတ်ထားသော အဝတ်အစားများက အဖိုးတန်ရုံမက အလွန်စျေးကြီးသော အပ်ချုပ်ဆိုင်တွင် ချုပ်ထားမှန်း သိသာနေရာ အစိုးရဝန်ထမ်းတစ်ဦးအနေဖြင့် ရရှိသည့် လစာနှင့် ဆိုလျှင် ဤကဲ့သို့ အဝတ်အစားမျိုး ချုပ်ဝတ်နိုင်မည် မဟုတ်ချေ။ ထို့ကြောင့် ရဲမှူး ဗီလာဒီသည် ဝန်ထမ်းလစာအပြင် အခြားဝင်ငွေ ရှိနေကြောင်း ထင်ရှားနေပေသည် ။ မျက်နှာပုံသဏ္ဌာန်မှာ ရှေးတစ်ခေတ်က စစ္စလီကျွန်းသို့ လာရောက်တိုက်ခိုက်အုပ်စိုးခဲ့သော နော်မန်လူမျိုးအနွယ်မှ ဆင်းသက်လာသည့် အင်္ဂါရုပ်မျိုး ဖြစ်နေသည် ။

ဗီလာဒီအနေဖြင့် အမေရိကန်တွင် ရဲအရာရှိအား သုတ်သင်ကွပ်မျက်ခဲ့သူ မိုက်ကယ်လ်အား ဝတ်ကျေတမ်းကျေ လက်ဆွဲနှုတ်ဆက်သော်လည်း လက်ဆွဲပုံက စီးချင်းထိုးခါနီး သူရဲကောင်းနှစ်ဦး ဓားဖျားချင်း ခေတ္တထိလိုက်သည့် ပုံမျိုးသာ ဖြစ်သည် ။

တတိယမြောက်လူသည် အရပ်မြင့်မြင့် ဗလကောင်းကောင်း လူတစ်

ယောက်ဖြစ်ပြီး ကျန်လူနှစ်ဦးထက် ပို၍ ထွားကျိုင်းတုတ်ခိုင်လေသည် ။ သူသည် စစ္စလီကျွန်းသားတို့ ထုံးတမ်းစဉ်လာအတိုင်း မိုက်ကယ်လအား ဖက်လဲတကင်း နှုတ်ဆက်လေသည် ။

"ဟဲလို ညီတော်မောင် မိုက်ကယ်လ်၊ ပါလာမိုမြို့ကို လာရောက်တာကို လှိုက်လှဲစွာ ကြိုဆိုပါတယ်။ ကျုပ်က 'အန်ဒိုလီနီ' ဖြစ်ပါတယ်။ မောင်ရင်ရဲ့ ညီအစ်ကို ဝမ်းကွဲ ဆိုပါတော့။ မောင်ရင်ရဲ့ ဖခင်ကြီးနဲ့ ကျုပ်တို့က ကော်လီယွန်ကျေးရွာမှာ အတူတူနေခဲ့ဖူးတယ်။ ကျုပ်ကိုယ်တိုင် မောင်ရင် ကလေးအရွယ်က အမေရိကန်ပြည်မှာ တွေ့ဖူးတယ်၊ မှတ်မိတယ် မဟုတ်လား"

ယင်းသို့ သွက်လက်စွာ နှုတ်ဆက်လိုက်မှ မိုက်ကယ်လ်သည် မှတ်မိသလို ရှိ လာလေသည် ။ အန်ဒိုလီနီ၏ အင်္ဂါရုပ်တွင် ထူးခြားချက် ရှိနေပုံကား စစ္စလီကျွန်းသားများ တွင် အလွန်ရှားပါးသော ဆံပင်အနီရောင် ရှိနေခြင်းပင် ဖြစ်သည် ။ မျက်နှာအနေအထားကလည်း တစ်ခါမြင်ဖူးလျှင် မေ့နိုင်ဖွယ်ရာ မရှိချေ။ နှုတ်ခမ်းထူထူ၊ နှာခေါင်းပွပွနှင့် ရက်စက်ကြမ်းကြုတ်သည့် အသွင် ဆောင်နေသည် ။ ယခု မိုက်ကယ်လ်အား နှုတ်ဆက်နေချိန် ဟန်အမူအရာတို့ မှာ လည်း ရက်စက်ကြမ်းကြုတ်သော လူသတ်သမားတစ်ယောက်ဟု လို့ သာ ထင်ရပေသည် ။

မိုက်ကယ်လ်သည် မိမိအား လာကြိုသူများ တွင် ဗရင်ဂျီ ဘုန်းကြီးဖာသာ ဘင်ဂျီမင် ပါဝင်ခြင်းကို နားလည်မိသော်လည်း ရဲမှူး ဗီလာဒီဆိုသူ ဘာကြောင့် လိုက်ပါလာသည် ကိုမူ စဉ်းစား၍ မရချေ။ မိမိနှင့် ဆွေမျိုးတော်စပ်ပါသည် ဟု ရှင်းလင်းပြောပြသော်လည်း မိုက်ကယ်လ်၏ စိတ်ထဲတွင် ရဲမှူး ဗီလာဒီ ကို မယုံသင်္ကာသာ ဖြစ်နေမိသည် ။

နောက်တစ်ချက် မိုက်ကယ်လ် သတိပြုမိသည် ကား ရဲမှူး ဗီလာဒီနှ

င့် အန်ဒိုလီနီတို့ သည် တစ်ယောက်ကိုတစ်ယောက် မုန်းတီးနေသယောင် ခင်မင်မှု လုံးဝ မရှိသလို ဟန်မျိုး ရှိနေခြင်းပင် ဖြစ်သည်။ မလွှဲသာ၍ ယခု အတူလာရောက်ခြင်း ဖြစ်သော်လည်း တစ်ယောက်ကို တစ်ယောက် မျက်မုန်းကျိုးနေကြသည် မှာ သိသာထင်ရှားနေသည်။

ထိုအချိန်၌ အနက်ရောင် မော်တော်ကားကြီးကို မောင်းသူ ဒရိုင်ဘာက ကား၏ တံခါးကို ဖွင့်ပေးသဖြင့် ဖာသာ ဘင်ဂျီမင်နှင့် အန်ဒိုလီနီတို့က မိုက်ကယ်လ်အား ကား၏ နောက်ထိုင်ခုံတွင် ဝင်ထိုင်စေလေသည်။

ပါလာမိုမြို့၏ လှပသော ရှုခင်းများကို ကောင်းစွာ ကြည့်နိုင်ရန်အတွက် မိုက်ကယ်လ်ကို ဘေးဘက်တွင် ထိုင်ပါဟု ပြောကာ ဖာသာ ဘင်ဂျီမင်သည် အလယ်တွင် ဝင်ထိုင်လျက် အန်ဒိုလီနီက တစ်ဘက်ဘေးမှ ဝင်ထိုင်လိုက်သည် ။ ထိုအချိန်၌ ရဲမှူး ဗီလာဒီသည် ယာဉ်မောင်းသူ၏ ဘေးဘက်ရှိ ရှေ့ထိုင်ခုံတွင် တက်ထိုင်လိုက်ပြီ ဖြစ်သည်။

မိုက်ကယ်လ်က အကဲခတ်ကြည့်နေရာ ရဲမှူးသည် လက်တစ်ဖက်ဖြင့် တံခါးလက်ကိုင်ကို အသင့်ကိုင်ထားကြောင်း သတိပြုမိလေသည်။ အရေးရှိလျှင် တံခါးကို လျင်မြန်စွာ ဖွင့်၍ ထွက်ရန် အသင့်ပြင်ထားသလို ဖြစ်နေသည်။ ယခု မိမိတို့ သွားရမည့် လမ်းတွင် အန္တရာယ်ရှိနေ၍ ဖာသာ ဘင်ဂျီမင်သည် အပြင်ဘက်မှ ပစ်ခတ်ပါက ရတ်တရက် မထိမှန်အောင် အလယ်တွင် ဝင်ထိုင်လိုက်ခြင်းပေလော ဟု လည်း မိုက်ကယ်လ်က တွေးမိလေသည်။

ယာဉ်မောင်းသူက စတင်မောင်းထွက်လိုက်ရာ မော်တော်ကားကြီးသည် ပါလာမိုမြို့တွင်းရှိ လမ်းများကို လျင်မြန်စွာ ဖြတ်သန်းသွားလေသည်။ ဘေးဝဲယာနှစ်ဖက်၌ လူနေအိမ်ခြေများ၊ စပိန်လူမျိုးတို့ လက်ရာဘုရားရှိခိုးကျောင်းများ၊ ရှေးခေတ် ဗိသုကာလက်ရာမှန်း သိသာသော

အဆောက်အအုံများ မြင်ရလေသည် ။ ထို့ပြင် လမ်းထောင့်များ ၌ ‘ကာရာဘီနာရီ’ ခေါ် အီတလီ ရဲတပ်ဖွဲ့ဝင်များ ၊ ရိုင်ဖယ်သေနတ်များ ကိုယ်စီကိုင်လျက် အုပ်စုဖွဲ့ပြီး ကင်းလှည့်နေကြသည် ကိုလည်း မြင်ရလေသည် ။

အနက်ရောင် မော်တော်ကားကြီးသည် လမ်းများ ပေါ်ရှိ အခြားယာဉ်များ နှင့် နှိုင်းစာသော် အလွန်ကြီးမားသော ဧရာမယာဉ်ကြီးတစ်ခု ဖြစ်နေသည် ။ အခြားယာဉ်များ ဆိုရာ၌ အများ ဆုံးက တောင်သူလယ်သမားများ ၏ ဝန်တင် ‘လား’ ဆဲသော လှည်းများ ဖြစ်သည် ။ ယင်း လားလှည်းများ သည် ဆင်ခြေဖုံး ကျေးလက်ဒေသမှ ထွက်သည့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ ၊ သစ်သီးများကို တင်ဆောင်ကာ မြို့တွင်းသို့ သယ်ယူလာကြခြင်း ဖြစ်လေသည် ။

မိုက်ကယ်လ်သည် မိမိအား လာကြိုသူများ တွင် ရဲမှူး ဗီလာဒီ လိုက်ပါလာခြင်းအတွက် ဘဝင်မကျ ဖြစ်မိသည့် အချက်တစ်ချက်မှာ ဗီလာဒီက မိမိ ကူညီခေါ်ထုတ်သွားရမည့် တောပုန်း ‘ဂီလီယာနို’ အား သဲသဲမဲမဲ လိုက်ဖမ်းရန် ကြိုးစားနေသူအဖြစ် သိထားသောကြောင့် ပင် ဖြစ်သည် ။

ဟင်းသီးဟင်းရွက် တင်လာသည့် လှည်းအချို့တွင် ရှေးဟောင်းစစ္စလီကျွန်းသား သူရဲကောင်းများ ၏ ရုပ်ပုံများ နှင့် နာမည်စာတန်းများ ရေးဆွဲထားသည် ကို မိုက်ကယ်လ်က သတိပြုမိသည် ။ ထို့ပြင် အချို့ လှည်းများ ၏ ဘေးဘက်၌ ခန့်ညား ချောမွေ့သော လူငယ်တစ်ဦး၏ ရုပ်ပုံကို ရေးဆွဲထားသည် ။ လူငယ်၏ ခါးတွင် ခြောက်လုံးပြူးသေနတ်များ ချိတ်ဆွဲထားသည့် ပြင် ပခုံးတွင် လည်း ရိုင်ဖယ်သေနတ် လွယ်ထားသေးသည် ။ ရုပ်ပုံ၏ အောက်တွင် ဂီလီယာနိုဟူသော အမည်ကို စာလုံးကြီးများ ဖြင့် ရေးထားလေသည် ။

မိုက်ကယ်လ်အနေဖြင့် စစ္စလီကျွန်းတွင် လာရောက်နေထိုင်သည့် ကာလအတွင်း ဂီလီယာနို ဆိုသူအကြောင်း မကြာခဏ ဆိုသလို ကြား နေခဲ့ရသည် ။ သတင်းစာများ တွင် ဂီလီယာနို၏ အမည်ကို အမြဲလိုလို ဖော်ပြတတ်သလို လူတကာကလည်း ထိုလူ၏ အကြောင်းကို နေ့စဉ်နှင့် အမျှ ပြောနေတတ်ကြသည် ။

စစ္စလီကျွန်းသူ ကျွန်းသားများ အားလုံးလိုလို ကလေးသူငယ်များ ပါ မကျန် 'ဂီလီယာနို ကျန်းမာချမ်းသာပါစေ၊ ဘေးရန်ကင်းရှင်းပါစေ' ဟု နေ့စဉ်နေ့တိုင်း ဆုတောင်းမေတ္တာ ပို့လေ့ရှိကြသည် ။ အဘယ့်ကြောင့် ဆိုသော် စစ္စလီကျွန်းသားအများ စုက ဂီလီယာနိုအား အလွန်ချစ်ခင်ကြ ည်ညို မြတ်နိုးကြသောကြောင့် ပင် ဖြစ်သည် ။

ဂီလီယာနိုသည် အသက်နှစ်ဆယ်ကျော်အရွယ် လူငယ်တစ်ယောက် သာ ဖြစ်သော်လည်း သူ့အား တိုက်ခိုက်သုတ်သင်ရန် လွှတ်လိုက်သော ရဲတပ်ဖွဲ့နှင့် စစ်တပ်များကို အမြဲပင် ပြန်လည်တွန်းလှန် တိုက်ခိုက်နိုင်စွ မ်းရှိသဖြင့် ဂီလီယာနို ကို စစ်မှုရေးရာ အထူးကျွမ်းကျင်သော စစ်သူကြီး ကောင်းအဖြစ် အများက ချီးကျူးပြောဆိုလေ့ ရှိသည် ။ အင်္ဂါရုပ်အားဖြင့် ခန့်ညားချောမွေ့သလောက် ဂီလီယာနိုသည် စိတ်သဘောထား အလွန် ကောင်းသူလည်း ဖြစ်သည် ။ သူ တိုက်ခိုက်ရရှိသော ငွေနှင့် ပစ္စည်းများ ကို ဆင်းရဲနွမ်းပါးသူများအား ရက်ရောစွာ ပေးကမ်းစွန့်ကြဲလေ့ ရှိသည် ။ သူကိုယ်တိုင် ကိုယ်ကျင့်တရားကောင်းသကဲ့သို့ သူ၏ တပည့် တောပုန်းအဖွဲ့ဝင်များအား စည်းကမ်းတင်းကျပ်စွာဖြင့် ကွပ်ကဲအုပ်ချုပ် လေ့ ရှိသည် ။ အထူးသဖြင့် အမျိုးသမီးများအား စော်ကားခြင်းကဲ့သို့ အပြုအမူများကို တင်းကျပ်စွာ ပိတ်ပင်တားမြစ်လေသည် ။

တစ်ခါတစ်ရံ ဂီလီယာနိုသည် သူ့အား သစ္စာဖောက်သူ သို့မဟုတ် ရဲ

တပ်ဖွဲ့အား သွားရောက် သတင်းပေးသူများကို ဖမ်းဆီးရမိလျှင် သေဒဏ်ပေးသည့် အနေဖြင့် သုတ်သင်ကွပ်မျက်လေ့ ရှိသော်လည်း သစ္စာဖောက်သူအား မသတ်မီ ဘုရားရှိခိုး ဆုမွန်တောင်းရန် အချိန်ပေးပြီးမှ ကွပ်မျက်လေ့ရှိသည် ။

အထက်ပါ အချက်အလက်များကို မိုက်ကယ်လ်က သိထားပြီး ဖြစ်သည် ။ သူတို့ ၏ မော်တော်ကားကြီးသည် လမ်းတစ်လမ်းသို့ ချိုးကွေ့ဝင်လိုက်စဉ် လမ်းဘေးရှိ အိမ်တစ်အိမ်၏ နံရံတွင် ပိုစတာကြီးတစ်ခု ချိတ်ဆွဲထားသည် ကို မြင်ရလေသည် ။ ပိုစတာ၏ ထိပ်တွင် 'ဂီလီယာနို' ဟူသော စာလုံးကြီး ရေးထားသည် ကိုလည်း မိုက်ကယ်လ် သတိပြုမိသည် ။

ဤတွင် ဖာသာ ဘင်ဂျီမင်က မိုက်ကယ်လ်အား ထိုပိုစတာကြီးအကြောင်း ရှင်းလင်းပြောပြလေသည် ။

"အဲဒီ ပိုစတာကြီးက ဂီလီယာနိုရဲ့ ကြေညာချက်တစ်ခုပဲ၊ ဘာပဲပြောပြော ဒီ ပါလာမိုမြို့မှာ ညအချိန်ဆိုလျှင် ဂီလီယာနိုကသာ ကြီးကြပ်အုပ်စိုးနေတယ်လို့ ဆိုရမယ်"

"ဟုတ်ကဲ့၊ အဲဒီ ပိုစတာမှာ က ဘယ်လိုများ ကြေညာထားပါသလဲ"

ဟု မိုက်ကယ်က ပြန်မေးလိုက်သည် ။

"သူက ပါလာမိုမြို့သူမြို့သားတွေကို ဘတ်စ်ကားတွေ ပြန်စီးခွင့်ပြုရန် ကြေညာချက် ဖြစ်တယ်"

"ဟင်း... တောပုန်း (သူပုန်) တစ်ယောက်က လူတွေကို ခွင့်ပြုတယ်လား"

မိုက်ကယ်က ပြန်မေးလိုက်လျှင် ကား၏ တစ်ဘက်မှ 'အန်ဒိုလီနီ' ဆို

သူက ရယ်မောလိုက်သည် ။

"ဒီလိုဗျ… တစ်ချိန်က ဘတ်စ်ကားတွေကို စစ်ပုလိပ်တပ်ဖွဲ့ဝင် (ကာရာဘီနာရီ) တွေက တက်စီးလေ့ရှိသလို ဂီလီယာနိုကလည်း ဘတ်စ်ကားတွေကို ဗုံးနဲ့ ဖောက်ခွဲဖျက်စီးလေ့ ရှိတယ်။ ဒါပေမဲ့ သူက မြို့သူမြို့သားတွေကို ဘတ်စ်ကားမစီးဖို့ ကြိုတင် သတိပေးပြီးမှ ဖောက်ခွဲပါတယ်။ အခုလည်း ဂီလီယာနိုက နောင်ကို ဘတ်စ်ကားတွေ မဖောက်ခွဲတော့ပါဘူးလို့ ကြေညာလိုက်တာပဲ"

"နေပါဦးဗျ၊ ဂီလီယာနိုက ရဲတပ်ဖွဲ့ဝင်တွေ စီးတဲ့ ဘတ်စ်ကားတွေကို ဘာကြောင့် ဖောက်ခွဲ ဖျက်ဆီးပစ်ရတာလဲ"

မိုက်ကယ်က ဤသို့ မေးလိုက်သည် ကို ရဲမှူး ဗီလာဒီ က ဝင်၍ ဖြေလေသည် ။

"ဘာကြောင့် လဲဆိုတော့ ရောမမြို့ပျက်က အီတလီအစိုးရဟာ ဂီလီယာနိုရဲ့ အဖေနဲ့ အမေကို ဖမ်းဆီးလိုက်လို့ ပဲ၊ အဲဒါကလည်း ဖက်ဆစ်အစိုးရလက်ထက်က ရှိခဲ့တဲ့ အက်ဥပဒေတစ်ခုကြောင့် ဖြစ်တယ်၊ သားသမီးက အစိုးရကို တော်လှန်ပုန်ကန်လျှင် မိဘနှစ်ပါးကို ဖမ်းချုပ်နိုင်တဲ့ ဥပဒေပဲ၊ ဒီဥပဒေကို အီတလီပြည်ဟာ သမ္မတနိုင်ငံ ဖြစ်လာပေမဲ့ အစိုးရက မဖျက်သိမ်းဘဲ ထားခဲ့တဲ့ အတွက် အခုအထိ တည်ရှိတေယ်"

ဤတွင် ဖာသာ ဘင်ဂျီမင်က ဝင်၍ ...

"ကျုပ်ရဲ့ အစ်ကို ဒွန်ခရိုစီက ဂီလီယာနိုရဲ့ မိခင်၊ ဖခင်တို့ ပြန်လွတ်လာအောင် ကူညီစီစဉ်ပေးခဲ့တယ်၊ ကျုပ်ရဲ့ အစ်ကိုဟာ ရောမမြို့တော်က ဗဟိုအစိုးရအပေါ် တော်တော် စိတ်ဆိုးခဲ့ပါတယ်"

ဟု ဂုဏ်ယူဟန်ဖြင့် ပြောလိုက်သည် ။

ထိုစကားကို မိုက်ကယ်လ်သည် အံ့ဩသွားမိလေသည်။ ဒွန်ခရိုစီက ရောမမြို့မှ ဗဟိုအစိုးရအပေါ် စိတ်ဆိုးသည် ဟု ဆိုရအောင် သူသည် မာဖီးယားဂိုဏ်းခေါင်းဆောင် ဖြစ်ခြင်းက လွဲ၍ တခြား မည်ရွေ့မည်မျှ ဩဇာတိက္ကမ ရှိနေသေးသနည်း။

ထိုအခိုက် မော်တော်ကားသည် နှင်းဆီရောင် ဆေးသုတ်ထားသော အဆောက်အအုံကြီး တစ်ခုရှေ့တွင် ရပ်လိုက်သည်။ အဆောက်အအုံ၏ အဝင်ဝတွင် ကား အမ်ဘာတို့ ဟိုတယ်ဟူသော စာလုံးကြီးများ ရေးသာထားသည်။ တံခါးဝတွင် ခန့်ညားသပ်ရပ်စွာ ယူနီဖောင်း ဝတ်စုံ ဝတ်ထားသူ တံခါးစောင့် နှစ်ဦးက ရပ်စောင့်နေကြသည်။

မိုက်ကယ်လ်သည် ဟိုတယ်ပြင်ဘက်ရှိ လမ်းမကို အကဲခတ်ကြည့်လိုက်ရာ ဘော်ဒီဂတ် (ခေါ်) လက်နက်ကိုင် အစောင့်အနည်းဆုံး ဆယ်ဦးခန့် ရှိနေသည် ကို သတိပြုမိလေသည်။ ထိုလူများကလည်း မိမိ၏ တာဝန်ကို လျှို့ဝှက်ဖုံးကွယ်လိုဟန် မတူချေ။ သူတို့ ၏ ကုတ်အင်္ကျီအတွင်း၌ သေနတ်လက်နက်များ ပါရှိကြောင်းကို လူတကာ သိစေလိုဟန်ဖြင့် ကုတ်အင်္ကျီကြယ်သီးများ မတပ်ဘဲ တမင်တကာ ဟပြထားကြလေသည်။

ကားပေါ်မှ ဆင်းကြစဉ် လက်နက်ကိုင် ဘော်ဒီဂတ်နှစ်ဦးက မိုက်ကယ်လ်ကို သေချာစွာ စေ့စပ်စွာ အကဲခတ် ကြည့်လိုက်ကြသေးသည်။ သူတို့ သည် ရဲမှူး ဗီလာဒီနှင့် ကျန်လူနှစ်ဦးကိုတော့ လုံးဝ ဂရုစိုက်ပုံ မရချေ။

ဟိုတယ်တွင်းသို့ ဝင်လိုက်ကြသည် နှင့် လက်နက်ကိုင် အစောင့်များက ဟိုတယ်တံခါးဝတွင် ပိတ်ဆို့ရပ်၍ နောက်ထပ် မည်သူမှ မဝင်နိုင်အောင် စောင့်ကြည့်နေလိုက်ကြသည်။

ဟိုတယ်ဧည့်ခန်းတွင်းသို့ ဝင်မိလျှင် မိုက်ကယ်လ်တို့ လူစုအား အသ

င့်ရှိနေသော လက်နက်ကိုင် အစောင့်လေးဦးက စကြံတစ်ခု ရှိရာသို့ ခေါ်သွားလေသည်။

စကြံ၏ အဆုံးတွင် ကား ဧရာမ သစ်သားတံခါးကြီးတစ်ခုရှိပြီး တံခါးဝတွင် လူတစ်ယောက် အသင့်စောင့်နေလေသည်။ ထိုလူသည် ချက်ချင်းပင် တံခါးကြီးကို သော့တစ်ချောင်းဖြင့် ဖွင့်ပေးပြီး ဧည့်သည် အဖွဲ့အား ဦးညွှတ်အလေးပြုလိုက်သည်။ ထိုလူကပင် ဖာသာ ဘင်ဂျီမင်အား လှမ်းကြည့်၍ အဓိပ္ပာယ် ပါပါ ပြုံးလိုက်သည် ကိုလည်း မိုက်ကယ်လ်က သတိပြုမိလိုက်သည်။

တံခါးကြီးမှ အတွင်းဘက်သို့ ဝင်လိုက်သောအခါ အလွန်ထည်ဝါခန့်ညားလှသော အခန်းကြီးတစ်ခန်းသို့ ရောက်သွားလေသည်။ ပရိဘောဂ ပစ္စည်း အသုံးအဆောင်များကလည်း သားနားကောင်းမွန်လှပေသည်။ ထိုအခန်းတွင်း၌ လည်း လက်နက်ကိုင် ဘော်ဒီဂတ်နှစ်ဦး အသင့်ရှိနေသည် ကို မြင်ရလျှင် အံ့ဩသွားမိသည်။ ယခု ဤနေရာသို့ မိမိတို့ လာရောက်ခြင်းမှာ ဒွန်ခရိုစီ ဆိုသူနှင့် တွေ့ဆုံရန် လာခဲ့ခြင်းဖြစ်ရာ ဘာကြောင့် ဤမျှ များ ပြားလှသော လက်နက်ကိုင်အစောင့်တွေ စောင့်ကြပ်နေရလေသနည်းဟု အံ့ဩခြင်းပင် ဖြစ်မိသည်။

တကယ်ဆိုတော့ ဒွန်ခရိုစီသည် တောပုန်းကြီး ဂီလီယာနို၏ မိတ်ဆွေဖြစ်သလို ရောမမြို့ဘက်မှ ဗဟိုအစိုးရအဖွဲ့ဝင်၊ တရားရေးဝန်ကြီးနှင့် လည်း ရင်းနှီးသူသာ ဖြစ်ပေသည်။

ယင်းသို့ ဗဟိုအစိုးရ တရားရေးဌာနဝန်ကြီးနှင့် ရင်းနှီးသော မိတ်ဆွေဖြစ်နေခြင်းကြောင့် ပါလာမိုမြို့ရှိ လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင် ကာရာဘီနာရီတို့ ၏ ရန်ကိုလည်း ကြောက်စရာ မရှိချေ။ သို့ဖြစ်ပါလျက် ဒွန်ခရိုစီသည် ဘာကြောင့် ယခုကဲ့သို့ လက်နက်ကိုင် အစောင့်တွေ အမြောက်

အမြား ထားရှိခြင်း ဖြစ်လေသနည်း။ ဒွန်ခရိုစီအနေဖြင့် တစ်စုံတစ်ယောက်၏ ရန်ကို ကြောက်နေသည် ဆိုလျှင် ထိုရန်သူက မည်သူ ဖြစ်လေသနည်း။

ဤသို့ မိုက်ကယ်လ်က စဉ်းစားနေမိစဉ်မှာ ပင် ထိုအခန်းနှင့် ကပ်လျက်ရှိသော အပြင်ဘက် ပန်းခြံထဲမှ ဒွန်ခရိုစီ ဆိုသူ ဝင် လာလေသည် ။

အရပ်မြင့်သလောက် ခန္ဓာကိုယ် ထွားကျိုင်းဝဖိုင့်သူ ဒွန်ခရိုစီသည် မိုက်ကယ်လ်အား ဖက်လဲတကင်း နှုတ်ဆက်ရန် လက်နှစ်ဖက်ကို ဖြန့်၍ ချဉ်းကပ် လာလေသည် ။ နှုတ်ခမ်းမွေး ရေးရေးရှိပြီး မျက်လုံးများက နက်မှောင်ကာ စူးရှတောက်ပြောင်နေသည် ကို မိုက်ကယ်လ်က သတိပြုမိသည် ။

ဒွန်ခရိုစီသည် ဝလွန်သူဖြစ်၍ ခါးတုတ်ကာ ဗိုက်ပူနေပြီး ဘောင်းဘီချောင်ချောင်ပွပွ တစ်ထည်ကို ဝတ်ဆင်ထားသည် ။ ကုတ်အင်္ကျီနှင့် နက်တိုင်လည်စည်းမပါဘဲ ရှပ်အင်္ကျီအဖြူရောင်ကိုသာ ဝတ်ထားလေသည် ။ သူ၏ အင်္ဂါရုပ်နှင့် အနောက်ဘက်တစ်ခြမ်းလုံးကို ကြီးစိုးချယ်လှယ်နေသူ မာဖီးယားခေါင်းဆောင်တစ်ဦးဟု လုံးဝ မထင်ရပေ။ သို့သော်လည်း စစ္စလီကျွန်း၌ သူ၏ ဩဇာသည် ရောမမြို့မှ ဗဟိုအစိုးရထက်ပင် ကြီးမားကျယ်ပြန့်လှပေသည် ။ ထို့ပြင် သူသည် ငွေကြေးဥစ္စာခနေအားတွင်လည်း မြို့စားနယ်စား မြေပိုင်ရှင်များ ထက်ပင် ပို၍ ကြွယ်ဝချမ်းသာလေသည် ။

ဒွန်ခရိုစီသည် မိုက်ကယ်လ်အား ဖက်ယမ်း နှုတ်ဆက်လေသည် ။

"ကျုပ် ငယ်စဉ်က မောင်ရင်ရဲ့ ဖခင်ကြီးနဲ့ ကောင်းကောင်း သိကျွမ်းခဲ့တယ်။ သူ့မှာ မောင်ရင့်လို သားကောင်းတစ်ယောက် ထွန်းကားတာဟာ အလွန်ဝမ်းမြောက်စရာပါပဲ"

ဤသို့ စကား စပြီးနောက် ဒွန်ခရိုစီသည် မိုက်ကယ်လ် ယခုလာခဲ့သည့် လမ်းခရီး၌ သက်သောင့်သက်သာ ရှိ,မရှိ မေးမြန်းရင်း လတ်တလော အလိုရှိသည် များကိုလည်း ဖွင့်ပြောရန် တိုက်တွန်းလေသည် ။ မိုက်ကယ်လ်က ပြုံးလျက် လောလောဆယ် ဆာလောင်မွတ်သိပ်လာသဖြင့် ဝိုက်အရက် အနည်းငယ်နှင့် စားစရာ အသင့်အတင့် စားသောက်လိုကြောင်း ပြောလိုက်သည် ။

ဒွန်ခရိုစီသည် ချက်ချင်းပင် ထိုအခန်း၏ အပြင်ဘက်ပန်းခြံထဲသို့ မိုက်ကယ်လ်အား ခေါ်သွားလေသည် ။ ဤကား စစ္စလီကျွန်းသားတို့ ၏ ဓလေ့တစ်ခုပင် ဖြစ်သည် ။ သူတို့ သည် တတ်နိုင်ပါက စားသောက်ဖွယ်ရာများကို အိမ်တွင်းမှာ မဟုတ်ဘဲ ပန်းခြံ (သို့မဟုတ်) ခြံဝင်းအတွင်းကဲ့သို့ ပြင်ပတစ်နေရာရာတွင် စားသောက်လေ့ ရှိကြသည် ။

ပန်းခြံအတွင်း ရှောက်ချိုပင်တစ်ပင်အောက်တွင် စားပွဲတစ်လုံး အသင့်ရှိနေပြီး သန့်ပြန့်ဖြူဖွေးသော စားပွဲခင်း ခင်းထားကာ ဖန်ခွက်များလည်း အသင့်ချထားပြီး ဖြစ်နေသည် ။ အနီးတွင် ရှိနေသော အစေခံများက ဧည့်သည် များ အတွက် ဝါးကုလားထိုင်များ အသင့်ချပေးလေသည် ။

ဒွန်ခရိုစီသည် အသက်ခြောက်ဆယ်ကျော်နေပြီ ဖြစ်သော်လည်း လူငယ်တစ်ယောက်ကဲ့သို့ ဖျတ်လတ်သွက်လက်စွာဖြင့် ဧည့်သည် များအား နေရာချပေးလေသည် ။ သူကိုယ်တိုင်ပင် မိုက်ကယ်လ်အား သူ၏ လက်ယာဘက်တွင် ထိုင်စေပြီး သူ၏ ညီတော်မောင် ဖာသာ ဘင်ဂျီမင် ကိုတော့ လက်ဝဲဘက်တွင် ထိုင်စေသည် ။ ရဲမှူး ဗီလာဒီနှင့် အန်ဒိုလီနီတို့ ကိုမူ သူနှင့် မျက်နှာချင်းဆိုင်တွင် နေရာချပေးလိုက်သည် ။ သို့သော် ဒွန်ခရိုစီသည် ထိုလူနှစ်ဦးအပေါ် ဂရုစိုက်ပုံတော့ မရချေ။

စစ္စလီကျွန်းသား အားလုံးတို့ သည် အစားအသောက်ကို အားရပါးရ စားသောက်လေ့ရှိသော ဓလေ့ ရှိကြရာ ဒွန်ခရိုစီသည် လည်း အစားအသောက်ကို အမြဲတမ်း အားရပါးရ စားသောက်တတ်လေသည် ။ သူ့အကြောင်း ရယ်စရာ ပြောတတ်ပုံတစ်ခုမှာ သူသည် ရန်သူတစ်ဦးအား သတ်ဖြတ်ရန် ရှိနေလျှင်ပင် ထိုကိစ္စကို ဦးစားမပေးဘဲ အားရပါးရ စားသောက်ရေးကိုသာ ဂရုစိုက်တတ်သည် ဟူ၍ ပင် ဖြစ်သည် ။

ယခုလည်း သူသည် အစေခံများက လာရောက်တည်ခင်းသော စားကောင်း သောက်ဖွယ်များကို အားပါးတရ စားသောက်လေသည် ။ မိုက်ကယ်လ်ကမူ ပတ်ဝန်းကျင် အနေအထားကို လှည့်ပတ်အကဲခတ်ကြည့်နေသည် ။ ပန်းခြံ၏ ပတ်ပတ်လည်တွင် အုတ်နံရံ ခပ်မြင့်မြင့် ကာရံထားလေသည် ။ သူတို့ စားသောက်နေကြသည့် နေရာမှ မလှမ်းမကမ်း ပတ်ပတ်လည်တွင် လက်နက်ကိုင် ဘော်ဒီဂတ် အနည်းဆုံး ဆယ်ယောက်ခန့်သည် နှစ်ယောက်တစ်တွဲစီ စားပွဲငယ်များ ဖြင့် ထိုင်လျက် စောင့်နေကြသည် ကိုလည်း သတိပြုမိသည် ။

ပန်းခြံတစ်ခုလုံးတွင် ရှောက်ချိုသီးပင်များ နှင့် သံလွင်ဆီ ရနံ့များ သင်းပျံ့လျက်ရှိလေသည် ။

ဒွန်ခရိုစီသည် အလွန်ဧည့်ဝတ်ကျေပွန်သော အိမ်ရှင်ကောင်းတစ်ဦးကဲ့သို့ မိုက်ကယ်လ်၏ ပန်းကန်ထဲသို့ ကြက်သားဟင်းနှင့် အာလူးကြော်များကို ဂရုတစိုက် ထည့်ပေးနေသည် ။ ဖန်ခွက်တွင် လည်း ဝိုင်အရက်များ မပြတ်ထည့်ပေးနေသည် ။

ကျန်လူများကိုမူ ဒွန်ခရိုစီက အနီးရှိ စားပွဲထိုး အစေခံများအားဖြင့်သာ စားသောက်ဖွယ်များကို တည်ခင်းဧည့်ခံစေလေသည် ။

မိုက်ကယ်လ်လည်း ဆာလောင်နေသဖြင့် အားရပါးရ တဝစားသော

က်လေသည် ။

စားသောက်ပြီးသွားသောအခါကျမှ ဒွန်ခရိုစီက လုပ်ငန်းအကြောင်း စကားစလေသည် ။

"လက်စသတ်တော့ မောင်ရင်က ကျုပ်တို့ မိတ်ဆွေကြီး ဂီလီယာနို အမေရိကန်ပြည်ကို တိမ်းရှောင်သွားဖို့ အတွက် ကူညီမှာ ကိုး"

"ဟုတ်ပါတယ်၊ ကျွန်တော်က ဒီအတိုင်းပဲ ညွှန်ကြားချက် ရရှိထားပါ တယ်၊ ဒါ့ကြောင့် ဂီလီယာနိုဟာ ဘေးအန္တရာယ်မရှိဘဲ အမေရိကန်ပြည် ကို ရောက်သွားအောင် ကျွန်တော်က အထူးဂရုစိုက် ဆောင်ရွက်ရပါမ ယ်"

မိုက်ကယ်လ်က ပြန်ပြောလိုက်လျှင် ဒွန်ခရိုစီသည် ခေါင်းညိတ်လိုက် သည် ။

"မှန်တယ်။ ဒါကလည်း ကျုပ်နဲ့ မောင်ရင့်ဖခင်ကြီး ဒွန်ကော်လီယွန် တို့ နှစ်ယောက် စီစဉ်ထားတာပါ။ ကျုပ်ရဲ့ တာဝန်ကတော့ ဂီလီယာနိုကို မောင်ရင့်လက် အပ်လိုက်ဖို့ သာ ဖြစ်တယ်၊ သို့သော်လည်း လောကမှာ ဘယ်အရာမဆို ချောမောပြေပြစ်ဖို့ ရာ မလွယ်ကူဘဲ မမျှော်လင့်တဲ့ ကိစ္စ လေးတွေ ဖြစ်လာတတ်တယ် မဟုတ်ပါလား။ အခုဆိုလျှင် ကျုပ်ရဲ့ တာ ဝန်ကို ကျေပွန်အောင် မဆောင်ရွက်နိုင်သလို အခြေအနေမျိုး ဖြစ်နေပြီ။ ဒါဟာလည်း ကျုပ်ရဲ့ အပြစ် မဟုတ်ပါဘူး၊ ကျုပ်က ဘယ်လိုမှ သဘော ထား မပြောင်းပေမဲ့ ဂီလီယာနိုက ကျုပ်တို့ ကို လုံးဝ ယုံကြည်စိတ်ချမှု မ ရှိတော့ဘူး။ သူ့အနေနဲ့ ဘယ်သူကိုမှ လည်း ယုံကြည်ပုံ မရဘူး။ တကယ်ဆိုတော့ ကျုပ်ဟာ သူ့ကို တောက်လျှောက် အကူအညီပေးခဲ့သူ ဖြစ် တယ်။ သူ စပြီး တောခိုသူပုန် လုပ်ချိန်ကစလို့ ကျုပ်က ကူညီအားပေးခဲ့ လို့ ပဲ ဂီလီယာနိုဟာ အသက်နှစ်ဆယ့်ခုနစ်နှစ်သာ ရှိသေးတဲ့ လူငယ်တ

စ်ယောက်ဖြစ်ပေမဲ့ စစ္စလီကျွန်းမှာ ထိပ်တန်းနာမည်ကြီး သူရဲကောင်း တစ်ဦးလို ဖြစ်လာခဲ့တာပဲ။ ဒါပေမဲ့ အခုတော့ သူ ကံကောင်းတဲ့ အချိန် ကုန်သွားပါပြီ။ အီတလီစစ်တပ်က စစ်သည် အင်အား ငါးထောင်တို့ ဟာ ဂီလီယာနိုကို ပိုက်စိပ်တိုက် တောနင်းရှာဖွေနေကြပြီ၊ ခက်ပုံက... အခု အချိန်အထိ ဂီလီယာနိုဟာ ကျုပ်ရဲ့ အကူအညီကို လက်မခံဘဲ ငြင်းပယ် နေတာပဲ ဖြစ်တယ်"

"ဒီလိုဆိုလျှင်တော့ ကျွန်တော်လည်း ဘာမှ မတတ်နိုင်ဘူး။ ကျွန် တော့်ကို ညွှန်ကြားထားတာက အချိန်ခုနစ်ရက်ပဲ စောင့်ရမယ်လို့ ဆိုပါ တယ်။ ခုနစ်ရက် ပြည့်သွားလျှင်တော့ ကျွန်တော်က အမေရိကန်ကို ပြန် ရမှာ ပဲ"

ဤသို့ ပြန်ပြောရင်း မိုက်ကယ်လ်သည် စဉ်းစားနေမိလေသည် ။

သူ၏ ဖခင်ကြီးက ဘာကြောင့် စစ္စလီကျွန်းသား ဂီလီယာနိုအမည်ရှိ တောပုန်းအား အမေရိကန်ပြည်သို့ ထွက်ပြေး တိမ်းရှောင်စေလိုသနည်း ဟု စဉ်းစားနေမိခြင်း ဖြစ်လေသည် ။

မိုက်ကယ်လ်မှာ လည်း အချိန်ကြာမြင့်စွာ စစ္စလီသို့ လာရောက်တိမ်း ရှောင်နေခဲ့ရသဖြင့် အမေရိကန်သို့ အမြန်ဆုံး ပြန်ချင်သည့် ဆန္ဒ ပြင်းပြ လျက် ရှိလေသည် ။ အထူးသဖြင့် မိုက်ကယ်လ်သည် ဖခင်ကြီး၏ ကျန်း မာရေးအခြေအနေအတွက် စိုးရိမ်မကင်း ဖြစ်နေမိသည် ။ သေနတ်ဒဏ် ရာဖြင့် ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသနေခဲ့ရသည် မဟုတ်ပါ လော။

တစ်ဖန် မိုက်ကယ်လ် ထွက် လာပြီးသည့် နောက်ပိုင်းတွင် အစ်ကိုဖြ စ်သည့် ဆန်နီ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရပြန်သည် ။ မိမိတို့ ကော်လီ ယွန်မိသားစုသည် နယူးယောက်မြို့ရှိ မာဖီးယားမိသားစု (ခေါ်)

ဂိုဏ်းကြီးငါးဂိုဏ်းနှင့် ရင်ဆိုင်ကာ အင်အားပြိုင် တိုက်ပွဲ ဆင်နေကြရသည် ။ ယင်းတိုက်ပွဲ၏ အရှိန်က စစ္စလီကျွန်းသို့တိုင်အောင် ဂယက်ရိုက်ပုံ့နှံ့ကာ မိုက်ကယ်လ်၏ ငယ်ရွယ်သူဇနီးကလေးခမျာ အသတ်ခံရသည်အထိ အခြေအနေ ဆိုးခဲ့လေသည် ။

စစ္စလီကျွန်းသို့ ရောက်ရှိလာသော သတင်းများ အရ ဖခင်ကြီး ဒွန်ကော်လီယွန်သည် ဒဏ်ရာများ ပျောက်ကင်းကာ ပြန်လည်ကျန်းမာ လာပြီ ဖြစ်ကြောင်း၊ ဆန့်ကျင်ဘက် ဂိုဏ်းမိသားစု ငါးခုနှင့် လည်း စေ့စပ်၍ ငြိမ်းချမ်းရေး ရရှိနေပြီ ဖြစ်ကြောင်း၊ မိုက်ကယ်လ်အပေါ် တရားဥပဒေအရ အရေးယူရန် ကိစ္စများကိုလည်း လုံးဝ ပြန်လည် ရုပ်သိမ်းသွားနိုင်ရန် ဖခင်ကြီးက စီစဉ်ပြီးပြီ ဖြစ်ကြောင်း စသည် ဖြင့် သိရလင့်ကစား ဖခင်ကြီးက မိမိအား သူ၏ ညာလက်ရုံးအဖြစ် အသုံးပြုရန် စောင့်မျှော်နေကြောင်းကိုတော့ မိုက်ကယ်လ်က ကောင်းစွာ သိနေပေသည် ။ ကျန်မိသားစုများကလည်း မိမိအား ပြန်လည် တွေ့မြင်ချင်ကြပေမည်။ နှမဖြစ်သူ ကော်နီ၊ အစ်ကိုလတ် ဖရက်ဒိုနှင့် မိခင်ကြီးတို့ အပြင် တော်မီဟေဂင်ကလည်း မိမိတို့ အိမ်သားလို ဖြစ်နေ၍ တွေ့မြင်ချင်ပေလိမ့်မည်။ အထူးသဖြင့် မိခင်ကြီးဆိုလျှင် သားကြီး ဆန်နီ အသတ်ခံရခြင်းကြောင့် ယခုအချိန်အထိ ယူကျုံးမရအောင် ဝမ်းနည်းပူဆွေးနေရှာမည် ဖြစ်သည် ။

မိုက်ကယ်လ်အနေဖြင့် ကောင်းစွာ စဉ်းစား၍ မရသည် ကား သူ့အား ဖခင်ကြီးက ချက်ချင်း ပြန်မလာစေဘဲ စစ္စလီကျွန်းသား တောပုန်း ဂီလီယာနိုအား ပါအောင် ခေါ်ဆောင်ခဲ့ရမည်ဟု အဘယ်ကြောင့် တာဝန်ပေးလိုက်လေသနည်း ဟူသော အချက်ပင် ဖြစ်သည် ။ ဂီလီယာနိုနှင့် ပတ်သက်၍ အရေးကြီးသောအကြောင်း တစ်စုံတစ်ရာ ရှိသောကြောင့် ဟု ယူဆရပေသည် ။

ထိုအခိုက် ဒွန်ခရိုစီ က စကားဆက်ပြောလေသည် ။

"ဒါပေမဲ့ စိတ်ရှည်ရှည်ထားဖို့ ကျုပ် ပြောချင်တယ်။ ဟောဒီက မိတ်ဆွေ အန်ဒိုလီနီ ဟာ ကျုပ်နဲ့ ဂီလီယာနို မိသားစုတို့ ဆက်သွယ်ရာမှာ ကြားက ကူညီဆက်သွယ်ပေးနေသူ ဖြစ်သည် ။ ကျုပ်တို့ ထပ်ပြီး ကြိုးစားညှိနှိုင်းကြပါဦးမည်။ နောက်တစ်ခုက မောင်ရင် ဒီက ပြန်သွားလျှင် မွန်တီ လာပါမြို့မှာ ရှိတဲ့ ဂီလီယာနိုရဲ့ မိဘများကို သွားတွေ့ဆုံမယ်။ အဲဒီမြို့ကလည်း မောင်ရင် သွားရမယ့် ထရာပါနီမြို့ကို သွားတဲ့ အသွားလမ်းမှာ ပဲ ရှိနေတာပါ။ မောင်ရင်ရဲ့ အစီအစဉ် အားလုံးကိုလည်း ကျုပ်က သိထားပြီးပါပြီ"

ဒွန်ခရိုစီက ဤသို့ ပြောလိုက်သော်လည်း မိုက်ကယ်လ်၏ စိတ်ထဲတွင် မူ မိမိ၏ ဖခင်ကြီး (ဂေါ့ဒ်ဖားသား) သည် အကြံအစည်ဟူသမျှ၏ အသေးစိတ်ကို မည်သူကိုမျှ အပြည့်အစုံ ပြောပြလေ့ မရှိသဖြင့် ယခုလည်း မိမိတို့ ၏ အစီအစဉ်အားလုံးကို သိနိုင်မည် မဟုတ်ဟု တွေးမိလေသည် ။

"ဂီလီယာနို ကို ချစ်ခင်နေတဲ့ ကျုပ်တို့ အားလုံး သဘောတူကြတာကတော့ ဂီလီယာနိုဟာ ဒီစစ္စလီကျွန်းမှာ ဆက်နေဖို့ မသင့်တော့ဘဲ အမေရိကန်နိုင်ငံမှာ သွားရောက်အခြေစိုက်နေမှ ဖြစ်မယ်ဆိုတဲ့ အချက်ပဲ။ ဒါကို ဟောဒီက ရဲမှူး ဗီလာဒီ ကိုယ်တိုင်ကလည်း သဘောတူတယ်"

ဒွန်ခရိုစီက ဆက်ပြောပြန်ရာ မိုက်ကယ်လ်က ပြုံးလိုက်သည် ။

"အဲဒါကတော့ တော်တော်ဆန်းတယ်လို့ ဆိုရမယ်၊ ရဲမှူး ဗီလာဒီဟာ ဂီလီယာနိုကို ဖမ်းဆီးဖို့ တာဝန်ကျနေတဲ့ လုံခြုံရေးရဲတပ်ဖွဲ့ အကြီးအကဲ မဟုတ်လား"

မိုက်ကယ်လ်၏ စကားအဆုံးတွင် ဒွန်ခရိုစီက ရယ်မောလိုက်သည် ။

"ဒါဟာ စစ္စလီကျွန်းအကြောင်း မောင်ရင် ကောင်းကောင်း နားမလည်သေးလို့ ဖြစ်ပါလိမ့်မယ်။ ဒီကိစ္စက အလွန်ရှင်းပါတယ်။ ရောမမြို့တော်က ဗဟိုအစိုးရအနေနဲ့ လည်း ဂီလီယာနို အမေရိကန်ပြည်ကို သွားနေမှာ ကို သဘောကျတယ်။ သူ့ကို ဒီမှာ ဖမ်းပြီး ရုံးတင်တရားစွဲလျှင်... ဂီလီယာနိုက အစိုးရဆန့်ကျင်တဲ့ စကားတွေနဲ့ ပြန်လှန်စွပ်စွဲပြောဆိုတာမျိုးကို လုပ်မှာ ပါပဲ။ ဒါကို မလိုလားနိုင်ဘူး၊ ဒါက နိုင်ငံရေး ပရိယာယ်တစ်မျိုး ဆိုပါတော့"

ထိုစကားကို ကြားလျှင် မိုက်ကယ်လ်သည် အံ့အားသင့်သွားမိသည် ။ ယခုအတိုင်းဆိုလျှင် သူ၏ မူလအစီအစဉ် မဖြစ်နိုင်တော့သလို အခြေအနေမျိုး ဖြစ်နေပြီဟု တွေးမိလျက်...

"နေပါဦး ခင်ဗျာ၊ ရဲမှူး ဇီလာဒီအနေနဲ့ ဂီလီယာနို ထွက်ပြေးလွတ်မြောက်တာကို ဘာကြောင့် လိုလားရတာလဲ၊ တကယ်ဆိုတော့ ဂီလီယာနို သေသွားရင် ဘာအန္တရာယ်မှ မရှိတော့ဘူး မဟုတ်လား"

ဟု မေးလိုက်သည် ။

ဤတွင် ရဲမှူး ဇီလာဒီက ဝင်ဖြေလေသည် ။

"ကျုပ်သဘောတိုင်းဆိုလျှင်တော့ အဲဒီအတိုင်း မှန်တယ်၊ ဂီလီယာနို သေသွားလျှင် အေးတာပဲ၊ ဒါပေမဲ့ ဟောဒီက ဒွန်ခရိုစီအနေနဲ့ က ဂီလီယာနိုကို သူ့သားရင်းတစ်ယောက်လို ချစ်ခင်နေတယ်လေ"

ထိုအချိန်၌ အန်ဒိုလီနီသည် ရဲမှူး ဇီလာဒီ အား ခပ်တည်တည် စိုက်ကြည့်နေလေသည် ။ ဖာသာ ဘင်ဂျီမင်ကတော့ ခေါင်းငုံ့၍ ယမကာဖန်ခွက်ကို ယူသောက်နေသည် ။

ဒွန်ခရိုစီသည် ရဲမှူး ဗီလာဒီဘက်သို့လှည့်၍ သူ၏ သဘောထားကို ပြောလေသည်။

"အခု ဒီမှာ ရှိနေသူတွေ အားလုံးဟာ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေတွေချည်းပဲ ဖြစ်တယ်၊ ဒါကြောင့် ကျုပ်တို့ က မိုက်ကယ်လ်ကို အမှန်အတိုင်း ဖွင့်ပြောသင့်တယ်၊ ဂီလီယာနိုမှာ အလွန်အရေးပါတဲ့ ဂုက်ဖဲတစ်ချက် ကိုင်ထားသလို အခြေအနေမျိုး ရှိနေပါတယ်။ သူ့မှာ နေ့စဉ်မှတ်တမ်း ဒိုင်ယာရီစာအုပ်မျိုး ရှိတယ်။ အဲဒီ မှတ်တမ်းစာအုပ်ထဲမှာ ရောမမြို့က ဗဟိုအစိုးရရဲ့ အတွင်းရေးအချက်အလက်တွေ ရေးမှတ်ထားတယ်။ အထူးသဖြင့် ဂီလီယာနို တောခိုပြီး သူပုန်စလုပ်ချိန်က ဗဟိုအစိုးရက သူတို့ အကျိုးအတွက် ဂီလီယာနိုကို အကူအညီပေးခဲ့ပုံတွေကို အထောက်အထားတွေနဲ့ တကွ အတိအကျ ဖော်ပြထားတယ်။ တကယ်လို့ အဲဒီဒိုင်ယာရီ မှတ်တမ်းစာအုပ်ထဲက အချက်တွေကို အများ ပြည်သူက သိသွားမယ်ဆိုလျှင် အာဏာလက်ရှိ ခရစ်ယာန် ဒီမိုကရေစီ ပါတီအစိုးရဟာ ပြုတ်ကျသွားနိုင်တယ်။ ဒီတော့ ဆိုရှယ်လစ်တွေ ကွန်မြူနစ်တွေက အီတလီပြည်ကို အုပ်စိုးကြလိမ့်မယ်၊ အဲဒီအခြေအနေမျိုး မရောက်အောင် ကာကွယ်တားဆီးဖို့ လိုအပ်တယ်လို့ ကျုပ် ယူဆတာကို ရဲမှူး ဗီလာဒီကလည်း လက်ခံသဘောတူပါတယ်။ ဒါကြောင့် ဂီလီယာနိုက သူ့ရဲ့ ဒိုင်ယာရီ မှတ်တမ်းစာအုပ်နဲ့ တကွ စစ္စလီကျွန်းက ထွက်ပြေးလွတ်မြောက်သွားအောင် ကျုပ်တို့ က နားလည်မှုနဲ့ ကူညီမှာ ကို ရဲမှူးကလည်း လက်ခံသဘောတူတာပါ"

"အဲဒီ မှတ်တမ်းစာအုပ်ကို ခင်ဗျားကိုယ်တိုင် မြင်ပြီးပြီလား"

မိုက်ကယ်လ်က မေးလိုက်ရာ ဒွန်စရိုစီက...

"စာအုပ်ထဲ ဘာတွေပါတယ်ဆိုတာတော့ သိပါတယ်"

ဟု ပြန်ဖြေလေသည် ။

"ကျုပ် သဘောအတိုင်းသာ ဆုံးဖြတ်ရလျှင် ဂီလီယာနိုကို သတ်ဖြတ်ပစ်လိုက်မှာ ပဲ၊ သူ့ရဲ့ ဒိုင်ယာရီစာအုပ်ကိုလည်း ဂရုမစိုက်ဘူး"

ရဲမှူး ဗီလာဒီက ပြောလိုက်လျှင် အန်ဒိုလီနီသည် ရဲမှူးအား အလွန်စက်ဆုပ်မုန်းတီးဟန်ဖြင့် လှမ်းကြည့်လိုက်သည် ။ မိုက်ကယ်လ်သည် အကဲခတ်ကြည့်နေရင်း အန်ဒိုလီနီသည် လည်း ဒွန်ခရိုစီကဲ့သို့ပင် ကြောက်စရာကောင်းသော လူတစ်ယောက်ပါကလားဟု ကောက်ချက်ချမိလေသည် ။

အန်ဒိုလီနီသည် ရဲမှူး ဗီလာဒီ အား အထင်အမြင်သေးဟန်ဖြင့် လှမ်းကြည့်ရင်း...

"ဂီလီယာနိုအနေနဲ့ ဘယ်တော့မှ လက်နက်ချ အညံ့ခံမှာ မဟုတ်ဘူး ၊ ပြီးတော့ ခင်ဗျားကလည်း သူ့ကို သုတ်သင်ကွပ်မျက်နိုင်လောက်အောင် အစွမ်းရှိတာ မဟုတ်ဘူး ၊ ဒါကြောင့် ခင်ဗျားဟာ ကိုယ့်ဟာကိုယ် အန္တရာယ် မရှိအောင် သတိထားနေဖို့ ပဲ ကောင်းတယ်"

ဟု ပြောလိုက်သည် ။

ဤတွင် ဒွန်ခရိုစီက လက်တစ်ဖက် အသာမြှောက်လိုက်ရာ မည်သူမျှ စကားမပြောတော့ဘဲ ငြိမ်သက်သွားကြသည် ။

သည် တော့မှ ဒွန်ခရိုစီသည် မိုက်ကယ်လ်အား တိုက်ရိုက်ပြောလေသည် ။

"ကျုပ်က မောင်ရင်ရဲ့ ဖခင်ကြီးကို ကတိပေးထားတဲ့ အတိုင်း ဂီလီယာနိုကို မောင်ရင့်လက် လွှဲအပ်ပေးဖို့ ရာ မဖြစ်နိုင်တော့တဲ့ အခြေအနေမျိုး ရှိနေတယ်။ ဒီကိစ္စမှာ မောင်ရင့်ဖခင်ကြီးက ဘာကြောင့် အထူး

စိတ်ဝင်စားနေတာလဲ ဆိုတာတော့ ကျုပ်လည်း မပြောတတ်ဘူး၊ သူ့အနေနဲ့ ခိုင်လုံတဲ့ အကြောင်းရှိလို့ သာ နေမှာ ပဲ၊ ကျုပ်အနေနဲ့ တော့ မတတ်နိုင်ဘူး၊ အစီအစဉ်အရ ဒီနေ့ညနေပိုင်းမှာ မောင်ရင်က ဂီလီယာနို ရဲ့ မိဘများကို သွားတွေ့ဖို့ ရှိတယ်။ သူတို့ သားဖြစ်တဲ့ ဂီလီယာနိုက ကျုပ်ကို ယုံကြည်စိတ်ချဖို့ လိုအပ်ကြောင်း သူတို့ သဘောပေါက်အောင် ပြောပြရမယ်၊ သူတို့ ဇနီးမောင်နှံ အဖမ်းခံနေရတာကို ကျုပ်က လွတ်မြောက်လာအောင် ကူညီခဲ့တယ် ဆိုတာကိုလည်း ထပ်သတိပေးရမယ်၊ ဒါမှ လည်း ကျုပ်တို့ သူတို့ ရဲ့ သားကို ကူညီနိုင်မှာ ဖြစ်တယ်"

မိုက်ကယ်လ်သည် အချိန်ကြာမြင့်စွာ ဘေးအန္တရာယ် အမျိုးမျိုးကြား နေထိုင်ခဲ့ရခြင်း၊ စစ္စလီကျွန်းသို့ လာရောက်၍ တိမ်းရှောင်ပုန်းအောင်း နေရခြင်း အတွေ့အကြုံများကြောင့် တောရိုင်းတိရစ္ဆာန်များကဲ့သို့ ဘေးအန္တရာယ် တစ်စုံတစ်ရာ နီးကပ်လာလျှင် ကြိုတင်၍ အလိုလို သိတတ်နေသည့် အရည်အချင်းတစ်မျိုး ရှိလာခဲ့လေသည် ။

ယခုလည်း သူ၏ စိတ်ထဲမှ ဘေးအန္တရာယ်က နီးကပ်နေပြီဟု ထင်နေမိသည် ။ သူ၏ အနီးရှိ လူလေးဦးစလုံးကိုလည်း ယုံကြည်စိတ်ချရသူများ မဟုတ်ဟု ယူဆမိသည် ။ ရဲမှူး ဗီလာဒီနှင့် လူသတ်သမားနှင့် တူသော အန်ဒိုလီနီ တို့ ကို စိတ်ထဲမှာ လုံးဝ သဘောမကျမိသည့် ပြင် ဖာသာ ဘင်ဂျီမင်ဆိုသူ ဗရင်ဂျီဘုန်းကြီးကိုလည်း မြင်ရရုံနှင့် ကျောချမ်းကာ ကြက်သီးထမိသလို ဖြစ်နေသည် ။ အထူးသဖြင့် မာဖီးယားခေါင်းဆောင် ဒွန်ခရိုစီ ဆိုသူကား အလွန် ကြောက်စရာကောင်းသော လူတစ်ယောက်အဖြစ် အလိုလို သိနေလေသည် ။

ဒွန်ခရိုစီသည် စစ္စလီကျွန်းတွင် ဩဇတိက္ကမ အလွန်ကြီးမားသူတစ်ဦး ဖြစ်ကြောင်းကား ယုံမှားဖွယ် မရှိချေ။ သူနှင့် စကားပြောရာတွင်

အားလုံးက အသံကျယ်ကျယ် မပြောဝံ့ဟန်ဖြင့် ခပ်တိုးတိုးသာ ပြောကြသည် ။ ဒွန်ခရိုစီ၏ မျက်နှာရိပ် မျက်နှာကဲကို အမြဲတစေ သတိထားကြည့်ကာ ကြောက်ရွံ့ရိုသေနေတတ်ကြသည် ။ စားပွဲထိုးနှင့် အစေခံများကလည်း ဒွန်ခရိုစီအား ပျာပျာသလဲ ဂရုစိုက်ကြသည် ။ မလှမ်းမကမ်းရှိ လက်နက်ကိုင် အစောင့်များ သည် လည်း အဘိုးကြီးအတွက် မျက်ခြည်မပြတ် ကြည့်နေကာ လိုအပ်လျှင် ကာကွယ်တိုက်ခိုက်ရန် အသင့်ပြင်ထားဟန်ဖြင့် စောင့်နေကြလေသည် ။

မိုက်ကယ်လ်သည် အထက်ပါ အချက်အလက်များကို စိတ်ထဲမှ သုံးသပ်စဉ်းစားပြီးနောက် သူ့ကိုယ်သူ သတိပေးလျက်...

"ဟုတ်ကဲ့ ဒွန်ခရိုစီ ခင်ဗျား၊ ကျွန်တော်က လူကြီးမင်းရဲ့ အလိုဆန္ဒအတိုင်း လိုက်နာဖို့ အသင့်ရှိပါတယ်"

ဟု အလိမ္မာသုံး၍ ပြောလိုက်သည် ။

ဒွန်ခရိုစီသည် သဘောကျသွားဟန်ဖြင့် ခေါင်းညိတ်လိုက်သည် ။

"အခုအချိန်မှာ ကျုပ်တို့ ဟာ တစ်ယောက်နဲ့ တစ်ယောက် ပွင့်ပွင့်လင်းလင်း စကားပြောကြဖို့ အရေးကြီးဆုံးပဲ၊ ဒါကြောင့် မောင်ရင်က ကျုပ်ကို သားတစ်ယောက်က ဖခင်ကို ပြောသလို ပြောစေချင်တယ်။ ဂီလီလာနိုကို လွတ်မြောက် ကူညီခေါ်ထုတ်သွားဖို့ မောင်ရင်ရဲ့ အစီအစဉ်က ဘယ်လိုရှိသလဲ"

ဒွန်ခရိုစီက မေးလိုက်လျှင် မိုက်ကယ်လ်သည် ချက်ချင်း ပြန်မဖြေဘဲ ရဲမှူး ဗီလာဒီဘက်သို့ ရုတ်တရက် လှမ်းကြည့်လိုက်သည် ။ ကြည့်ပုံကလည်း စစ္စလီကျွန်း လုံခြုံရေးရဲတပ်ဖွဲ့ အကြီးအကဲလို လူ၏ ရှေ့တွင် စကားကို ပွင့်လင်းစွာ မပြောချင်သည့် ဟန်မျိုး ဖြစ်နေရာ ဒွန်ခရိုစီကလည်း ချက်ချင်း အဓိပ္ပာယ်နားလည်ပုံ ရလေသည် ။

"ရဲမှူး ဗီလာဒီက ကျုပ်ရဲ့ အကြံဉာဏ်ပေးတာကို အမြဲလက်ခံလိုက်နာသူ ဖြစ်ပါတယ်။ ဒါကြောင့် မောင်ရင်က ကျုပ်ကို ယုံကြည်စိတ်ချသလို သူ့ကိုလည်း လုံးဝ ယုံကြည်စိတ်ချနိုင်ပါတယ်"

သို့သော်လည်း မိုက်ကယ်လ်သည် ဘာမှ မပြောသေးဘဲ ခေတ္တစဉ်းစားသလို ဆိုင်းနေလိုက်သည် ။ ရဲမှူး ဗီလာဒီ၏ မျက်နှာကို အကဲခတ်ကြည့်လိုက်သောအခါ ဒွန်ခရိုစီ၏ စကားကို သဘောမကျသယောင် ဖြစ်နေသည် ကို တွေ့ရပေသည် ။

ဒွန်ခရိုစီက စကားကို အလိမ္မာသုံး၍ ပြောလိုက်သော်လည်း အဓိပ္ပာယ် က ရှင်းနေပေသည် ။ သူ ပြောပုံအရ ရဲမှူး ဗီလာဒီကို ဒွန်ခရိုစီက အိတ်ထောင်ထဲ ထည့်ထားပြီး ကြိုက်သလို ခိုင်းနိုင်သည့် အခြေအနေရှိကြောင်း ထင်ရှားပေါ်လွင်နေပေသည် ။ အန်ဒိုလီနီကို လှမ်းကြည့်လိုက်သောအခါ ထိုသူကလည်း မျက်မှောင်ကြုတ်နေသည် ကို တွေ့ရလေသည် ။ ဖာသာ ဘင်ဂျီမင်ကမူ မိုက်ကယ်လ်အား မျက်နှာချင်း မဆိုင်လိုဟန်ဖြင့် ခေါင်းငုံ့၍ နေလေသည် ။

မိုက်ကယ်လ်၏ စိတ်ထဲတွင် လည်း ဒွန်ခရိုစီ ပြောသော စကားသည် မဖြစ်နိုင်ဟု တွေးမိလေသည် ။ စစ္စလီကျွန်း လုံခြုံရေးရဲတပ်ဖွဲ့ အကြီးအကဲဖြစ်သူအား မည်သို့လျှင် ယုံကြည်စိတ်ချနိုင်မည်နည်း။ စစ္စလီကျွန်း၏ သမိုင်းတစ်လျှောက်လုံး ယုံကြည်စိတ်ချသူများ ကိုယ်တိုင်က စိတ်မချရဘဲ သစ္စာဖောက်မှုတွေ အမြောက်အမြား ရှိခဲ့သည် ကိုလည်းကောင်း၊ သူကိုယ်တိုင် လက်ထပ်ယူခဲ့ပြီး မကြာမီ အသတ်ခံခဲ့ရသော စစ္စလီကျွန်းသူ ဇနီး၏ ဖြစ်ရပ်ကိုလည်းကောင်း မိုက်ကယ်လ်က စဉ်းစားမိလေသည် ။ ထို့ကြောင့် ဂီလီယာနိုအနေဖြင့် ရဲမှူး ဗီလာဒီအား မည်သို့လျှင် ယုံကြည်စိတ်ချနိုင်ပါမည်နည်း။

ဒွန်ခရိုစီအနေဖြင့် ဘာကြောင့် ရဲမှူးအား ယုံကြည်စိတ်ချရလေသန ည်း။

တစ်ဖန် ဒွန်ခရိုစီ၏ ပတ်ဝန်းကျင်တွင် လက်နက်ကိုင် လုံခြုံရေးအ စောင့်တွေ ဘာကြောင့် အမြောက်အမြား ချထားရလေသနည်း။ ဒွန်ခရို စီသည် စစ္စလီကျွန်းတွင် မာဖီးယား ခေါင်းဆောင်ဖြစ်သည့် အပြင် ရော မမြို့တော်တွင် လည်း အဆက်အသွယ်ကောင်းသူ ဖြစ်သည် ။ သူသည် ဘာကို ကြောက်နေလေသနည်း။

ဂီလီယာနိုကိုသာ ကြောက်ခြင်း ဖြစ်ရပေမည်။

ဤသို့ မိုက်ကယ်လ်က တွေးနေစဉ် ဒွန်ခရိုစီသည် သူ့အား အကဲခတ်ကြည့်နေကြောင်း သတိပြုမိလေသည် ။ ထို့ကြောင့် တကယ်ပ င် ရိုးသားပွင့်လင်းစွာ ပြောသည့် ဟန်ဖြင့် သူ၏ အစီအစဉ်ကို ပြောပြ လေသည် ။

"ကျွန်တော် လုပ်ထားတဲ့ အစီအစဉ်တွေကတော့ ရှင်းရှင်းကလေးပါ ပဲ။ ကျွန်တော်က ထရီပါနီမြို့ကို သွားပြီး ဂီလီယာနို ရောက်လာတဲ့ အထိ စောင့်နေရပါမယ်။ သူ့ကို ခင်ဗျားနဲ့ ခင်ဗျားရဲ့ အဖွဲ့သားတွေက ကျွန် တော့်ဆီ အရောက်လာပို့ရပါမယ်။ အဲဒီကနေပြီး ကျွန်တော်တို့ သင်္ဘော တစ်စင်းနဲ့ အာဖရိကကို သွားကြမယ်၊ အဲဒီလို သွားရာမှာ ကျွန်တော်တို့ အတွက် လိုအပ်တဲ့ ခရီးသွားလက်မှတ် စာရွက်စာတမ်းတွေကတော့ အပြည့်အစုံ ပါရှိရပါမယ်။ အာဖရိကတိုက်မှ တစ်ဆင့် ကျွန်တော်တို့ ဟာ အမေရိကန်ကို လေယာဉ်နဲ့ သွားကြမယ်၊ အမေရိကန်နိုင်ငံကို ဝင် တဲ့ အခါ အလွယ်တကူ ဝင်နိုင်အောင်လည်း စီစဉ်ထားပါတယ်။ အား လုံး ချောမောပြေလည်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ဒါမှ မဟုတ် လူကြီးမင်းကရော... တခြားနည်းလမ်းများ အကြံပေးစရာ ရှိပါသလား"

ဒွန်ခရိုစီသည် ဖန်ခွက်ထဲမှ ဝိုင်အရက်ကို မော့သောက်လိုက်ပြီးမှ မိုက်ကယ်လ်အား လှမ်းကြည့်ရင်း စကားကို ခပ်လေးလေး ပြောလေသည်။

"စစ္စလီကျွန်းရဲ့ အခြေအနေက ဝမ်းနည်းစရာကောင်းတယ်၊ ယုံကြည်စိတ်ချမှု မရှိသလို စည်းကမ်းသေဝပ်မှုလည်း မရှိသလောက်ဘဲ၊ အကြမ်းဖက်မှုတွေ၊ သစ္စာဖောက်မှုတွေကတော့ အလွန်များ တယ်၊ မောင်ရင့်ဘက်ကို ကြည့်ရတာ အခြေအနေကို စိတ်မချသလို ဖြစ်နေပုံရတယ်၊ ဒါကလည်း မောင်ရင့်ဘက်က ကြည့်လျှင် မှန်နေတယ်။ အလားတူပဲ ဂီလီယာနိုက ဘယ်သူ့ကိုမှ ယုံကြည်စိတ်ချမှု မရှိတာလည်း အပြစ်မဆိုသာပါဘူး။ ဒါပေမဲ့ တစ်ခုတော့ ကျုပ်ပြောနိုင်တယ်၊ ဂီလီယာနိုဟာ အခုအချိန်အထိ အသက်ရှင်နေတာ ကျုပ်ရဲ့ ကူညီစောင့်ရှောက်မှုကြောင့်သာ ဖြစ်တယ်။ တကယ်တော့လည်း သူနဲ့ ကျုပ်ဟာ လက်တစ်ဖက်တည်းက လက်ချောင်းနှစ်ချောင်းလိုပဲ၊ အခုတော့ သူက ကျုပ်ကို ရန်သူလို သဘောထားနေတယ်၊ ဒါကို ကျုပ်အနေနဲ့ အထူး ဝမ်းနည်းမိတယ်၊ ကျုပ် အထူးမျှော်လင့်မိတာက တစ်နေ့ကျလျှင် ဂီလီယာနို ဟာ သူ့မိသားစုရှိရာကို ပြန် လာပြီး စစ္စလီကျွန်းရဲ့ အာဇာနည် သူရဲကောင်းအဖြစ် ကြွားဝင့်စွာ ရပ်တည်နိုင်ဖို့ ပါပဲ၊ သူဟာ ခရစ်ယာန် ဘာသာဝင်ကောင်းတစ်ဦး ဖြစ်ပြီး အလွန်သတ္တိကောင်းတဲ့ လူငယ်တစ်ယောက် ဖြစ်တဲ့ အပြင် စိတ်ထားနူးညံ့သိမ်မွေ့ပြီး ကြင်နာသနားတတ်လို့ စစ္စလီကျွန်းသား အားလုံးက သူ့ကို ချစ်မြတ်နိုးကြတယ်"

ဤတွင် ဒွန်ခရိုစီသည် စကားကို ခေတ္တဖြတ်၍ ဝိုင်အရက် အနည်းငယ် မော့သောက်လိုက်ပြီးမှ ဆက်ပြောလေသည်။

"ဒါပေမဲ့ အခုတော့ အခြေအနေက တစ်မျိုးဖြစ်သွားပြီး ဂီလီယာနို

ဟာ တောင်ပေါ်ဒေသမှာ သူ့အဖွဲ့သားလူနည်းစုနဲ့ ပုန်းအောင်းနေရတယ်၊ သူ့အနေနဲ့ အီတလီအစိုးရက လွှတ်လိုက်တဲ့ စစ်တပ်ကြီးကို ရင်ဆိုင်ရ မ ၂၁ ဖြစ်တယ်၊ ပြီးတော့ သူ့ကို အကြိမ်ကြိမ် သစ္စာဖောက်ခံတာကိုလည်း ခံနေရတယ်၊ ဒါကြောင့် ဂီလီယာနိုဟာ ဘယ်သူ့ကိုမှ မယုံကြည်နိုင်အောင် ဖြစ်နေရတာပဲ၊ ဒီမယ် မိုက်ကယ်လ်... ကျုပ်အနေနဲ့ ဂီလီယာနိုအပေါ် ခင်မင်တဲ့ သံယောဇဉ်သာ မရှိလျှင် မောင်ရင့်ကို ဂီလီယာနို မပါဘဲ အမေရိကန်ကို ပြန်သွားတော့လို့ အကြံပေးရုံပဲ ရှိတယ်၊ တကယ်တော့လည်း ဒီကိစ္စဟာ မောင်ရင်နဲ့ ဘာမှ မဆိုင်ပါဘူး၊ သို့သော်လည်း သူ လွတ်မြောက်ရေးအတွက် မောင်ရင်ဟာ တစ်ခုတည်းသော မျှော်လင့်ချက် ဖြစ်နေယ်၊ ဒါကြောင့် ကျုပ်က ဘယ်တော့မှ စွန့်ပယ်ပစ်မှာ မဟုတ်ဘူး "

ပြောရင်းနှင့် ဒွန်ခရိုစီသည် ဖန်ခွက်ကို ကိုင်မြှောက်၍ 'ဂီလီယာနို အသက်ရာကျော် ရှည်ပါစေ'

ဟု ဆုတောင်းလိုက်ရာ ကျန်လူများကလည်း အသီးသီး ဖန်ခွက်များ မြှောက်၍ သောက်လိုက်ကြသည် ။

ထိုအချိန်၌ မိုက်ကယ်လ်သည် စဉ်းစားနေမိသည် ။ ဒွန်ခရိုစီ၏ ဆန္ဒအစစ်အမှန်က မည်သို့ ရှိလေသနည်း။ မိမိအား ဆက်၍ စောင့်ဆိုင်းနေစေချင်သလော၊ သို့တည်းမဟုတ် ဂီလီယာနိုအား ဂရုမစိုက်ဘဲ ထွက်ခွာသွားစေလိုသလား။

ထိုအခိုက် အန်ဒိုလီနီက သတိပေး ပြောသကဲ့သို့...

"ဂီလီယာနိုရဲ့ မိဘများကို မိုက်ကယ်လ်က လာပြီး တွေ့ဆုံပါ့မယ်လို့ ကတိပေးထားခဲ့တာလည်း မေ့ဖို့ မသင့်ဘူး"

"ဟုတ်တယ်၊ ကျုပ်တို့ အနေနဲ့ သူတို့ ကို မျှော်လင့်ချက်ပေးထားမှ ဖြ

စ်မယ်"

ဟု ပြောလိုက်သည် ။ ထိုအခါ ဖာသာ ဘင်ဂျီမင် က ဝင်၍ ...

"နောက်တစ်ခုက အဘိုးကြီး အမယ်ကြီးတွေတို့ အနေနဲ့ ဂီလီယာနို ရဲ့ ဒိုင်ယာရီ မှတ်တမ်းစာအုပ်အကြောင်း သိချင်သိနေမယ်"

ဒွန်ခရိုစီသည် မိုက်ကယ်လ်ဘက်သို့ လှည့်လိုက်ပြီး...

"ဒီမှတ်တမ်းစာအုပ်ကို ရောမမြို့တော် ဗဟိုအစိုးရက ကြောက်ပေမယ့် ကျုပ်ကတော့ မကြောက်ပါဘူး၊ မောင်ရင်က ဂီလီယာနိုရဲ့ မိဘများကို ပြောလိုက်ပါ။ စာအုပ်ထဲ ရေးသားထားတာတွေက သမိုင်းကိုသာ တစ်မျိုးတစ်ဖုံ ဖြစ်စေနိုင်တယ်...။ လူ့ဘဝကိုတော့ ဘယ်လိုမှ မဖြစ်စေနိုင်ဘူးလို့ ပြောလိုက်ပါ"

ဟု စကားကို အဆုံးသတ်လိုက်သည် ။

*****

ပါလာမိုမြို့မှ ဂီလီယာနို၏ မိဘများ ရှိရာ မွန်လာပါတီမြို့သို့ သွားရောက်ရန်မှာ ခရီးမဝေးလှသဖြင့် မော်တော်ကားနှင့် သွားလျှင် တစ်နာရီခန့်မျှနှင့် ရောက်ရှိနိုင်ပေသည် ။

ထိုခရီးကို မိုက်ကယ်လ်သည် အန်ဒိုလီနီ၏ ဖီးယပ်ကားငယ်ဖြင့် သွားလေသည် ။

မြို့ပြင်သို့ ထွက်မိသည် နှင့် စစ္စလီကျွန်း၏ ကျေးလက်ဒေသ ရှုခင်းများကို မွန်းလွဲပိုင်း၏ နေရောင်အောက်တွင် ကောင်းစွာမြင်ရလေ

သည် ။

အန်ဒိုလီနီသည် သူ၏ ဖီးယက်ကားကလေးကို သတိထား၍ ခပ်ဖြည်းဖြည်း ခပ်မှန်မှန် မောင်းသွားလေသည် ။ မော်တော်ကားလမ်းက တောင်ပေါ်လမ်းဖြစ်၍ ကြမ်းတမ်းသောကြောင့် သတိထားမောင်းရခြင်း ဖြစ်သည် ။

လမ်းခရီး၌ ငါးကြိမ်တိုင်တိုင် လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များက သူတို့ မော်တော်ကားကို တားပြီး စစ်ဆေးလေသည် ။ စစ်ဆေးသည့် ဂိတ်တိုင်း၌ လက်နက်ကိုင် ရဲတပ်သား ၁၂ ဦး ရှိပြီး စက်သေနတ်တပ်ဆင်ထားသော သံချပ်ကာ စစ်ကားများကလည်း ရှိလေသည် ။

သူတို့ ၏ ကားကို ရပ်စေ၍ လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးသော်လည်း အန်ဒိုလီနို ယူဆောင်သွားသော စာရွက်စာတမ်းများက ပြည့်စုံသဖြင့် ချောမောစွာပင် ဆက်သွားခွင့် ရကြလေသည် ။

မိုက်ကယ်လ်သည် ပတ်ဝန်းကျင်ရှုခင်းကို ကြည့်ပြီး အံ့သြနေမိသည် ။ ပါလာမိုမြို့ပြင်သို့ ထွက်၍ ဝေးဝေးလံလံ မသွားရသေးမီမှာ ပင် ရုတ်ခြည် ပြောင်းလဲလာသော ကျေးလက်ရှုခင်းများကြောင့် အံ့သြမိခြင်း ဖြစ်လေသည် ။ လမ်းခရီးတစ်လျှောက် ဖြတ်သန်းသွားရသည့် ကျေးရွာများမှ လူနေအိမ်များမှာ ကျောက်တုံးများ ဖြင့် တည်ဆောက်ထားကြပြီး ကမ်းပါးယံများ တွင် ဖြစ်နေပုံမှာ အသည်းယားဖွယ်ရာပင် ဖြစ်နေသည် ။ ထို့ပြင် တောင်စောင်းများ တွင် လှေကားထစ် စိုက်ပျိုးနည်းဖြင့် သီးနှံများကို စိုက်ပျိုးထားသည် ကိုလည်း သတိပြုမိသည် ။

ရံဖန်ရံခါ လမ်းဘေး၌ ဘုရားရှိခိုးကျောင်းငယ်များ ၊ မယ်တော်မာရီ ရုပ်တုများကို တွေ့ရသည် ။ ဘုရားရှိခိုးကျောင်း တစ်ကျောင်း၏ အပြင်ဘက်၌ အမျိုးသမီးတစ်ဦး ဒူးတုပ်၍ ရှိခိုးဆုတောင်းနေသည် ကိုလည်း

မိုက်ကယ်လ်က မြင်ရလေသည်။

အန်ဒိုလီနီသည် ကားမောင်းနေရင်း လက်တစ်ဖက်ဖြင့် မိုက်ကယ်လ်၏ ပခုံးကို ရင်းနှီးစွာ ကိုင်ကာ စကားပြောလေသည်။ သူသည် မိုက်ကယ်လ်နှင့် ညီအစ်ကို ဝမ်းကွဲတော်စပ်သည် ဟု ဆိုပြီး ကာဆင်ဟူသော ညီနောင် ဝမ်းကွဲ ဝေါဟာရကို သုံးလေ့ ရှိသည်။

"မိုက်ကယ်လ်နှင့် ကျုပ်က ကာဆင် တော်တယ်နော်၊ ဒါထက် ဂီလီယာနိုဟာလည်း ကျုပ်တို့ နဲ့ ဆွေမျိုးတော်စပ်တယ်ဆိုတာ သိသလား"

"မသိပါဘူး၊ သူ့မိဘများက အမေရိကန်မှာ တုန်းက ကျွန်တော့် ဖခင်ကြီးအတွက် အလုပ်လုပ်ခဲ့တာပဲ သိပါတယ်"

မိုက်ကယ်လ်က ပြန်ပြောလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်ကိုယ်တိုင်လည်း ပဲ ခင်ဗျားရဲ့ ဖခင်ကြီးဆီမှာ အလုပ်လုပ်ခဲ့ဖူးတယ်။ လောင်းအိုင်လင် အရပ်က ခင်ဗျားရဲ့ အဘိုးကြီး အိမ်ဆောက်တုန်းက ဂီလီယာနိုရဲ့ ဖခင်နဲ့ အတူတူ ကျုပ် ပါဝင်ကူညီဆောက်ပေးခဲ့ပါတယ်။ ဒီလူကြီးက အလွန်ကျွမ်းကျင်တဲ့ ပန်းရန်သမား တစ်ယောက်ပဲ။ နောက်ပိုင်း ခင်ဗျားဖခင်ကြီးက ဂီလီယာနိုရဲ့ ဖခင်ကို သူ့စီးပွားရေးလုပ်ငန်းမှာ အတူတူ ဝင်လုပ်ဖို့ ခေါ်တော့လည်း ငြင်းပယ်ပြီး သူ့ရဲ့ မူလအလုပ် ပန်းရန်ဆရာအလုပ်ကိုပဲ လုပ်ခဲ့တယ်။ ဒီလူကြီးက ဆယ့်နှစ်နှစ်လောက် အလွန်အပင်ပန်းခံ အလုပ်လုပ်ပြီး ရတဲ့ ငွေကိုလည်း ဂျူးလူမျိုးတွေလိုပဲ ကုတ်ကတ်စုဆောင်းခဲ့တယ်။ နောက်တော့ သူဟာ အေးအေးဆေးဆေး နေဖို့ စစ္စလီကျွန်းကို ပြန်လာခဲ့တယ်။ သို့သော်လည်း အီတလီပြည်မှာ အာဏာရှင် မူဆိုလီနီ တက် လာပြီး ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတော့ စီးပွားပျက်သွားရှာတယ်။ အခုဆိုလျှင် သူ့မှာ အိမ်တစ်လုံးနဲ့ မြေကွက်ကလေး တစ်ကွက်သာ ကျန်တော့တယ်။ သူဟာ အ

မေရိကန်က ပြန်လာခဲ့တာ မှားလေခြင်းလို့ လည်း နောင်တရရှာတယ်။ သူ့သားကလေး ဂီလီယာနိုကိုလည်း အလွန်မျှော်လင့်ကြီးစွာ ထားခဲ့သလောက် အခုတော့ ကောင်ကလေးက တောပုန်းဖြစ်နေတယ်"

ထိုအချိန်၌ လမ်းက အလွန်ဖုန်ထူနေ၍ သူတို့ ၏ မော်တော်ကားကလေး၏ ပတ်ဝန်းကျင်တွင် ဖုန်များ ထကာ ရှေ့သို့ ကောင်းစွာ မမြင်ရသဖြင့် ခပ်ဖြည်းဖြည်းပဲ မောင်းနေရလေသည် ။

အန်ဒိုလီနီကပင် ဆက်၍ ...

"ဂီလီယာနိုကို သူ့မိခင် ကိုယ်ဝန်ရှိစ အချိန်က... သူတို့ ဟာ အမေရိကန်ပြည်မှာ ပဲ ရှိသေးတယ်၊ ဂီလီယာနိုကို အမေရိကန်ပြည်မှာ ပဋိသန္ဓေ တည်ခဲ့တယ် ဆိုပါတော့"

ဟု ပြောလိုက်သည် ။

မိုက်ကယ်လ်က အဓိပ္ပာယ်နားမလည်သလို ပြန်ကြည့်လိုက်သည့် အတွက် အန်ဒိုလီနီက ရှင်းပြလေသည် ။

"ဟုတ်ပါတယ်၊ ဂီလီယာနိုကို အမေရိကန်ပြည်မှာ ပဋိသန္ဓေ တည်ခဲ့တယ်၊ ဒါပေမဲ့ သူ့ကို မွေးတော့ စစ္စလီကျွန်းမှာ ပဲ မွေးဖွားခဲ့ပါတယ်။ တကယ်လို့ သာ သူ့မိဘတွေက အမေရိကန်ပြည်မှာ လ အနည်းငယ်နေပြီး စောင့်လိုက်လျှင် ဂီလီယာနိုက အမေရိကန်မှာ မွေးပြီး အမေရိကန်နိုင်ငံသား ဖြစ်မှာ သေချာတယ်၊ ဒီအကြောင်းကို ဂီလီယာနို ကိုယ်တိုင်က မကြာခဏ ပြောလေ့ ရှိတယ်။ ဒါထက် သူ လွတ်မြောက်အောင် တိမ်းရှောင်သွားဖို့ ခင်ဗျားက တကယ်ကူညီနိုင်မှာ လား"

"ဒါကတော့ ကျွန်တော်လည်း အတိအကျ မပြောတတ်ဘူး၊ အထူးသဖြင့် ဒွန်ခရိုစီနဲ့ ရဲမှူး ဗီလာဒီတို့ နဲ့ အတူ နေ့လယ်စာ စားပြီးချိန်

နောက်ပိုင်းမှာ အခြေနေကို ဘယ်လိုမှ ခန့်မှန်းလို့ မမရအောင် ဖြစ်လာတယ်။ ဂီလီယာနို ထွက်ပြေးလွတ်မြောက်ဖို့ ကျွန်တော် ကူညီမှာ ကို သူတို့ က တကယ်ပဲ လိုလားရဲ့ လား၊ ကျွန်တော့်ဖခင်ကြီး ပြောတော့ ဒွန်ခရိုစီက လိုလားပါတယ်လို့ ဆိုတယ်၊ ရဲမှူး ဗီလာဒီအကြောင်းတော့ ဘာမှ မပြောဘူး"

"အခုအချိန်မှာ ဂီလီယာနိုနဲ့ ဒွန်ခရိုစီတို့ ဟာ ရန်သူတွေ ဖြစ်နေကြပြီ၊ ဒါပေမဲ့ ကျုပ်တို့ က ဂီလီယာနို တိမ်းရှောင်ထွက်သွားဖို့ အစီအစဉ်တွေကို ဒွန်ခရိုစီကို အသိမပေးဘဲ လုပ်ထားကြတယ်၊ ဂီလီယာနိုနဲ့ သူမိဘတွေကလည်း ခင်ဗျားကိုသာ အားကိုးကြတယ်။ သူတို့ အနေနဲ့ ခင်ဗျားရဲ့ ဖခင်ကြီးဟာ အလွန်ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေကောင်းတစ်ဦးလို့ လက်ခံထားကြတယ်"

"နေပါဦး၊ ခင်ဗျားကိုယ်တိုင်ရော... ဘယ်သူ့ဘက်က ရပ်တည်တာလဲ"

မိုက်ကယ်က ပြန်မေးလိုက်သည် ။

အန်ဒိုလီနီသည် သက်ပြင်းတစ်ချက် ချလိုက်ပြီးမှ ပြန်ဖြေလေသည် ။

"ကျုပ်က ဂီလီယာနိုဘက်က ရပ်တည်ပြီး တိုက်နေတဲ့ လူပါ၊ ကျုပ်ဟာ ဂီလီယာနိုနဲ့ ရဲဘော်ရဲဘက်ဖြစ်နေတာ ငါးနှစ်ရှိသွားပြီ၊ အဲဒီမတိုင်မီက ဂီလီယာနိုဟာ ကျုပ်ရဲ့ အသက်ကို ကယ်ခဲ့ဖူးတယ်၊ သို့သော်လည်း ကျုပ်က စစ္စလီကျွန်းမှာ နေထိုင်နေရသူဆိုတော့ ဒွန်ခရိုစီကို ပြောင်ပြောင်တင်းတင်း အာခံလို့ က မဖြစ်ဘူး၊ ကျုပ်ရဲ့ အခြေအနေကို ဆပ်ကပ်ထဲက ကြိုးတန်းလျှောက်တဲ့ လူကို အလွန်ကြောက်စရာ ကောင်းနေတယ်၊ တစ်ခုရှိတာက... ဘာကြီးပဲဖြစ်ဖြစ်၊ ကျုပ်ဟာ ဂီလီယာနို အပေါ် ဘယ်

တော့မှ သစ္စာမဖောက်ဘူး"

အန်ဒိုလီနီ၏ စကားအဆုံးတွင် မိုက်ကယ်လ်သည် ခေတ္တစဉ်းစားနေမိလေသည် ။ ပြောလိုက်ပုံက မရှင်းလှသဖြင့် စဉ်းစားနေခြင်းပင် ဖြစ်သည် ။ အန်ဒိုလီနီ ဘာကို ဆိုလိုလေသနည်း။ ယခုအချိန်အထိ တွေ့ဆုံခဲ့ရသမျှ လူတွေအားလုံးက စကားပြောလျှင် တိတိကျကျ မရှိ၊ ဝေ့လည်ကြောင်ပတ်သာ ပြောနေကြသည် ။ ဤသို့ဖြစ်ခြင်းမှာ စစ္စလီကျွန်း၏ သဘာဝစရိုက် (သို့မဟုတ်) ရိုးရာဓလေ့တစ်ခု ဖြစ်နေသောကြောင့် ပေလော။

စစ္စလီကျွန်းသားများ သည် အစဉ်အလာအားဖြင့် အမှန်ကို ထုတ်ဖော်ပြောရန် အလွန် ဝန်လေးတတ်ကြသည် ။ ဤသည် မှာ လည်း စစ္စလီကျွန်း၏ အတိတ်ကာ သမိုင်းကြောင်း ဖြစ်တန်ရာသည် ။ ရှေးနှစ်ပေါင်းများ စွာက စ၍ စစ္စလီကျွန်းသို့ တိုင်းတစ်ပါးမှ လာရောက် ကျူးကျော်တိုက်ခိုက်ပြီး အုပ်စိုးခဲ့သူများက ကျွန်းသူကျွန်းသားများအား နည်းအမျိုးမျိုးဖြင့် နှိပ်စက်ညှဥ်းပန်းခြင်း ခံခဲ့ကြသောကြောင့် စစ္စလီကျွန်းသားများသည် အမှန်တရားကို ဖွင့်ပြောရန် ကြောက်ရွံ့ခဲ့ကြပေသည် ။

နောက်ပိုင်း စစ္စလီကျွန်းကို တရားဝင်အုပ်စိုးသော ရောမမြို့တော်မှ ဗဟိုအစိုးရကလည်း စစ္စလီကျွန်းသားထံမှ အမှန်တရားကို အတင်းအကျပ် တောင်းဆိုခဲ့ကြသည် ။ ဗရင်ဂျီ (ကက်သလစ်) ဘာသာဝင်တို့ ၏ ထုံးစံအရ အပြစ်ရှိသူများ သည် ခရစ်ယာန်ဘုန်းကြီးထံ အမှန်အတိုင်း ဖွင့်ဟဝန်ခံရသည့် ကွန်ဖက်ရှင်း (ခေါ်) အပြစ်ဝန်ခံရသည့် ထုံးစံကလည်း ရှိသည် ။ ယင်းတို့ ကြောင့် ယခုခေတ် စစ္စလီကျွန်းသားများ သည် အမှန်တရားကို ဖွင့်ပြောရန် ဝန်လေးကြခြင်း ဖြစ်ဟန်တူပေသည် ။

ဤသို့ စဉ်းစားရင်း မိုက်ကယ်လ်သည် မိမိအနေဖြင့် တောပုန်း ဂီလီ

ယာနိုအား ကူညီကယ်ထုတ်သွားရေးကို စွန့်လွှတ်၍ တစ်ယောက်တည်း အမေရိကန်သို့ အမြန်ပြန်သွားလျှင် ကောင်းမည်လောဟူ၍ လည်း တွေးတောချိန်ဆနေမိသည် ။ စစ္စလီကျွန်းတွင် မိမိအဖို့ အန္တရာယ်ရှိနေကြောင်းကား ယုံမှားဖွယ်မရှိချေ။ ဂီလီယာနိုနှင့် မာဖီးယားခေါင်းဆောင် ဒွန်ခရိုစီတို့ မှာ ရန်သူတွေ ဖြစ်ကြကြောင်း ထင်ရှားနေပြီဖြစ်ရာ သူတို့ နှစ်ဦး တိုက်ခိုက်မှု ပဋိပက္ခကြား၌ မိမိသာ ရှိနေလျှင် အလွန်အန္တရာယ်ရှိနိုင်ပေသည် ။

စစ္စလီကျွန်းသားတို့ ၏ ရိုးရာအယူအဆ တစ်ခုမှာ တုံ့ပြန်ကလဲ့စားချေခြင်းသာလျှင် တရားမျှတရာ ရောက်သည် ဟူ၍ ပင် ဖြစ်သည် ။ တစ်ယောက်ကိုတစ်ယောက် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ သည် သူရဲဘောကြောင်ခြင်း၊ သတ္တိမရှိခြင်း အထိမ်းအမှတ် ဖြစ်သည် ဟု လည်း ယူဆကြသည် ။

ဤသို့ စဉ်းစားမိရာမှ မိုက်ကယ်လ်က...

"ဂီလီယာနိုနဲ့ ဒွန်ခရိုစီတို့ ဟာ ဘာကြောင့် ရန်သူ ဖြစ်လာတာလဲ"

ဟု မေးလိုက်သည် ။

"လွန်ခဲ့တဲ့ နှစ်နှစ်က ဖြစ်ရပ်တစ်ခုကြောင့် ပါပဲ၊ အဲဒီတုန်းက ပေါ်တယ်လာ အရပ်မှာ အပြစ်ကင်းမဲ့တဲ့ လူတွေ စက်သေနတ်ပစ်ခံရပြီး အတုံးအရုံး သေခဲ့ကြရတယ်၊ အဲဒါဟာ ဂီလီယာနိုရဲ့ အပြစ်ပဲလို့ ဒွန်ခရိုစီက ယူဆတယ်"

အန်ဒိုလီနီက မော်တော်ကား ဆက်မောင်းနေရင်း ပြန်ဖြေလိုက်တယ်၊

ထိုအချိန်၌ သူတို့ ၏ မော်တော်ကားသည် တောင်ပေါ်လမ်းမှ တောင်

ကြားလွင်ပြင် မြေနိမ့်ရာသို့ မောင်းဆင်းလာနေပြီ ဖြစ်သည် ။ မလှမ်းမကမ်းတွင် ရှေးခေတ် နော်မန်လူမျိုးတို့ ၏ ရဲတိုက်ကြီးတစ်ခု ပျက်စီးနေသည် ကိုလည်း တွေ့ရသည် ။ လွန်ခဲ့သော နှစ်ပေါင်း ကိုးရာခန့်က နော်မန်လူမျိုးတို့ လာရောက်ကြီးစိုးရင်း စစ္စလီကျွန်းသားများအား နိုင်ထက်စီးနင်း ညှဉ်းပန်းနှိပ်စက်ခဲ့ပုံများကိုလည်း မိုက်ကယ်လ်က တွေးမိလေသည် ။

မြေပြန့်တစ်နေရာရှိ မွန်တီလာပါမြို့ကလေးကိုလည်း အဝေးမှ လှမ်းမြင်နေရပြီ ဖြစ်သည် ။

မြို့၏ အနေအထားမှာ ရေတွင်းကြီးတစ်ခုပမာ ချိုင့်ဝှမ်းကြီး၏ အလယ်တွင် တည်ရှိပြီး ပတ်ပတ်လည်တွင် တောင်တန်းကြီးများ ဝိုင်းရံလျက် ရှိပေသည် ။ မြို့တည်ထားပုံက စက်ဝိုင်းသဏ္ဍာန် ဖြစ်သည် ။

ဖီးယက်ကားကလေးသည် တောင်ပေါ်လမ်းမှ မြေပြန့်သို့ မောင်းဆင်း လာပြီးနောက် မကြာမီ လက်နက်ကိုင် လုံခြုံရေးရဲများက လမ်းပိတ်ဆို့၍ စစ်ဆေးသည့် ဂိတ်တစ်ခုသို့ ရောက်လာသောအခါ ရိုင်ဖယ်သေနတ်ကိုင် ရဲတစ်ဦးက ကားကို ရပ်ခိုင်းလေသည် ။ နောက်တစ်ဦးက ကားပေါ်မှ လူများအားအောက်သို့ အဆင်းခိုင်းလေသည် ။

အန်ဒိုလီနီသည် အသင့်ပါလာသော စာရွက်စာတမ်းများကို ရဲတပ်ဖွဲ့ဝင်များအား ထုတ်ပြရာ အနီရောင်အနားကွပ် ပါရှိသော အထူး သွားလာခွင့် လက်မှတ်တစ်စောင်ကိုပါ ထုတ်ပြသည် ကို မိုက်ကယ်လ်သတိပြုမိသည် ။ ယင်းသွားလာခွင့် လက်မှတ်မှာ ရောမမြို့တော်မှ ဗဟိုအစိုးရ တရားရေးရာဌာန ဝန်ကြီးကသာ ထုတ်ပေးနိုင်ခွင့်ရှိသော အထူး (စပါယ်ရှယ်) လက်မှတ် ဖြစ်ကြောင်းကိုလည်း မိုက်ကယ်လ်က သိထားသည် ။ သူကိုယ်တိုင်လည်း အလားတူ လက်မှတ်တစ်စောင် ရရှိထားပြီး

အလွန်အရေးကြီးမှ သာ ထုတ်သုံးသင့်ကြောင်းလည်း သိပေသည် ။ ဤမျှ အရေးပါလှသော အထူးလက်မှတ်မျိုးကို အန်ဒိုလီနီလို လူက မည်သည့် နည်းနှင့် ရရှိခဲ့လေသနည်းဟု စဉ်းစားရ ခက်နေပေသည် ။

စစ်ဆေးပြီးက ဆက်သွားခွင့်ရသောအခါ သူတို့ သည် မွန်ပါလာတီမြို့တွင်းသို့ မောင်းဝင်သွားကြလေသည် ။ လမ်းများက အလွန်ကျဉ်းမြောင်းသဖြင့် မျက်နှာချင်းဆိုင်ဘက်မှ ကားတစ်စီး မောင်းလာလျှင် တိမ်းရှောင်ရန် ခက်လေသည် ။ မြို့တွင်းရှိ လူနေအိမ်များကို ကြည့်လိုက်သောအခါ ဆေးမျိုးစုံ သုတ်ထားသည် ကို တွေ့ရလေသည် ။ အိမ်အတော်များများက အပြာရောင်ဆေး သုတ်ထားပြီး အိမ်အနည်းငယ်သာ အဖြူရောင်ဆေး သုတ်ထားကာ ပန်းရောင်ဆေး သုတ်ထားသော အိမ်တချို့လည်း ရှိလေသည် ။

ထူးခြားချက်တစ်ခုကား လမ်းမပေါ်တွင် ပြေးလွှားကစားနေသူ ကလေးသူငယ်များ မရှိခြင်းပင် ဖြစ်သည် ။ လမ်းထောင့်များ တွင် ကားကာရာဘီနာရီ လက်နက်ကိုင်လုံခြုံရေး ရဲနှစ်ဦးစီ စောင့်နေသည် ။ ယင်း ရှုခင်းကြောင့် မွန်တီပါလာမြို့သည် စစ်အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခြင်း ခံနေရသည့် မြို့တစ်မြို့နှင့် တူနေပေသည် ။

ဖီးယက်မော်တော်ကားသည် အပြာရောင် ဆေးသုတ်ထားသော အိမ်တစ်အိမ်ရှေ့တွင် ရပ်လိုက်သည် ။ ထိုအိမ်၏ ဝင်းတံခါးတွင် 'ဂျီ' ဟူသော အင်္ဂလိပ်စာလုံး ရေးထားသည် ။ 'ဂျီ' စာလုံး၏ အဓိပ္ပာယ်က ဂီလီယာနို မိသားစု၏ နေအိမ်ဖြစ်ကြောင်း နာမည်အတိုကောက်သဘော ဖော်ပြထားဟန် တူသည် ။

ဝင်းတံခါးကို လာဖွင့်ပေးသူမှာ အမေရိကန်နိုင်ငံ၌ ချုပ်လုပ်သည့် ဝတ်စုံဝတ်ထားသူ အသက်ခြောက်ဆယ်ရွယ်ခန့် လူကြီးတစ်ယောက် ဖြစ်

လေသည်။ ထိုလူကြီးမှာ ဂီလီယာနို၏ ဖခင်ပင် ဖြစ်၍ အန်ဒိုလီနီအား ဖ က်ယမ်းနှုတ်ဆက်လေသည် ။ မိုက်ကယ်လ်ကိုလည်း ရင်းနှီးစွာ ပခုံးပု တ်၍ နှုတ်ဆက်ပြီးနောက် အိမ်တွင်းသို့ ခေါ်သွားလေသည် ။

ဂီလီယာနိုက ဖခင်ကြီးကို ကြည့်ရသည် မှာ စိတ်ပူပင်ကြောင့် ကြ သောက ဖြစ်နေသည့် အသွင် ဆောင်နေလေသည် ။ စိတ်ထဲမှ ခံစားနေ ရသည် ကို ကြိုးစားထိန်းချုပ်ထားဟန် တူနေသည် ။

အိမ်၏ ဧည့်ခန်းမှာ စစ္စလီကျွန်းမှ မြို့ကလေးတစ်မြို့ အခြေအနေနှ င့် ဆိုလျှင် အတော်ကလေး ထည်ဝါသားနားနေပေသည် ။ ဧည့်ခန်းနံရံ တွင် ဓာတ်ပုံကြီးတစ်ပုံ ချိတ်ဆွဲထားရာ မိုက်ကယ်လ်သည် ထိုဓာတ်ပုံကို မြင်လိုက်ရုံနှင့် ဂီလီယာနို၏ ပုံ ဖြစ်ရမယ်ဟု ချက်ချင်းရိပ်မိလေသည် ။ စားပွဲငယ်တစ်ခုတွင် တင်ထားသော ဓာတ်ပုံတစ်ပုံတွင် ကား မိခင်၊ မော င်နှင့် သားငယ် (ဂီလီယာနို) တို့ သုံးဦး တွဲရိုက်ထားလေသည် ။ ဓာတ်ပုံ ထဲမှ ဂီလီယာနို၏ ပုံကို ကြည့်ရခြင်းအားဖြင့် အလွန်ခန့်ညားး ချောမွေ့ သော အင်္ဂါရုပ်ရှိသူ ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပေသည် ။ ထို့ပြင် မျက်နှာအနေအထားက စိတ်ဓာတ် အလွန်ပြင်းထန် ခိုင်မာသူတစ်ယော က်၏ ဟန်မျိုး ဖြစ်နေလေသည် ။

ဂီလီယာနို၏ ဖခင်ကြီးက ဧည့်သည် နှစ်ဦးအား မီးဖိုခန်းထဲသို့ ခေါ် သွားရာ မိခင်ဖြစ်သူ 'မာရီယာ' သည် ဟင်းလျာများ ချက်ပြုတ်နေရာမှ လှမ်းနှုတ်ဆက်လေသည် ။ သူမသည် ဓာတ်ပုံထဲတွင် မြင်ရသည် ထက် ပို၍ အိုမင်းနေသည် ဟု မိုက်ကယ်လ်က ထင်မိလေသည် ။

အဘွားကြီးသည် ခင်ပွန်းသည် နှင့် အန်ဒိုလီနီတို့ အား လျစ်လျူရှု ကာ မိုက်ကယ်အား တိုက်ရိုက်စကားပြောလေသည် ။

"မောင်ရင်က သားကလေး ဂီလီယာနိုကို ကူညီဖို့ လာခဲ့တာ မဟုတ်

လား"

"ဟုတ်ကဲ့ခင်ဗျာ၊ မှန်ပါတယ်"

မိုက်ကယ်လ်က ပြန်ပြောလိုက်လျှင် အဘွားကြီးသည် အနည်းငယ် စိတ်သက်သာရာ ရသွားပုံ ရလေသည်။

အဘွားကြီး မာရီယာသည် ခေါင်းငုံ့နေရာမှ ပြန်မော့ကြည့်လိုက်သည်။

အန်ဒိုလီနီက နှစ်သိမ့်သည့် ဟန်ဖြင့်...

"ဖာသာ ဘင်ဂျီမင် က လာခိုင်းလို့ လာခဲ့ရတာပါ"

ဟု ပြောလိုက်သည်။

အဘွားကြီးသည် ဖာသာ ဘင်ဂျီမင် ဟူသော အမည်ကို ကြားလိုက်လျှင် စက်ဆုပ်မုန်းတီးသည့် ဟန်မျိုး ဖြစ် လာလေသည်။

"ဖာသာ ဘင်ဂျီမင်ဟာ စိတ်နှလုံးကောင်းပေမဲ့ လူတွေအဖို့ အလွန်ကြောက်စရာကောင်းတဲ့ ရောဂါဆိုးနဲ့ တူတယ်၊ သူ့နား ကပ်သွားတာနဲ့ သွေးထွက်သံယိုဖြစ်ပြီး နာကျင်စေတဲ့ ဆူးပင်နဲ့ လည်း တူတယ်၊ လျှို့ဝှက်ချက် ပြစ်ချက်တွေကို ဘာသာရေးအရ ဖွင့်ပြောဝန်ချတောင်းပန်သူတွေရဲ့ အတွင်းရေးကိုလည်း သူ့အစ်ကို ဒွန်ခရိုစီကို တစ်ဆင့် ဖောက်သည် ချတယ်"

အဘွားကြီးက စိတ်နာကြည်းဟန်ဖြင့် ပြောရာ ခင်ပွန်းသည် အဘိုးကြီးက...

"ဒွန်ခရိုစီက ငါတို့ ရဲ့ မိတ်ဆွေ ဖြစ်တယ်ကွဲ့၊ သူ့ကြောင့် ငါတို့ တွေ ဖမ်းချုပ်ခံရတဲ့ အဖြစ်က လွတ်မြောက်လာခဲ့တာပဲ မဟုတ်လား"

ဟု ပြောလိုက်သည်။

သို့သော် အဘွားကြီး မာရီယာသည် ပို၍ ဒေါသထွက် လာလေသည်။

"ဩော်... ရှင်က ဒွန်ခရိုစီကို ချီးကျူးနေတာကိုး၊ ဒီမယ်... ဒွန်ခရိုစီဟာ အလွန်အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်နဲ့ တူတယ်၊ သူဟာ မိတ်ဆွေတွေကိုလည်း အလစ်မှာ သတ်ဖြတ်တဲ့ လူ ဖြစ်တယ်၊ တစ်ချိန်ကတော့ ဒွန်ခရိုစီဟာ ကျွန်မတို့ သားကလေး ဂီလီယာနိုနဲ့ အတူ စစ္စလီကျွန်းကို ကြီးစိုးမယ်လို့ ပြောခဲ့ပေမဲ့ အခုတော့ ကျွန်မသားကလေးဟာ တစ်ယောက်တည်း တောထဲ၊ တောင်ထဲမှာ ပုန်းအောင်းနေရရှာတယ်၊ ဒွန်ခရိုစီကတော့ ပါလာမိုမြို့မှာ ကောင်းကောင်း ပျော်ပါးနေတယ်၊ ရောမမြို့က ဗဟိုအစိုးရကိုလည်း သူက အိတ်ထောင်ထဲ ထည့်ထားတယ်၊ တကယ်တော့ သူဟာ ဂီလီယာနိုနဲ့ စာလျှင် ပြစ်မှုတွေ အများကြီး ကျူးလွန်ခဲ့သူဖြစ်တယ်၊ ကျွန်မတို့ သား ဂီလီယာနိုကသာ လူကောင်းဖြစ်ပြီး ဒွန်ခရိုစီက လူယုတ်မာ လူဆိုး ဖြစ်တယ်၊ ကျွန်မသာ ရှင့်လို ယောက်ျားဖြစ်လျှင် ဒွန်ခရိုစီကို သတ်ပစ်လိုက်မှာ ပဲ၊ ရှင်တို့ ယောက်ျားတွေက ဘာမှ နားလည်မှု မရှိကြဘူး"

အဘွားကြီးက ဒေါသကြီးစွာဖြင့် ပြောရာ အဘိုးကြီးသည် စကားကို ဖြတ်လိုဟန်ဖြင့်

"ကျုပ်တို့ ရဲ့ ဧည့်သည် တွေက ခရီးဆက်ရမှာ မို့ စားစရာ တစ်ခုခု ကျွေးလျှင် ကောင်းမယ်"

ဟု ပြောလိုက်သည်။

သည် တော့မှ အဘွားကြီး မာရီယာသည် ဧည့်သည် များကို သတိရကာ အားနာသွားဟန်တူလျက်...

"ဩော်.. ဟုတ်ပါရဲ့ ၊ တစ်ခုခုတော့ စားကြမှ ကောင်းမယ်၊ မောင်ရင်တို့ က ဒွန်ခရိုစီရဲ့ လိမ်လည်ပြောတာတွေ ကြားခဲ့ရသလို ကျုပ် မခံမရပ်နိုင်လို့ ရင်ဖွင့်တာကိုလည်း ကြားရပြီ မဟုတ်လား၊ ဒါထက် မောင်ရင်က ဘယ်ကို ဆက်သွားရမှာ လဲ"

ဟု မိုက်ကယ်လ်အား မေးလေသည် ။

"ကျွန်တော်က ထရာပါမြို့ကို နက်ဖြန်မနက် အရောက်သွားရပါမယ် ။ ဟိုမှာ မိတ်ဆွေတချို့နဲ့ အတူနေပြီး ဂီလီယာနို ရောက်လာတဲ့ အထိ စောင့်နေရပါမယ်"

မိုက်ကယ်လ်က ပြန်ပြောလိုက်ရာ အဘွားကြီး မာရီယာသည် ရှေ့သို့ တိုး လာပြီး မိုက်ကယ်လ်အား ဖက်ယမ်းနှုတ်ဆက်လေသည် ။

"ကဲ ဒါဖြင့် မောင်ရင်တို့ ဝိုင်ယမကာ တစ်ခွက်လောက် သောက်ပြီး ခဏ လမ်းလျှောက်ထွက်ပါလား၊ တစ်နာရီအတွင်း စားစရာ၊ သောက်စရာတွေ အဆင်သင့် ဖြစ်နေပါလိမ့်မယ်၊ အဲဒီအချိန်ကြတော့ သားလေး ဂီလီယာနိုရဲ့ မိတ်ဆွေတွေလည်း ရောက်လာမှာ မို့ အရေးကြီးတဲ့ စကားတွေ ပြောကြတာပေါ့"

အဘွားကြီးက ပြောလိုက်ပြီးနောက် အန်ဒိုလီနီနှင့် ဂီလီယာနို၏ ဖခင်ကြီးတို့ က မိုက်ကယ်လ်အား ဝဲယာညှပ်လျက် လမ်းလျှောက်ထွက်ရန် ခေါ်သွားလေသည် ။

ဂီလီယာနို၏ ဖခင်ကြီးက သူတို့ ၏ မြို့ကလေးအကြောင်းကို လမ်းလျှောက်သွားရင်း ပြောပြလေသည် ။

"တစ်ချိန်က ဒီမြို့ကလေးဟာ အလွန်ပျော်စရာကောင်းတယ်ကွဲ့၊ စီးပွားရေးအားဖြင့် စစ္စလီကျွန်း တစ်ကျွန်းလုံးလိုပဲ ဆင်းရဲကျပ်တည်းတာ

မှန်တယ်၊ သို့သော်လည်း သူ့နည်းသူ့ဟန်နဲ့ ပျော်စရာကောင်းတယ်။ အခု တော့ ဒီမြို့က လူခုနစ်ရာကျော် အဖမ်းခံရပြီး အကျဉ်းထောင်ထဲ ရောက် နေကြတယ်။ ဖမ်းတဲ့ အကြောင်းကတော့ ကျူပ်သား ဂီလီယာနိုနဲ့ အဆ က်အသွယ်ရှိတယ်ဆိုပြီး ဖမ်းတာပဲ၊ တကယ်တော့ အဲဒီလူတွေ အများ စု ဟာ လုံးဝ အပြစ်ကင်းကြတယ်၊ ဒါပေမဲ့ အစိုးရက လူတွေ ကြောက် အောင်ဆိုပြီး ဖမ်းခဲ့တယ်၊ ဒီလို ဖမ်းလိုက်ခြင်းအားဖြင့် ကျန်တဲ့ လူတွေ က ဂီလီယာနိုအကြောင်း အစိုးရကို သတင်းပေးအောင် လုပ်တဲ့ သဘော ဖြစ်တယ်။ ဒီမြို့ထဲမှာ လုံခြုံရေးရဲတပ်ဖွဲ့ဝင် နှစ်ထောင်ကျော်ရှိနေပြီး နောက်ထပ် လက်နက်ကိုင် ရဲတွေကလည်း ထောင်ချီပြီး တောင်ပေါ်ဒေ သမှာ ဂီလီယာနိုကို လိုက်ရှာနေကြတယ်။ ဒါကြောင့် မြို့သူမြို့သားတွေ က ကြိုးလန့်စာစား ဖြစ်နေပြီး ခါတိုင်းလို အိမ်ပြင်ဘက် ထွက်ပြီး မစား သောက်ဝံ့ကြတော့ဘူး။ လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင်တွေဟာ တကယ် တော့ သတ္တိမရှိဘဲ သူရဲဘောကြောင်တဲ့ လူတွေ ဖြစ်တယ်၊ ညဘက်ဆို လျှင် နေဝင်မီးငြိမ်း အမိန့်ထုတ်ထားတယ်၊ ညအချိန်ကိစ္စရှိလို့ အပြင်ဘ က်ထွက်မိတဲ့ လူဆိုရင် သူတို့ က ဖမ်းပြီး ညှဉ်းပန်းနှိပ်စက်ကြတယ်၊ ဒီ လိုအဖြစ်မျိုးဟာ အမေရိကန်မှာ ဆိုလျှင် လုံးဝ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ကျူပ်ဟာ အမေရိကန်ပြည်က ထွက်လာမိတာ အကြီးအကျယ် မှားတာပဲ လို့ အခုမှ နောင်တရနေမိတယ်"

ဆက်လျှောက်သွားကြရင်း တစ်နေရာတွင် အန်ဒိုလီနီသည် ခေတ္တရ ပ်၍ ဆေးပြင်းလိပ် မီးညှိသောက်ရင်း စစ္စလီကျွန်းသားတို့ စရိုက်အကြောင်း ပြောပြလေသည် ။

"စစ္စလီကျွန်းသားတွေရဲ့ စိတ်ဓာတ်ဟာ တစ်မျိုးတွေပဲ၊ ပြင်သစ်ပြည် ပဲရစ်မြို့မှာ နေပြီး ကမ္ဘာကျော် ရေမွှေးရနံ့မျိုးစုံ မွှေးကြိုင်နေတာကို မ ပျော်ပိုက်ဘဲ အလွန်ညစ်ပတ်နံစော်တဲ့ သူတို့ ရဲ့ စစ္စလီကျွန်းမှာ ပဲ

ပျော်ကြတယ်၊ ကျုပ်ကိုယ်တိုင် ဒီမှာ ပဲ နေထိုင်တာကို ကြည့်ပေတော့၊ ကျုပ်က ဘရာဇီးနိုင်ငံကို သွားပြီး အခြေစိုက်နေမယ်ဆိုလျှင် ဖြစ်သားပဲ၊ ဒါပေမဲ့ ဒီမှာ ပဲ ပျော်တယ်၊ ကျုပ်တို့ ဟာ ဇာတိရပ်မြေ စစ္စလီကျွန်းကိုပဲ ချစ်မြတ်နိုးကြတယ်၊ စစ္စလီကျွန်းကတော့ ကျုပ်တို့ ကို ပြန်ပြီး ချစ်ပုံ မရဘူး"

အန်ဒိုလီနီ၏ စကားအဆုံးတွင် အဘိုးကြီးက ဆက်ပြောပြန်သည် ။

"ကျုပ် အမေရိကန်ပြည်က ထွက်လာမိတာ အလွန်မှားတယ်၊ လ အနည်းငယ် ဆက်စောင့်လိုက်လျှင် ဂီလီယာနိုကို မွေးဖွားပြီး သူဟာ ဥပဒေအရ အမေရိကန်နိုင်ငံသား ဖြစ်လာမှာ သေချာတယ်၊ ဒါပေမဲ့ အမေရိကန်ပြည်ရဲ့ သြဇာက မိခင်ဝမ်းထဲမှာ ပဲ ရှိသေးတဲ့ ဂီလီယာနိုအပေါ် သြဇာလွှမ်းမိုးခဲ့ပုံရတယ်၊ သူဟာ ဆင်းရဲဒုက္ခရောက်တဲ့ လူတွေအပေါ် အလွန်သနားကြင်နာတတ်တယ်၊ ဆင်းရဲသားတွေကို အမြဲကူညီချင်တယ်၊ တကယ်တော့ အဲဒီဆင်းရဲဒုက္ခရောက်သူတွေဟာ ကျုပ်တို့ နဲ့ ဆွေမျိုးတော်စပ်တာလည်း မဟုတ်ဘူး ၊ ပြီးတော့ သူဟာ အမြဲလိုလို တရားမျှတရှိဖို့ သင့်ကြောင်း တဖွဖွ ပြောလေ့ ရှိတယ်၊ တကယ့်စစ္စလီကျွန်းသားအစစ်ဆိုလျှင် ဒါမျိုးတွေ မပြောဘူး၊ မိမိ စားဝတ်နေရေးအကြောင်းကိုသာ ပြောလေ့ရှိတယ်"

မိုက်ကယ်လ်သည် လမ်းလျှောက်သွားရင်း ပတ်ဝန်းကျင်ရှုခင်းကို အကဲခတ်ကြည့်မိရာ မြို့အနေအထားက ချုံခိုတိုက်ခိုက်ခြင်းကဲ့သို့ ပြောက်ကျားစစ်ဆင် တိုက်ခိုက်ရန်အတွက် အထူးသင့်လျော်သည့် အနေအထားမျိုး ဖြစ်နေကြောင်း သတိပြုမိလေသည် ။ လမ်းတွေကျဉ်းမြောင်းလှသဖြင့် မော်တော်ကားတစ်စီးသာ မောင်းနိုင်ပြီး အချို့လမ်းများ ဆိုလျှင် လှည်းငယ်များ သာ မောင်းနိုင်လေသည် ။

မြို့၏ အနေအထားအရ လူအင်အား အနည်းငယ်မျှနှင့် ပြင်ပမှ လာသည့် စစ်တပ်ကို ခုခံကာကွယ်နိုင်သည့် ပြင် အကယ်၍ အခြေအနေ မကောင်းပါက မြို့နှင့် ကပ်လျက်ရှိသော တောင်တန်းများ ပေါ်သို့ ဆုတ်ခွာတိမ်းရှောင်သွားနိုင်ပေသည် ။

ဆက်သွားကြရင်းနှင့် မြို့လယ်သို့ ရောက်သွားရာ အန်ဒိုလီနီက မလှမ်းမကမ်းရှိ ဘုရားရှိခိုးကျောင်းငယ် တစ်ခုကို ညွှန်ပြလေသည် ။

"အဲဒီ ဘုရားရှိခိုးကျောင်းမှာ ဂီလီယာနို ပုန်းအောင်နေတုန်းက လုံခြုံရေး ရဲတပ်ဖွဲ့တွေဟာ ဝိုင်းဖမ်းဖို့ ကြိုးစားခဲ့ဖူးတယ်၊ ဒါပေမဲ့ မမိဘဲ လွတ်မြောက်သွားတယ်။ အဲဒီအချိန်က စပြီး ဂီလီယာနိုဟာ သရဲတစ္ဆေ နာနာဘာဝများ လို ဘယ်လိုများ ရှာလို့ မတွေ့တော့ဘူး"

ထိုအချိန်၌ နေစောင်းသွားပြီဖြစ်၍ သူတို့ သည် နေဝင်မီးငြိမ်းအမိန့်ကြောင့် ဆက်မနေတော့ဘဲ အိမ်သို့ ပြန်ခဲ့ကြလေသည် ။ အိမ်တွင်း၌ လူစိမ်းနှစ်ဦး ရောက်နေသည် ကိုလည်း တွေ့ရသည် ။

လူစိမ်း ဆိုသော်လည်း မိုက်ကယ်လ်အဖို့ သာလျှင် လူစိမ်းများ ဖြစ်လေသည် ။ ထိုသူနှစ်ဦးသည် ဂီလီယာနို၏ ဖခင်ကြီးနှင့် အန်ဒိုလီနီတို့အား ရင်းနှီးစွာ နှုတ်ဆက်ကြလေသည် ။

ဧည့်သည် နှစ်ဦးအနက် တစ်ဦးမှာ ပိန်ပိန်ပါးပါး လူငယ်တစ်ဦး ဖြစ်သည် ။ သူ၏ အလုံးအရပ်က သေးငယ်သော်လည်း မျက်နှာအမူအရာက စိတ်ဓာတ်ခိုင်မာပြင်းထန်ပြီး သတ္တိရှိသောသူ တစ်ယောက်၏ အသွင်ဆောင်ပေသည် ။

ထိုလူငယ်၏ နာမည်က 'ပီစီယိုတာ' ဖြစ်ကြောင်း မိတ်ဆက်ပေးလိုက်သောအခါ မိုက်ကယ်လ်သည် အံ့အားသင့်သွားမိလေသည် ။ အကြောင်းမူကား ပီစီယိုတာသည် တောပုန်းကြီး ဂီလီယာနို၏ အရင်းနှီးဆုံး မိ

တ်ဆွေလူယုံတော် ညာလက်ရုံး ဖြစ်ကြောင်း ကြိုတင်သိထားကြောင့် ပ င်တည်း။ သူသည် ဂီလီယာနို၏ တောပုန်းတပ်များ ၏ ဒုတိယတပ်မှူး လည်း ဖြစ်သောကြောင့် သူ့အား ဖမ်းမိလျှင် အီတလီငွေ လီရာငါးသန်း ပေးမည်ဟု အစိုးရက ဆုငွေထုတ်ပြန် ကြေညာထားလေသည် ။

ပီစီယိုတာသည် အလွန်ရက်စက်ကြမ်းကြုတ်သူတစ်ဦး ဟူ၍ မိုက်က ယ်က ကြားဖူးရာ အင်္ဂါရုပ်အားဖြင့် ကြမ်းတမ်းခက်ထန်သော အသွင် ရှိ လိမ့်မည်ဟု ထင်မိခဲ့သည် ။ သို့သော် ယခု လူကိုယ်တိုင် တွေ့မြင်ရသော အခါ၌ ပိန်ပိန်ပါးပါး မျက်နှာကလည်း ချောင်းဆိုးသွေးပါ အဆုတ်ရောဂါဖြစ်နေသူ တစ်ဦးအသွင် ဖြစ်နေသောကြောင့် မိုက်ကယ် လ်က အံ့ဩမိလေသည် ။

ဒုတိယမြောက် လူကလည်း တစ်မျိုး အံ့ဩဖွယ်ကောင်းနေပေသည် ။ လူက ပုပျပ်ပျပ်နှင့် ကိုယ်လုံးကိုယ်ဟန် အလွန်သေးကွေးပြီး အလွန်ပုံ ပန်းကျနစွာ ချုပ်လုပ်ထားသော ဝတ်စုံအကောင်းစားတစ်စုံကို ဝတ်ဆင် ထားသည် ။ ဆံပင်ထူပြီး အသက်အရွယ်အားဖြင့် ငါးဆယ်ခန့်ရှိသည် ဟု ခန့်မှန်းရသည် ။ ခြုံကြည့်လိုက်လျှင် အဆင့်အတန်းရှိသော ပညာတ တ် လူတစ်ယောက်၏ အသွင်ကို ဆောင်နေသည် ။

မိတ်ဆက်ပေးသောအခါ ထိုလူမှာ ပါမောက္ခ 'အာဒိုနစ်' ဆိုသူဖြစ်ကြောင်း သိရလေသည် ။ ထိုလူက မိုက်ကယ်လ်ကို ပြုံးရွှင်စွာ နှုတ်ဆက်လေသည် ။

ထိုအချိန်၌ အဘွားကြီး မာရီယာသည် မီးဖိုခန်းထဲ၌ ညစာစားရန် အားလုံး အဆင်သင့် ပြင်ဆင်ထားပြီးဖြစ်ရာ စားပွဲကို ပြတင်းပေါက်တ စ်ခု အနီးတွင် နေရာချ၍ ညစာ စားသောက်ကြလေသည် ။ စားစရာ ဟ င်းလျာတွေက ရိုးရိုးပင် ဖြစ်သော်လည်း စား၍ အထူးအရသာ ရှိပေသ

ည် ။

အားလုံး စားသောက်ပြီးကြသောအခါ ပီစီယိုတာ က မိုက်ကယ်လ်အား လှမ်းကြည့်ရင်း စကား စပြောလေသည် ။

"ခင်ဗျားက ဒွန်ခရိုစီထက်တောင် ဩဇာကြီးမားတဲ့ ဒွန်ကော်လီယွန်ရဲ့ သားကိုး၊ အခု ခင်ဗျားက ကျုပ်တို့ ရဲ့ ခေါင်းဆောင် ဂီလီယာနိုကို ကူညီကယ်ဆယ်ဖို့ လာခဲ့တယ်ဆိုပါတော့"

ပီစီယိုတာက ပြုံး၍ ပြောဆိုလိုက်ခြင်း ဖြစ်သော်လည်း ပြောပုံလေသံနှင့် အမူအရာက လှောင်ပြောင်သရော်သလို မိုက်ကယ်လ်အား စိန်ခေါ်သလိုဟန်မျိုး ဖြစ်နေလေသည် ။ သို့သော် မိုက်ကယ်လ်အား မခန့်လေးစား ပြောလိုက်ခြင်းမျိုးတော့ မဟုတ်ချေ။ အကြောင်းမူကား ပီစီယိုတာသည် မိုက်ကယ်လ်၏ အတိတ်ဇာတ်ကြောင်း ရာဇဝင်ကို ကောင်းစွာ သိထားသည့် ပြင် မိမိကဲ့သို့ မိုက်ကယ်လ်သည် လည်း လူသတ်ရန် ဝန်မလေးသူဖြစ်ကြောင်း နားလည်သဘောပေါက်ထားပုံ ရလေသည် ။

မိုက်ကယ်လ်သည် တည်ငြိမ်အေးဆေးသော လေသံဖြင့် ပြန်ပြောလေသည် ။

"ကျုပ်က ကျုပ်ဖခင်ကြီး ညွှန်ကြားတဲ့ အတိုင်း လိုက်နာနေတာပါပဲ။ အစီအစဉ်အရ ကျုပ်က ဂီလီယာနို ရောက်လာချိန်တွင် ထရာပါနီမြို့မှာ စောင့်နေရတယ်၊ ပြီးတော့မှ ကျုပ်က သူ့ကို အမေရိကန်ကို ခေါ်သွားရမယ်"

ဤတွင် ပီစီယိုတာသည် လည်း လေးလေးနက်နက် စကားပြောလာလေသည် ။

"ဒါဖြင့် ဂီလီယာနိုက ခင်ဗျားဆီ ရောက် လာပြီးလျှင် သူ့ရဲ့ လုံခြုံမှုအ

တွက် ခင်ဗျားက အာမခံချက် ပေးနိုင်မှာ လား၊ ရောမမြို့က ဗဟိုအစိုးရ ရဲ့ အရေးယူတာကိုကော ကာကွယ်ပေးနိုင်မှာ လား"

ပီစီယိုတာက ဤသို့ မေးလိုက်ချိန်တွင် ဂီလီယာနို၏ မိခင်ကြီးသည် အထူးစိုးရိမ်ဟန်ဖြင့် လှမ်းကြည့်နေသည် ကို မိုက်ကယ်လ်က သတိပြုမိ လေသည် ။ ထို့ကြောင့် မိုက်ကယ်လ်က စကားကို အထူးသတိထား၍ ပြောလေသည် ။

"လူသားတစ်ယောက်အနေနဲ့ ကံကြမ္မာကို ကာကွယ်တတ်စွမ်းနိုင်သ လောက် အာမခံနိုင်ပါတယ်၊ အောင်မြင် ချောမောလိမ့်မယ်လို့ လည်း ယုံကြည်ပါတယ်"

ထိုအခါ အဘွားကြီး မာရီယာသည် စိတ်သက်သာရာ ရသွားပုံ ရ သော်လည်း ပီစီယိုတာကမူ သဘောကျဟန် မတူချေ။

"ကျုပ်ကတော့ အပြည့်အဝ ယုံကြည်မှု မရှိဘူး၊ ခင်ဗျားဟာ ဒွန်ခရိုစီ ကို အကြွင်းမဲ့ ယုံကြည်စိတ်ချပုံ ရတယ်။ ခင်ဗျားတို့ ထွက်သွားမယ့် အစီ အစဉ်ကိုလည်း သူ့ကို ပြောပြလိုက်တယ် မဟုတ်လား"

ဝေဖန်အပြစ်တင်သလို ပြောလိုက်သဖြင့် မိုက်ကယ်လ်ကလည်း ...

"ပြောပြတာ ဘာဖြစ်သလဲ၊ ဘာကြောင့် ကျုပ်က မပြောဘဲနေရမှာ လဲ"

ဟု ပြန်ပြောလိုက်သည် ။

သူ၏ စိတ်ထဲတွင် ကား ထို့နေ မွန်းလွဲပိုင်းက ဒွန်ခရိုစီနှင့် နေ့လယ် စာ စားရင်း ပြောခဲ့သည့် အကြောင်းများကို ပီစီယိုတာက မည်သို့ သိသွားလေသနည်းဟု အံ့သြမိလေသည် ။ ထို့နောက် သူကပင် ဆက်၍ ....

"ကျုပ်ဖခင်ကြီး ညွှန်ကြားတာက... ဂီလီယာနို ကျုပ်ဆီလာဖို့ ကိစ္စမှာ ဒွန်ခရိုစီက စီစဉ်ပေးလိမ့်မယ်လို့ ဆိုတယ်၊ နောက်တစ်ခုက ကျုပ်တို့ ဒီကထွက်သွားပုံ နည်းလမ်း အစီအစဉ် ပြောပြတယ် ဆိုတာကလည်း နည်းလမ်းတစ်ခုတည်းကိုသာ ပြောပြလိုက်တာ ဖြစ်တယ်"

"ဒါဖြင့် ခင်ဗျားရဲ့ တခြားနည်းလမ်းတွေကတော့ ဘယ်လိုလဲ၊ ဒီမှာ ခင်ဗျား စိတ်ချလက်ချ စကားပြောနိုင်ပါတယ်၊ ဒီအခန်းထဲမှာ ရှိတဲ့ လူတွေကိုမှ မယုံကြည်ရလျှင် ဂီလီယာနိုအဖို့ တခြားမျှော်လင့်ချက် ရှိတော့မှာ မဟုတ်ဘူး "

ဤတွင် ပါမောက္ခ အာဒိုနစ် ဆိုသူ လူပုပုသေးသေးက ပထမဆုံးအကြိမ် စတင်စကားပြောလေသည် ။ အသံသြဇာရှိသလောက် ပြောပုံက ညင်သာသိမ်မွေ့နေလေသည် ။

"မိုက်ကယ်လ်ကို တစ်ခုပြောချင်တယ်။ ဒွန်ခရိုစီဟာ ဂီလီယာနိုရဲ့ ရန်သူဖြစ်တယ်ဆိုတာ သိထားစေချင်တယ်။ မောင်ရင့် ဖခင်ကြီး ရရှိထားတဲ့ သတင်းတွေက ခေတ်နောက်ကျနေပြီ၊ ဒါကြောင့် ကျုပ်တို့ အနေနဲ့ ဂီလီယာနိုကို မောင်ရင့်ဆီ ပို့ပေးဖို့ ကိစ္စမှာ အထူးသတိထားပြီး ကြိုတင်ကာကွယ်မှုတွေ လုပ်ထားဖို့ လိုတယ်"

ပါမောက္ခကြီး ပြောသည် မှာ ရောမမြို့တော်၌ ပြောဆိုသောခေတ်ပေါ် အီတလီဘာသာစကားဖြစ်ပြီး ပီစီယိုတာလို စစ္စလီကျွန်းသားတို့ ၏ ရိုးရာဘာသာစကား မဟုတ်ချေ။

ဂီလီယာနို၏ ဖခင်ကြီးကမူ...

"ကျုပ်အနေနဲ့ တော့ ဂီလီယာနို ကို ဒွန်ခရိုစီ က ကူညီပါ့မယ်လို့ ကတိပေးထားတာ ယုံကြည်တယ်၊ ဘာမှ သံသယဖြစ်စရာ မရှိဘူးလို့ ထင်တယ်"

ဟု ဝင်ပြောလိုက်သည် ။

ပါမောက္ခ အာဒိုနစ်သည် မိုက်ကယ်လ်ကိုပင် ဆက်၍ ပြောပြန်သည် ။

"ကျုပ်တို့ အနေနဲ့ မောင်ရင်လုပ်မယ့် အစီအစဉ်တွေကို သိထားမှ ဖြစ်မယ်"

"ဒါတော့ ကျွန်တော်က ဒွန်ခရိုစီကို ပြောပြခဲ့တဲ့ အတိုင်းပဲ၊ ပြောပြနိုင်ပါတယ်။ ကျွန်တော်ရဲ့ တခြားအစီအစဉ်တွေကိုတော့ တခြားလူတွေကို ပြောပြဖို့ မလိုဘူးထင်တယ်၊ တကယ်လို့ ကျွန်တော်က ခင်ဗျားတို့ ကို မေးမယ်ဆိုပါတော့၊ အခု ဂီလီယာနိုက ဘယ်နေရာမှာ ပုန်းနေတာလဲလို့ မေးလျှင် ခင်ဗျားတို့ ဟာ ပြောပြမှာ လား"

မိုက်ကယ်လ်က ဤသို့ ပြောလိုက်လျှင် ပီစီယိုတာသည် ဖြေပုံကို သဘောကျဟန်ဖြင့် ပြုံးလိုက်သည် ။

သို့သော် ပါမောက္ခ အာဒိုနစ်က မိုက်ကယ်လ်၏ မေးခွန်းကို တစ်မျိုး ပြန်ဖြေလေသည် ။

"ဒါကတော့ ကျုပ်တို့ ပြောတာနဲ့ သဘောချင်းမတူဘူး၊ ဂီလီယာနို ဘယ်မှာ ပုန်းနေတယ်ဆိုတာ မောင်ရင်သိဖို့ ဘာမှ မလိုဘူး၊ သို့သော်လည်း ကျုပ်တို့ ကတော့ မောင်ရင်ရဲ့ အစီအစဉ်တွေကို သိဖို့ လိုအပ်တယ်"

"ကျွန်တော်က ခင်ဗျားအကြောင်း ဘာမှ မသိဘူးဗျ"

မိုက်ကယ်လ်က ခပ်တည်တည် ပြောလိုက်ရာ ပါမောက္ခ အာဒိုနစ်သည် ပြုံးလိုက်ပြီးနောက် မတ်တတ်ထကာ သူ့ကိုယ်သူ မိတ်ဆက်သည့် ဟန်ဖြင့် ဦးညွှတ်လိုက်သည် ။

"ကျုပ်က ဂီလီယာနို ကလေးငယ် ဘဝက သူရဲ့ ကျောင်းဆရာဖြစ်ခဲ့တယ်၊ သူ့မိဘများ ရဲ့ သဘောတူချက်အရ ကျုပ်ဟာ ဂီလီယာနိုကို အမြဲစောင့်ရှောက်ဖို့ တာဝန်ယူထားတဲ့ ဂေါ့ဒ်ဖားသားလည်း ဖြစ်ပါတယ်၊ အခုတော့ ကျုပ်ဟာ ပါလာမိုတက္ကသိုလ်မှာ သမိုင်းဘာသာ ပါမောက္ခ ဖြစ်နေပြီ၊ သို့သော်လည်း ဒါတွေက ကျုပ်ရဲ့ အရည်အချင်း မဟုတ်ပါဘူး၊ ကျုပ် အဓိကဆိုလိုချင်တာက ကျုပ်ဟာ အလျင်ကရော အခုရော ဂီလီယာနိုအဖွဲ့ရဲ့ သစ္စာရှိဆုံး အဖွဲ့ဝင်တစ်ဦး ဖြစ်တယ်ဆိုတာ ဒီအခန်းထဲမှာရှိသူအားလုံးက ထောက်ခံကြပါလိမ့်မယ်"

ပါမောက္ခကြီးက ဤသို့ ပြောပြီးနောက် အန်ဒိုလီနီကလည်း ဝင်ပြောပြန်သည်။

"ကျုပ်ကလည်း ဂီလီယာနိုရဲ့ အဖွဲ့သားတစ်ဦး ဖြစ်ပါတယ်၊ ကျုပ်နာမည်ကို ခင်ဗျား သိပြီးသားပဲ၊ ပြီးတော့ ကျုပ်ဟာ ခင်ဗျားနဲ့ ညီအစ်ကိုဝမ်းကွဲလည်း တော်စပ်တယ်"

အမှန်အားဖြင့် မိုက်ကယ်လ်သည် အန်ဒိုလီနီ၏ နာမည်ကို ကြားဖူးနေသည် မှာ အတော်ကြာပြီ ဖြစ်သည်။ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်တတ်သူအဖြစ် လည်းကောင်း၊ သူ့အား သူပုန်တစ်ယောက်အဖြစ် ဖမ်းမိလျှင် ဆုငွေမည်မျှပေးမည်ဟု အစိုးရက ဆုငွေထုတ်ပြန် ကြေညာထားသော ဝရမ်းပြေးတစ်ဦးအဖြစ် လည်းကောင်း၊ မိုက်ကယ်လ်က သိထားပေသည်။ သို့ဖြစ်လင့်ကစား ထိုနေ့မွန်းလွဲပိုင်းက အန်ဒိုလီနီသည် လုံခြုံရေး ရဲတပ်ဖွဲ့အကြီးအကဲ ရဲမှူး ဗီလာဒီနှင့် စားပွဲတွင် အတူထိုင်၍ နေ့လယ်စာ စားခဲ့သည် မှာ အံ့သြဖွယ်ကောင်းလှပေသည်။

အခန်းတွင်းရှိ လူအားလုံးသည် မိမိပြန်ပြောမည့် အဖြေကို စောင့်

နားထောင်ကြသော်လည်း မိုက်ကယ်လ်က သူ၏ အကြံအစည်အားလုံးကို ဖွင့်ပြောရန် မရည်ရွယ်ချေ။ သို့ရာတွင် ဘာမှ မပြောဘဲ နေ၍ မဖြစ်၊ တစ်ခုခုတော့ ပြောသင့်မည်ဟု စဉ်းစားမိလေသည် ။ အထူးသဖြင့် ဂီလီယာနို၏ မိခင်ကြီးက မိမိအား စိုက်ကြည့်နေသဖြင့် မိုက်ကယ်လ်သည် အဘွားကြီးကို စေ့စေ့ကြည့်ကာ စကားပြောလေသည် ။

"ကျွန်တော်ရဲ့ အစီအစဉ်ကတော့ ရှင်းရှင်းကလေးပါပဲ၊ ပထမဆုံး ကျွန်တော် တစ်ခု သတိပေးထားချင်ပါတယ်။ ကျွန်တော့်အနေနဲ့ အချိန်ခုနစ်ရက်ထက် ပိုပြီး စောင့်လို့ မဖြစ်ဘူးဆိုတဲ့ အချက်ပါပဲ၊ ကျွန်တော်က အိမ်က ထွက်လာတာ ကြာလှပြီ ဖြစ်ပါတယ်၊ ကျွန်တော်ရဲ့ ဖခင်ကြီးမှာလည်း အကူအညီ လိုနေပါတယ်။ ကျွန်တော်ရဲ့ ဖခင်ကြီးမှာ လည်း အကူအညီ လိုနေပါတယ်။ ကျွန်တော်ကိုယ်တိုင်က ကိုယ့်မိသားစုရှိရာကို ပြန်သွားဖို့ ဆန္ဒအလွန်ပြင်းပြနေတာကိုလည်း ခင်ဗျားတို့ အားလုံး နားလည်ကြမှာ ပါ၊ ဒါပေမဲ့ ကျွန်တော့်ဖခင်ကြီး ကိုယ်တိုင်က ဂီလီယာနို ကို ကူညီစေချင်တဲ့ ဆန္ဒ ရှိနေပါတယ်။ ကျွန်တော် ရရှိထားတဲ့ ညွှန်ကြားချက်အရ ပထမဆုံး ဒွန်ခရိုစီနဲ့ တွေ့ဆုံပြီးတော့ ထရာပါမြို့ကို ဆက်သွားရပါမယ်၊ ဟိုကျတော့ ဒေသခံ ဒွန်တစ်ဦးအိမ်မှာ တည်းခိုရပါမယ်၊ အဲဒီမှာ အမေရိကန်က လူတချို့ ရောက်နေကြပါလိမ့်မယ်၊ ဒီလူတွေက ကျွန်တော့်အနေနဲ့ လုံးဝ ယုံကြည်စိတ်ချရတဲ့ လူတွေ ဖြစ်ပါတယ်။ အရည်အချင်း ပြည့်စုံတဲ့ လူတွေလည်း ဖြစ်ပါတယ်"

(ဤနေရာ၌ အရည်အချင်းရှိသူဟု ဆိုလိုခြင်းမှာ စစ္စလီကျွန်းသားများ အနေဖြင့် မာဖီးယားဂိုဏ်းမှ အလွန်စိတ်ချရသူ ခေါင်းဆောင်များကို ဆိုလိုကြောင်း နားလည်ကြသဖြင့် မိုက်ကယ်လ်က ထိုစကားလုံးကို သုံးလိုက်ခြင်း ဖြစ်သည် ။)

မိုက်ကယ်လ်က ခေတ္တရပ်ပြီးမှ ဆက်ပြောပြန်သည် ။

"ဂီလီယာနိုဟာ ကျွန်တော့်ဆီကို ရောက်လာတဲ့ အချိန်ကစပြီး သူ့အတွက် ဘေးအန္တရာယ် လုံး၀ မရှိစေရပါဘူး၊ ကျွန်တော် ရှိရမယ့် အိမ်ကြီးကလည်း ရဲတိုက်ကြီး တစ်ခုလို အလွန်ခိုင်လုံတောင့်တင်းတယ်။ နောက်နာရီအနည်းငယ်အတွင်း ကျွန်တော်တို့ ဟာ သင်္ဘောတစ်စင်းနဲ့ အာဖရိကကို ထွက်ကြပါမယ်။ ဟိုရောက်တော့ အထူးလေယာဉ်တစ်စင်းက အသင့်စောင့်နေလိမ့်မယ်၊ ကျွန်တော်တို့ ဟာ ချက်ချင်းပဲ အဲဒီလေယာဉ်နဲ့ အမေရိကန်ကို ဆက်သွားကြပါမယ်။ အမေရိကန် ရောက်ပြီဆိုလျှင်တော့ ကျွန်တော့်ဖခင်ကြီးရဲ့ ကာကွယ်စောင့်ရှောက်မှုအောက် ရောက်သွားမှာ ဆိုတော့ ဂီလီယာနိုအတွက် ဘာမှ ပူစရာ မလိုတော့ဘူး"

"မောင်ရင့်အနေနဲ့ ဂီလီယာနိုကို ဘယ်တော့လောက် လက်ခံဖို့ အဆင်သင့် ဖြစ်မှာ လဲ"

ပါမောက္ခ အာဒိုနစ်က မေးလိုက်သည် ။

"ကျွန်တော်က ထရာပါနီမြို့ကို မနက်စောစော ရောက်သွားပါမယ်။ အဲဒီအချိန်ကစပြီး နောက်နှစ်ဆယ့်လေးနာရီ ကျော်သွားလျှင် အဆင်သင့် ရှိပါမယ်"

မိုက်ကယ်လ်က ပြောလိုက်ရာ ဂီလီယာနို၏ မိခင်ကြီး ရုတ်တရက် ၀မ်းနည်းလာဟန်ဖြင့် ငိုကြွေးလေသည် ။

"ကျုပ်သားကလေး ဂီလီယာနိုဟာ အခုဆိုလျှင် ဘယ်သူ့ကိုမှ ယုံကြည်စိတ်ချတာ မဟုတ်ဘူး ၊ ဒါကြောင့် သူဟာ ထရပါနီမြို့ကို ဘယ်နည်းနဲ့ မှ သွားမှာ မဟုတ်ဘူး "

"ဒါတော့ ကျွန်တော်လည်း မတတ်နိုင်ဘူး၊ သူ မလာလျှင် ကျွန်တော်

ကလည်း သူ့ကို ကူညီနိုင်မှာ မဟုတ်ဘူး ခင်ဗျ"

မိုက်ကယ်လ်က ခပ်ဘွင်းဘွင်း ဝင်ပြောလိုက်ရာ အဘွားကြီးသည် ပို၍ ပင် ဝမ်းနည်းစိတ်ပျက်လာပုံ ရလေသည် ။ ထိုအခါ ပီစီယိုတာသည် အဘွားကြီးအား နှစ်သိမ့်အားပေးလေသည် ။

"အမေကြီးကလည်း သိပ်လည်း မစိုးရိမ်နဲ့ ၊ ဂီလီယာနိုဟာ ဘယ်သူ့ကိုမှ မယုံကြည်ပေမယ့် ကျွန်တော့်စကားကိုတော့ နားထောင်ပါတယ်။ အမေရိကန်ကလာတဲ့ ဒီလူကို ကျွန်တော်တို့ အားလုံးက ယုံကြည်စိတ်ချပါတယ်လို့ ပြောပြလိုက်မယ် မဟုတ်လားခင်ဗျ"

ပီစီယိုတာက စကားကို ခေတ္တရပ်လိုက်ရာ အားလုံးက ခေါင်းညိတ်ပြတော့မှ ဆက်လက်၍ ...

"ကျွန်တော်ကိုယ်တိုင် ဂီလီယာနိုကို ခေါ်ပြီး ထရာပါနီမြို့ကို အရောက်ပို့ပေးပါမယ်" ဟု ပြောလိုက်သည် ။

ဤတွင် အားလုံးက ကျေနပ်သဘောကျ သွားကြလေသည် ။ သူ့အားလူအားလုံးသည် ယုံကြည်စိတ်ချသွားခြင်း ဖြစ်ရမည်ဟု တွေးမိလေသည် ။ စစ္စလီကျွန်းသားသည် ပင်ကိုစရိုက်အရ အလွယ်တကူ ယုံကြည်စိတ်ချလေ့ မရှိ။ အရာရာတွင် သံသယရှိတတ်ကြောင်းကိုလည်း သိထားပေသည် ။

ယခုလောလောဆယ်တွင် မူ သူ့ဖခင်ကြီး၏ အစီအစဉ်များ နှောင့်နှေးနေသည် ကို စိတ်ပျက်မိလေသည် ။ ယခု မိမိသိရသလောက် ဒွန်ခရိုစီသည် ဂီလီယာနို၏ ရန်သူ ဖြစ်နေပေပြီ။ ယင်းအခြေအနေအရ ဂီလီယာနိုသည် အလွယ်တကူ လိုက်လာချင်မှ လာပေမည်။ လုံးလုံး မလာဘဲ နေချင်လည်း နေပေမည်။ တကယ်ဆိုတော့ ဂီလီယာနိုသည် မိမိနှင့် ဘာမျှမသက်ဆိုင်ချေ။ သို့ဖြစ်လင့်ကစား မိမိ၏ ဖခင်ကြီးက

ဘာကြောင့် ဂီလီယာနိုအပေါ် စိတ်ဝင်စားနေရလေသနည်း။ ဤသည် မှာ လည်း စဉ်းစားစရာ ဖြစ်နေပေသည် ။

စားသောက်ပြီးကြသောအခါ မိုက်ကယ်လ်အား အခန်းတစ်ခန်းသို့ ခေါ်သွားကြပြီး ကော်ဖီတိုက်လေသည် ။ ပါမောက္ခ အာဒိုနစ်သည် သူအင်္ကျီအိတ်ထဲမှ လှပသော ရွှေရောင်စီးကရက်ဘူး တစ်ဘူးထုတ်၍ အခြားလူများအား စီးကရက်သောက်ရန် တည်ရင်း သူကိုယ်တိုင်လည်း စီးကရက်တစ်လိပ် မီးညှို၍ သောက်နေလေသည် ။

အဘွားကြီး မာရီယာသည် အခန်းနံရံတွင် ချိတ်ဆွဲထားသော ဓာတ်ပုံကြီးတစ်ပုံကို ညွှန်ပြလေသည် ။ ထိုဓာတ်ပုံမှာ ဂီလီယာနို၏ ပုံပင်ဖြစ်သည် ။

"ကြည့်စမ်းပါဦး၊ ကျွန်မရဲ့ သားကလေးက မချောဘူးလားရှင့်၊ သူဟာ ရုပ်ချောသလောက် စိတ်သဘောထား အလွန်ကောင်းသူလည်း ဖြစ်တယ်။ သားကလေးက တောပုန်းဖြစ်ရတဲ့ အတွက် ကျွန်မဖြင့် အထူးပဲ ရင်နာမိတယ်"

ပြောရင်းနှင့် အဘွားကြီးသည် ပါမောက္ခ အာဒိုနစ်ဘက်သို့ လှည့်၍ ...

"ပေါ်တယ်လာအရပ်မှာ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စကြောင့် ကျွန်မသားကလေး တောပုန်းဖြစ်ခဲ့ရတယ် မဟုတ်လားရှင့်။ အဲဒါ အလကားသက်သက် ကျွန်မသားကလေးကို လုပ်ကြံ အပြစ်တင်ခဲ့တာပါ။ ကျွန်မ သားကလေးအနေနဲ့ ဒီလို ရက်စက်မှုမျိုး ဘယ်တော့မှ မလုပ်ဘူးရှင့်"

ဟု ဆက်ပြောလိုက်သည် ။

မိုက်ကယ်လ်သည် အဘွားကြီးပြောသော ပေါ်တယ်လာအရပ်၌ ဘာ

တွေ ဖြစ်ပျက်ခဲ့လေသနည်းဟု သိချင်သော်လည်း ဖွင့်၍ မမေးဘဲ နေလိုက်သည် ။

"ကျုပ်က ကျောင်းဆရာအဖြစ် ဂီလီယာနိုကို ပညာသင်ကြားပေးခဲ့တုန်းက သူဟာ အလွန်စာဖတ်ဝါသနာ ပါတယ်။ အတိတ်ကာလ သမိုင်းက ထင်ရှားခဲ့တဲ့ သူရဲကောင်းကြီးတွေ၊ နာမည်ကျော် ပုဂ္ဂိုလ်တွေအကြောင်းဆိုလျှင် အကုန်လုံး လေ့လာဖတ်ရှုခဲ့တယ်။ အခုတော့ သူကိုယ်တိုင် ဒဏ္ဍာရီထဲက သူရဲကောင်းတစ်ဦးလို ဖြစ်နေပြီ။ သူ တောပုန်းဖြစ်ရတာကိုတော့ ကျုပ်လည်း အလွန် ဝမ်းနည်းမိပါတယ်"

ဂီလီယာနို၏ မိခင်ကြီးသည် သူ အလွန်ချစ်သော သားအတွက် အထူးစိတ်မကောင်း ဖြစ်နေပုံ ရလေသည် ။

"ကျွန်မသားကလေး ကြာရှည် အသက်ရှင်နေဖို့ တောင် တော်တော်ခက်နေပြီရှင့်၊ ကျွန်မတို့ ကိုက မှားပါတယ်။ ဂီလီယာနိုကို ဒီစစ္စလီကျွန်းမှာ မွေးဖွားအောင် ဆိုပြီး ထွက်လာခဲ့တာ မှားတာပဲ။ အမှန်တော့ ဟိုတုန်းက သားကလေးကို စစ္စလီကျွန်းသား ဇာတိဖြစ်စေချင်တဲ့ စေတနာနဲ့ အမေရိကန်ပြည်က ဒီကို ထွက်လာခဲ့ကြတာပါ။ အခုတော့ ဂီလီယာနိုဟာ စစ္စလီကျွန်းသားတော့ ဖြစ်ပါရဲ့ ၊ သို့သော်လည်း သူဟာ အစိုးရက ဆုငွေထုတ်ပြန်ထားတဲ့ တောပုန်း ဝရမ်းပြေးကြီးတစ်ကောင် ဖြစ်နေရရှာပြီ။ တကယ်ပါရှင်... ကျွန်မရဲ့ သားကလေးဟာ အလွန်စိတ်ကောင်းရှိတဲ့ လူတစ်ယောက်ဖြစ်ပါတယ်"

အဘွားကြီးက ဤသို့ ပြောလိုက်စဉ် ပီစီယိုတာက ပြုံးပြလိုက်သဖြင့် မိုက်ကယ်လ်ကလည်း ပြုံးပြလိုက်သည် ။ အဘွားကြီးအနေဖြင့် သားကို ချစ်လွန်း၍ လွန်ကဲစွာ အမွှမ်းတင် ပြောလိုက်ခြင်းသည် ပိုလွန်းသည် ဟု ဆိုလိုဟန်ဖြင့် ပြုံးပုံမျိုး ဖြစ်လေသည် ။ သို့ရာတွင် ပီစီယိုတာကပင် အ

ဘွားကြီးအား နှစ်သိမ့်ပြောဆိုပြန်သည် ။

"အမေကြီးကလည်း ကိုယ့်သားကို အားကိုးရာမဲ့ အခြေအနေဖြစ်နေပြီလို့ မယူဆပါနဲ့ ။ ဂီလီယာနိုဟာ အစွမ်းရှိသူ ဖြစ်ပါတယ်၊ ရန်သူတွေက အခုအချိန်အထိ သူ့ကို ကြောက်နေတုန်းပဲ ခင်ဗျ"

သည် တော့မှ အဘွားကြီးသည် အနည်းငယ် တည်ငြိမ်အေးဆေးသလို ဖြစ် လာလေသည် ။

"ကျွန်မသားအနေနဲ့ ရန်သူတွေကို သုတ်သင်ကျွပ်မျက်ခဲ့တာတော့ သိပါတယ်။ ဒါပေမဲ့ သူဟာ ဘယ်တော့မှ မတရား မလုပ်ဘူး၊ သူ့ရန်သူတွေကိုလည်း ဘုရားရှိခိုးဆုတောင်းဖို့ အမြဲ အချိန်ပေးလေ့ ရှိတယ်"

ဤသို့ပြောရင်း အဘွားကြီးသည် မိုက်ကယ်လ်၏ လက်ကို ဆွဲ၍ အပြင်ဘက် ဝရန်တာသို့ ခေါ်သွားပြီးမှ ဆက်ပြောလေသည် ။

"ကျွန်မရဲ့ သားကလေးအကြောင်းကို ကျန်တဲ့ လူတွေ တစ်ယောက်မှ ကောင်းကောင်း မသိကြဘူး၊ ဂီလီယာနိုဟာ ဘယ်လောက် သိမ်မွေ့ပြီး စိတ်သဘောထား ကောင်းတယ်ဆိုတာ သူတို့ မသိကြဘူး၊ ကျွန်မရဲ့ စကားကိုလည်း အမြဲနားထောင်တယ်၊ ဘယ်တုန်းကမှ ကြမ်းတမ်းတဲ့ စကားလည်း မပြောခဲ့ဘူး၊ သူဟာ တောပုန်းဖြစ်ပြီး တောင်ပေါ်မှာ သွားနေရခါစ အချိန်ကဆိုလျှင် မအေနဲ့ သား မတွေ့ကြရပေမယ့် တစ်ယောက်ကို တစ်ယောက် အမြဲ သတိရနေကြတယ်၊ တစ်ခါတစ်ခါ သားကလေးဟာ ကျွန်မနားမှာ ရှိနေတယ်လို့ ထင်ရတယ်၊ ဒီညလည်း ပဲ ဒီလို သူရှိနေတယ် ထင်ရတယ်။ ဘာပဲဖြစ်ဖြစ်လေ... အခုအချိန်မှာ သားကလေးကို ကယ်တင်နိုင်တဲ့ လူဆိုလို့ မောင်ရင်တစ်ယောက်တည်းပဲ ရှိတော့တယ်။ ဒါကြောင့် သားကလေး ရောက်လာအောင် စောင့်နေပေးပါ့မယ်လို့ ကတိပေးစမ်းပါ မောင်ရင်ရယ်"

ပြောရင်းနှင့် အဘွားကြီးသည် ဝမ်းနည်းလာကာ မျက်ရည်များ ယိုစီးကျနေရှာလေသည် ။

အပြင်ဘက်တွင် ကား မှောင်မည်းနေပြီ။ ကောင်းကင်မှ ကြယ်တာရာများက မှိတ်တုတ်မှိတ်တုန် ဖြစ်နေသည် ကို မြင်ရလေသည် ။ မြို့တွင်းရှိ လမ်းများ တွင် ကား ရုံဖန်ရံခါ ကင်းလှည့်နေသော ကာရာဘီနာရီ လက်နက်ကိုင် ရဲတပ်ဖွဲ့များ ၏ စကားပြောသံများက လွဲ၍ အခြားအသံများ မကြားရချေ။ တစ်မြို့လုံး ခြောက်ကပ်နေသည် ကို မိုက်ကယ်လ် သတိပြုမိလေသည် ။

"ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော် တတ်နိုင်သလောက် စောင့်ပေါ့မယ်။ ဒါပေမဲ့ အမေရိကန်မှာ ကျွန်တော့်ဖခင်ကြီးကလည်း အကူအညီလိုအပ်နေပါတယ်။ ဒါကြောင့် အမေကြီးက ဂီလီယာနိုကို ကျွန်တော့်ဆီလာအောင် တိုက်တွန်းပေးစေလိုပါတယ်"

ဤသို့ ပြောလိုက်ရာ အဘွားကြီးသည် ခေါင်းညိတ်ပြပြီးနောက် မိုက်ကယ်လ်အား အခြားလူများ ရှိရာ အိမ်တွင်းသို့ ပြန်ခေါ်သွားလေသည် ။

"ဒီမြို့မှာ နေဝင်မီးငြိမ်းအမိန့် ထုတ်ထားတဲ့ အတွက် အားလုံး ဒီအိမ်မှာ ပဲ မနက်မိုးမလင်းချိန်အထိ စောင့်နေကြဖို့ ဆုံးဖြတ်ထားတယ်၊ ညဘက်ထွက်လျှင် သေနတ်ကိုင်ပစ်ချင်လို့ လက်ယားနေတဲ့ ရဲတပ်သားတွေ ရှိနေတဲ့ အတွက် အန္တရာယ်ရှိနိုင်တယ်။ ဒါကြောင့် မိုးလင်းအောင် စောင့်မှ ကောင်းမယ်၊ ခင်ဗျားအနေနဲ့ ကန့်ကွက်စရာ ရှိပါသလား"

ပီစီယိုတာက မေးလိုက်ရာ မိုက်ကယ်လ်ကလည်း "ကျုပ်က ဘာမှ ကန့်ကွက်စရာ မရှိပါဘူး၊ အိမ်ရှင်တွေအဖို့ တာဝန်ကြီးနေမှာ သာ စိုးပါတယ်"

ဟု ပြန်ပြောလိုက်သည် ။

သို့သော် အိမ်ရှင်များက လုံးဝ အားနာစရာ မရှိကြောင်း ပြောလျက် မိုက်ကယ်လ်အား စိတ်ချမ်းသာစွာ နေနိုင်ကြောင်း ပြောကြားကြလေသည် ။

အမှန်အားဖြင့် ဂီလီယာနို၏ မိဘများ အဖို့ ညလုံးပေါက် မအိပ်ဘဲ နေခဲ့ခြင်းမှာ အဆန်းမဟုတ်ပါချေ။ သားဖြစ်သူ ဂီလီယာနိုက မိဘများ ထံသို့ မကြာခဏ တိတ်တဆိတ် လာရောက်တွေ့ဆုံသည့် အခါ ဆိုလျှင် အိမ်သားများက တစ်ညလုံး မအိပ်ဘဲ နေလေ့ ရှိကြသည် ။

ယခုညအဖို့ ပြောစရာ စကားတွေက မကုန်နိုင်အောင် များ လှသည် ဖြစ်၍ မိုးလင်းသည် အထိ စောင့်ဆိုင်းရန် မခဲယဉ်းပေ။ အဘွားကြီး မာရီယာက အားလုံးအတွက် ကော်ဖီဖျော်တိုက်လေသည် ။

မိုက်ကယ်လ်သည် ဂီလီယာနိုအကြောင်း ပို၍ ပြည့်စုံစွာ သိလိုသဖြင့် သူ့အား အကြောင်းစုံ ပြောပြရန် မေတ္တာရပ်လိုက်ရာ အဘိုးကြီး အမယ်ကြီးတို့ က သူတို့ ၏ သားကလေးသည် လူတော်လူကောင်းက လေး ဖြစ်ကြောင်းကို အမွှမ်းတင် ပြောပြကြလေသည် ။ အန်ဒိုလီနီက တစ်ချိန်က သူ၏ အသက်ကို ဂီလီယာနိုက ချမ်းသာပေးခဲ့ပုံအကြောင်း ပြောပြပြီး ပီစီယိုတာကမူ ဂီလီယာနိုသည် မည်မျှ သတ္တိရှိပုံ၊ သို့သော် ရက်စက်ကြမ်းကြုတ်ခြင်း မရှိပုံတို့ ကို ပြောပြလေသည် ။ ဂီလီယာနိုသည် သစ္စာဖောက်သူများ နှင့် ရန်သူများ အပေါ် ငဲ့ညှာထောက်ထားခြင်း မရှိ လင့်ကစား လူသားတို့ ၏ ဂုဏ်သိက္ခာကို ထိပါးစော်ကားခြင်း မရှိကြောင်းလည်း ပီစီယိုတာက ပြောပြရင်း ဆက်လက်၍ ပေါ်တယ်အရပ်၌ ဖြစ်ပျက်ခဲ့ပုံအကြောင်းကိုပါ ပြောပြလေသည် ။

"အဲဒီနေ့ကဆိုလျှင် ဂီလီယာနိုဟာ ဝမ်းနည်းကြေကွဲလွန်းလို့ အဖွဲ့သားအားလုံး ရှေ့မှာ မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရှာတယ်"

ဤသို့ ပီစီယိုတာက စကားကို အဆုံးသတ်လိုက်ရာ အဘွားကြီး မာရီယာကလည်း ...

"ကျွန်မသားကလေး ဘယ်နည်းနဲ့ မှ လူတွေကို သက်သက်မဲ့ သတ်ဖြတ်ခဲ့မှာ မဟုတ်ဘူး ရှင့်"

ဟု ဝင်ပြောလိုက်သည်။

ဤတွင် ပါမောက္ခ အာဒိုနစ်က အဘွားကြီးအား နှစ်သိမ့်အားပေးလေသည်။

"ဂီလီယာနိုက ညင်သာသိမ်မွေ့သူ တစ်ယောက်ဖြစ်တာကို ကျုပ်တို့အားလုံး သိပြီးသားပဲ"

ပြောရင်းနှင့် ပါမောက္ခကြီးသည် မိုက်ကယ်လ်ဘက်သို့ လှည့်ပြောပြန်သည်။

"ဂီလီယာနိုက စာဖတ်အလွန်ဝါသနာပါတယ်၊ ငယ်ငယ်တုန်းက ဝါသနာအရ သူဟာ ကြီးလာလျှင် ကဗျာဆရာ (သို့မဟုတ်) သုတေသန ပညာရှင်တစ်ဦး ဖြစ်လာလိမ့်မယ်လို့ တောင် ကျုပ်က ထင်ခဲ့မိတယ်။ ပင်ကိုစရိုက်အရ စိတ်တိုတတ်ပေမဲ့ ရက်စက်ကြမ်းကြုတ်တဲ့ စိတ်မျိုးတော့ လုံးဝ မရှိဘူး၊ နောက်ပြီး ဂီလီယာနိုဟာ မတရားမှု မှန်သမျှကို အလွန်စက်ဆုပ်တယ်၊ လက်နက်ကိုင် ရဲတပ်ဖွဲ့ဝင်တွေက ဆင်းရဲသားတွေကို နှိပ်စက်ပြီး ချမ်းသာကြွယ်ဝသူတွေကို မျက်နှာလို မျက်နှာရ လုပ်တာကိုလည်း သူက အလွန်မုန်းတီးတယ်။ သူဟာ ငယ်စဉ်ကတည်းက ဆင်းရဲနွမ်းပါးသူ လယ်သမားတွေအပေါ် ကရုဏာ ရှိခဲ့တယ်။ ဆင်းရဲသားတွေရဲ့ ဘဝကို ကြည့်ပြီး ရင်နာတတ်တယ်။ တကယ်ပါဗျာ... ဂီလီယာနိုဟာ ညင်သာ သိမ်မွေ့တဲ့ လူငယ်တစ်ယောက်ပါပဲ"

ဤတွင် ပီစီယိုတာ က ရယ်မောလိုက်သည် ။

"အခုတော့ ဂီလီယာနိုက သိပ်ပြီး ညင်သာသိမ်မွေ့မှု မရှိတော့ဘူးခင်ဗျ။ ပါမောက္ခကြီးကလည်း ဒီမှာ လာပြီး ကျောင်းဆရာ လေသံမျိုးနဲ့ မပြောစမ်းပါနဲ့ ၊ ခင်ဗျားက ခန္ဓာကိုယ် သေးကွေးတယ်ဆိုပြီး အခွင့်အရေးယူချင်ပုံ ရတယ်။ တကယ်တော့ မြင်းပေါ်တက်စီးလိုက်လျှင် ခင်ဗျားဟာ တခြားလူတွေလိုပဲ လူတန်းစေ့တဲ့ လူတစ်ယောက်နဲ့ မခြားပါဘူး ဟဲ... ဟဲ"

ပီစီယိုတာက သရော်သလို ပြောလိုက်ရာ ပါမောက္ခကြီးသည် ပြစ်တင်ရှုတ်ချဟန်ဖြင့် ပြန်ကြည့်လိုက်သည် ။

"ဟေ့ ပီစီယိုတာ၊ ဒီအချိန်မှာ မင်းရဲ့ ရယ်စရာဟာသတွေ ဝင်ပြောဖို့ အချိန်မျိုး မဟုတ်ဘူး ကွ" ဟု ပြောလိုက်သည် ။

ပီစီယိုတာကလည်း ပါမောက္ခကြီးအား မထီမဲ့မြင်ပြုဟန်ဖြင့်...

"ဘာလဲ... ကျွန်တော်က ခင်ဗျားကို ကြောက်လိမ့်မယ် ထင်လို့ လား "

ဟု ဘုကျကျ ပြန်ပြောလိုက်သည် ။

မိုက်ကယ်လ်သည် ဘေးမှ အကဲခတ်ကြည့်နေရင်း ပါမောက္ခကြီးနှင့် ပီစီယိုတာတို့ သည် တစ်ဦးကိုတစ်ဦး မျက်မုန်းကျိုးနေကြသူများ ပါတကား ဟု ရိပ်မိလေသည် ။ ပီစီယိုတာဆိုလျှင် ပါမောက္ခ အာဒိုနစ်၏ ခန္ဓာကိုယ်သေးကွေးပုံကို အမြဲဖော်ထုတ်လျက် လှောင်ပြောင်သရော်သကဲ့သို့ ပါမောက္ခကြီးကလည်း ပီစီယိုတာနှင့် စကားပြောလျှင် အမြဲတမ်း ခပ်ထန်ထန် ပြောလေ့ ရှိသည် ။ သူတို့ နှစ်ဦးသည် တစ်ယောက်ကို တစ်ယောက် ယုံကြည်ကြပုံ မရချေ။

အန်ဒိုလီနီကိုလည်း အပြည့်အဝ ယုံကြည်စိတ်ချပုံ မရချေ။

ဂီလီယာနို၏ မိခင်ကြီးကမူ မည်သူ့ကိုမှ အကြွင်းမဲ့ ယုံကြည်မှု မရှိသည့် ဟန်မျိုး ဖြစ်နေသည် ။

မည်သို့ပင် ဖြစ်စေ… သူတို့ အားလုံးမှာ ဂီလီယာနိုကိုတော့ အလွန်ချစ်ခင်ကြကြောင်း ထင်ရှားသည် ဟု မိုက်ကယ်လ်က စိတ်ထဲမှ ကောက်ချက်ချမိလေသည် ။

ညသည် တဖြည်းဖြည်းနှင့် ကုန်လွန် လာလေသည် ။

မိုက်ကယ်လ်သည် ရုတ်တရက်စိတ်ကူးရသဖြင့်…

"ဒါထက် ဂီလီယာနိုမှာ နေ့စဉ်မှတ်တမ်း ဒိုင်ယာရီစာအုပ်တစ်အုပ် ရှိတယ်လို့ သိရပါတယ်။ အဲဒီ စာအုပ်က အခု ဘယ်မှာ လဲ"

ဟု မေးလိုက်သည် ။

ဤတွင် တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည် ။ အားလုံးက ဝိုင်းကြည့်နေကြပုံမှာ မိုက်ကယ်လ်ကိုပါ မယုံကြည်ဘဲ သံသယဖြစ်သည့် ဟန်မျိုး ဖြစ်နေသည် ။

ခဏကြာမှ ပါမောက္ခ အာဒိုနစ်က စကားပြောလေသည် ။

"ဒိုင်ယာရီ မှတ်စုစာအုပ် ရေးထားဖို့ ကျုပ်ကိုယ်တိုင် တိုက်တွန်းခဲ့လို့ ဂီလီယာနိုက စတင်ရေးခဲ့ခြင်း ဖြစ်တယ်။ သူရေးတဲ့ နေရာမှာ လည်း ကျုပ်က ကူညီခဲ့တယ်။ စာအုပ်ရဲ့ စာမျက်နှာတိုင်းမှာ ဂီလီယာနိုကိုယ်တိုင် လက်မှတ်ရေးထိုးထားတယ်၊ စာအုပ်ထဲမှာ ပါတဲ့ အကြောင်းအရာတွေကတော့ စုံလို့ ပါပဲ၊ ဒွန်ခရိုစီနဲ့ လျှို့ဝှက် မဟာမိတ် လုပ်ထားခဲ့ပုံ၊ ရောမမြို့တော်က ဗဟိုအစိုးရနဲ့ နားလည်မှု ယူခဲ့ပုံတို့ အပြင် ပေါ်တယ်လာအရပ်မှာ ဖြစ်ပျက်ခဲ့တဲ့ အရေးအခင်းရဲ့ ဖြစ်ပျက်အမှန်ကိုပါ အပြည့်

အစုံ ရေးထားတယ်။ တကယ်လို့ သာ အဲဒီစာအုပ်ထဲက အကြောင်းတွေကို အများ ပြည်သူ ပရိသတ်က သိလျှင်တော့ လက်ရှိ အီတလီအစိုးရ ပြုတ်ကျသွားမှာ သေချာတယ်။ ဒါကြောင့် ဒီမှတ်တမ်းစာအုပ်ဟာ ဂီလီယာနိုအဖို့ အကျပ်အတည်း ဖြစ်လာလျှင် ထုတ်သုံးဖို့ အတွက် ဖှက်ဖဲတစ်ချပ်သဘောပဲ ဖြစ်တယ်"

"ဒီစာအုပ်ဟာ လုံခြုံစိတ်ချတဲ့ နေရာမှာ ထားမယ်လို့ မျှော်လင့်ပါတယ်"

မိုက်ကယ်လ်က ပြောလိုက်လျှင် ပီစီယိုတာက သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည် ။

"ဟုတ်တယ်.. အဲဒါ အရေးကြီးတယ်၊ ဒွန်ခရိုစီ ဆိုလျှင် အဲဒီမှတ်တမ်းစာအုပ်ကို အလွန်လိုချင်နေတယ်"

ပီစီယိုတာက ပြောပြီးနောက် ဂီလီယာနို၏ မိခင်ကြီးကလည်း မိုက်ကယ်လ်ဘက်သို့ လှည့်ပြောပြန်သည် ။

"သင့်တော်တဲ့ အချိန်ကျလျှင် ဒိုင်ယာရီမှတ်တမ်းစာအုပ်ကို မောင်ရင့်လက် ရောက်အောင် ပို့ပေးဖို့ စီစဉ်ပေးပါ့မယ်။ မောင်ရင်က ဟိုကောင်မလေးနှင့် အတူ မှတ်တမ်းစာအုပ်ကိုပါ အမေရိကန်ရောက်အောင် ဆောင်ကြဉ်းနိုင်သွားလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

"ဘယ်ကောင်မလေးကို ပြောတာလဲ ခင်ဗျာ"

မိုက်ကယ်လ်က အံ့အားသင့်စွာဖြင့် ပြန်မေးလိုက်ရာ ရုတ်တရက် မည်သူကမျှ ပြန်မဖြေဘဲ မပြောချင်သလို ၊ အားနာသလို ဖြစ်နေကြသည် ။ အတန်ကြာမှ မိခင်ကြီးက ပြန်ဖြေလေသည် ။

"ကောင်မလေးဆိုတာ ဂီလီယာနိုနဲ့ လက်ထပ်ဖို့ စေ့စပ်ထားတဲ့ မိန်း

ကလေး ဖြစ်ပါတယ်။ အခု သူ့မှာ လည်း ကိုယ်ဝန်ရှိနေတယ်"

ဤသို့ ပြောပြီးမှ အဘွားကြီးသည် ကျန်လူများ ဘက်သို့ လှည့်၍ ဆက်ပြောပြန်သည် ။

"ကောင်မလေးကို ဒီမှာ တော့ ဘယ်နည်းနဲ့ မှ ဖျောက်ထားလို့ ရမှာ မဟုတ်ဘူး ၊ ဒါကြောင့် မိုက်ကယ်လ်က မိန်းကလေးကို ခေါ်သွားမယ်၊ မသွားဘူးဆိုတာ ပြတ်ပြတ်သားသား သိရမှ ဖြစ်မယ်၊ သူကိုယ်တိုင် သူ့ဆန္ဒကို ပြောပါစေ"

အဘွားကြီးသည် မိုက်ကယ်လ် မည်သို့ ဆုံးဖြတ်မည်ကို စိုးရိမ်နေပုံရလေသည် ။ ထို့နောက် ဆက်လက်၍ မိုက်ကယ်လ်အား တိုက်ရိုက်ပြောလေသည် ။

"မိန်းကလေးဟာ မောင်ရင်ရှိနေရင် ထရာပါမြို့ကို လာလိမ့်မယ်၊ ဂီလီယာနိုရဲ့ ဆန္ဒဟာ မောင်ရင့်အနေနဲ့ ကောင်မလေးကို အမေရိကန်ပြည် အရောက် ခေါ်သွားစေချင်တယ်၊ ဟိုကို ချောမောစွာ ရောက်သွားကြောင်း ကောင်မလေးက ပြန်သတင်းပို့လိုက်လျှင် ဂီလီယာနိုက မောင်ရင့်ဆီ လာလိမ့်မယ်"

ထိုစကားကို မိုက်ကယ်လ်သည် ခေတ္တစဉ်းစားပြီးမှ သတိထားလျက် ပြန်ဖြေလေသည် ။

"ဒါနဲ့ ပတ်သက်လို့ ကျွန်တော့်မှာ ညွှန်ကြားချက် ဘာမှ မရှိဘူးခင်ဗျ၊ နောက်ပြီး ခရီးထွက်ဖို့ အချိန်သတ်မှတ်ချက်နဲ့ ပတ်သက်လို့ ထရာပါနီမြို့က ကျွန်တော်တို့ လူတွေနဲ့ ညှိနှိုင်း တိုင်ပင်ရပါဦးမယ်၊ ကျွန်တော် တစ်ခုတော့ သိထားပါတယ်။ အဲဒါကတော့ ဂီလီယာနို အမေရိကန်ကို ရောက်သွားပြီးလျှင် မိဘနှစ်ပါးဖြစ်တဲ့ အမေကြီးတို့ ဇနီးမောင်နှံဟာလည်း အမေရိကန်ကို ဆက်လိုက်သွားဖို့ အစီအစဉ်ရှိတယ်ဆိုတဲ့

အချက်ပါပဲ၊ ဒီတော့ မိန်းကလေးဟာလည်း ခင်ဗျားတို့ နဲ့ ကျမှ လိုက်သွားလို့ မဖြစ်ဘူးလား"

ဤတွင် ပီစီယိုတာက လေသံခပ်တင်းတင်းဖြင့် ပြောလေသည် ။

"ဒီမယ်... မိန်းကလေးကို အလျင် ကြိုလွှတ်တာဟာ ခင်ဗျားကို စမ်းသပ်တဲ့ သဘောပဲ၊ ကောင်မလေးက အမေရိကန်ရောက်သွားပြီးလျှင် လျှို့ဝှက်သင်္ကေတသဘော စကားဝှက်နဲ့ ဒီကို အကြောင်းကြားလိုက်လိမ့်မယ်။ ဒီတော့မှ ဂီလီယာနိုက ခင်ဗျားဟာ ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်ဆိုတာ သိရလိမ့်မယ်။ ဒီတော့မှ လည်း ခင်ဗျားဟာ သူ့ကို စစ္စလီကျွန်းက ခေါ်ထုတ်သွားနိုင်တဲ့ အရည်အချင်းရှိကြောင်း ဂီလီယာနိုက ယုံကြည်ပါလိမ့်မယ်"

ဤတွင် ဂီလီယာနို၏ ဖခင်ကြီးက ပီစီယိုတာအား ဒေါသထွက်ဟန်ဖြင့် ဝင်ပြောလေသည် ။

"ဟေ့... မင်းကို ငါပြောပြီးပြီ မဟုတ်လား၊ ငါ့သားကိုလည်း ပြောပြီးပြီ၊ ဒွန်ခရိုစီက ငါတို့ မိသားစုကို ကူညီပါ့မယ်လို့ အခိုင်အမာ ကတိပေးထားတယ်ကွ"

သို့ရာတွင် ပီစီယိုတာသည် အဘိုးကြီးအား ဂရုမစိုက်ဘဲ...

"ကျွန်တော်ကလည်း ဂီလီယာနို ကိုယ်တိုင် အမိန့်ပေးထားတဲ့ အတိုင်း ပြောရတာပဲ"

ဟု ခပ်တည်တည် ပြန်ပြောလေသည် ။

ထိုအချိန်တွင် မိုက်ကယ်လ်သည် လျင်မြန်စွာ စဉ်းစားလိုက်ပြီးနောက် သူ၏ သဘောထားကို ပြောလေသည် ။

"ဟုတ်ပါတယ်၊ ဒီအကြံက အလွန်လိမ္မာပါးနပ်တဲ့ အကြံပဲလို့ ဆိုရပ့ါ

မယ်။ ဒီတော့ စစ္စလီကျွန်းက ထွက်ပြေးလွတ်မြောက်ဖို့ နည်းလမ်းကို တကယ်စိတ်ချရသလားဆိုတာ သေချာအောင် စမ်းကြည့်နိုင်ပါတယ်"

ဤသို့ ပြောလိုက်သော်လည်း သူ၏ စိတ်ထဲတွင် ကား အကြံတစ်မျိုး ရှိနေလေသည် ။

ဂီလီယာနိုအား တကယ်ခေါ်ထုတ်သွားရာတွင် ယခု သူပြောပြထားသော နည်းလမ်းကို အသုံးမပြုရန် ဆုံးဖြတ်ထားပြီး ဖြစ်သည် ။ ထို့ကြောင့် သူသည် အဘွားကြီးဘက်သို့ လှည့်၍ ...

"ကျွန်တော်က အမေကြီးတို့ ဇနီးမောင်နှံနဲ့ အတူ ကောင်မလေးကိုပါ အမေရိကန်ပြည်ကို ပို့ပေးနိုင်ပါတယ်"

ဟု ပြောလိုက်သည် ။

ထိုအခါ ပါမောက္ခ အာဒိုနစ်က ထောက်ခံသည့် အနေဖြင့်..

"အဲဒီအကြံလည်း မဆိုးလှဘူး" ဟု ဝင်ပြောလိုက်သည် ။

သို့ရာတွင် ဂီလီယာနို၏ မိခင်ကြီးက သဘောကျပုံ မရဘဲ...

"ကျွန်မတို့ ကတော့ သားကလေး ဂီလီယာနို ဒီမှာ ရှိသမျှ ကာလပတ်လုံး စစ္စလီကျွန်းက ဘယ်နည်းနဲ့ မှ ထွက်မသွားနိုင်ဘူး ရှင့်"

ဟု ပြောလိုက်ရာ သူမ၏ ခင်ပွန်း အဘိုးကြီးကလည်း သဘောတူဟန်ဖြင့် ခေါင်းညိတ်လေသည် ။

မိုက်ကယ်လ်သည် အဘိုးကြီး အမယ်ကြီးတို့ ၏ စိတ်ထဲ မည်သို့ တွေးတောနေသည် ကို ရိပ်မိလေသည် ။ အကယ်၍ ဂီလီယာနိုက ဤစစ္စလီကျွန်းတွင် သေဆုံးသော် သူတို့ ဇနီးမောင်နှံအနေဖြင့် အမေရိကန်ပြည်တွင် ရောက်မနေလိုကြချေ။ မိဘနှစ်ပါးအဖြစ် သားဖြစ်သူ ကွယ်လွန်

ချိန်တွင် ယူကျုံးမရ ဝမ်းနည်းငိုကြွေးရင်း အလောင်းကိုလည်း လှပစွာ သင်္ဂြိုဟ်ရန် ဝတ္တရားရှိပေသည် ။ ဂီလီယာနို၏ ချစ်သူ မိန်းကလေးက တော့ သွေးသားမတော်စပ်သဖြင့် အမေရိကန်သို့ သွားချင်သွားနိုင်သည် ။ သူတို့ ကတော့ မိဘများ အဖြစ် မည်သည့် နည်းနှင့် မျှ ဂီလီယာနို စစ္စလီကျွန်းတွင် ရှိနေခိုက် ထွက်မသွားချင်ကြပေ။

ဤသို့လျှင် အဘိုးကြီး အမယ်ကြီးတို့ က တွေးခေါ်လျက် စစ္စလီကျွန်းမှ ကြိုတင်ထွက်ခွာသွားရန် ငြင်းဆန်ခြင်း ဖြစ်တန်ရာသည် ။

စကားပြတ်သွားကြပြီးနောက် အဘွားကြီး မာရီယာသည် မိုက်ကယ်လ်အား မှတ်တမ်းစာအုပ် တစ်အုပ် ထုတ်ပြလေသည် ။ ထိုမှတ်တမ်းစာအုပ်တွင် သတင်းစာများက ဂီလီယာနိုအကြောင်း ရေးသားဖော်ပြချက်များ ၊ ရောမမြို့မှ ဗဟိုအစိုးရက ဂီလီယာနိုအား ဖမ်းဆီးလျှင် ဆုငွေ မည်မျှပေးမည်ဟု အကြိမ်ကြိမ် ထုတ်ပြန်ကြေညာချက်များ စသည် တို့ ပါရှိလေသည် ။

ထို့ပြင် ၁၉၄၈ ခုနှစ်က နာမည်ကြီး အမေရိကန် လိုက်ဖ် မဂ္ဂဇင်း၌ ဂီလီယာနိုအကြောင်း ရေးသားဖော်ပြထားသည့် ဓာတ်ပုံဆောင်းပါးတစ်ပုဒ်ကိုလည်း အဘွားကြီးက ထုတ်ပြသေးသည် ။ ယင်းဆောင်းပါး၌ ဂီလီယာနိုအား မဇ္ဈိမခေတ် အင်္ဂလန်ပြည်မှ နာမည်ကျော် တောပုန်းကြီး ရော်ဟင်ဟု နှင့် တူပုံ၊ ချမ်းသာကြွယ်ဝသူများ ထံမှ လုယက်တိုက်ခိုက်၍ ဆင်းရဲနွမ်းပါးသူများအား ပေးကမ်းကူညီလေ့ရှိပုံ စသည် တို့ ကို အကျယ်တဝင့် ရေးသားဖော်ပြထားသည့် အပြင် ဂီလီယာနိုကိုယ်တိုင်က သတင်းစာတိုက်များ သို့ ထုတ်ပြန်ပေးပို့ခဲ့သည့် ကြေညာချက်တစ်စောင်ကိုပါ ထည့်သွင်းဖော်ပြထားပေသည် ။

အဆိုပါ ဂီလီယာနို၏ ကြေညာချက်တွင် အောက်ပါစာပိုဒ်တစ်ပိုဒ် ပါ

သည် ကိုလည်း မိုက်ကယ်လ်က ဖတ်မိလေသည်။

"ကျွန်ုပ်သည် စစ္စလီကျွန်း လွတ်မြောက်ရေးအတွက် ငါးနှစ်တိုင်တိုင် တိုက်ခဲ့ပါသည် ။ ချမ်းသာကြွယ်ဝသူများ ထံမှ ကျွန်ုပ်ယူခဲ့သော ငွေကြေးပစ္စည်းများကိုလည်း မရှိဆင်းရဲသူများအား ဝေငှပေးခဲ့ပါသည် ။ ကျွန်ုပ်သည် တောပုန်းတစ်ယောက်ဖြစ်သလော၊ လွတ်လပ်ရေးအတွက် တိုက်ခိုက်နေသူတစ်ယောက် ဖြစ်သလောဟူသော အဖြေကို စစ္စလီကျွန်းသူကျွန်းသားများကသာ ဆုံးဖြတ်ကြညာခွင့် ရှိပါသည် ။ အကယ်၍ ပြည်သူတွေက ကျွန်ုပ်အား အပြစ်တင်ရှုတ်ချပါလျှင် ကျွန်ုပ်ကိုယ်တိုင် ပြည်သူတို့ ၏ အဆုံးအဖြတ်ကို ခံယူရန် အသင့်ခံပါမည်။ လက်နက်ချဝင်လာပါမည်။ သို့သော် ပြည်သူက ကျွန်ုပ်ဘက်က ရပ်တည်နေသမျှကာလပတ်လုံး ကျွန်ုပ်က ဆက်လက်တိုက်နေမည်"

ယင်းစာပိုဒ်ကို ဖတ်ကြည့်ရင်း မိုက်ကယ်လ်၏ စိတ်ထဲ၌ ဂီလီယာနိုသည် ထွက်ပြေးတိမ်းရှောင်နေသော တောပုန်း (သို့မဟုတ်) သူပုန်တစ်ယောက်နှင့် မတူပါတကားဟု တွေးမိလေသည် ။ သူစာဖတ်နေစဉ် ဘေး၌ ရှိနေသူ အဘွားကြီး မာရီယာ၏ မျက်နှာကလည်း သူ့သားအတွက် ဂုဏ်ယူကြွားဝင့်သည့် ဟန်မျိုး ဖြစ်နေပေသည် ။ ထိုအချိန်၌ မိုက်ကယ်လ်သည် အဘွားကြီးကို လှမ်းကြည့်ရင်း သူ၏ မိခင်နှင့် လည်း ခပ်ဆင်ဆင်တူသည် ဟု အောက်မေ့မိလေသည် ။ မည်သို့ပင်ဖြစ်စေ အဘွားကြီး မာရီယာသည် သူ့သား ဂီလီယာနိုအား အလွန်ချစ်မြတ်နိုးကြောင်း ထင်ရှားလှပေသည် ။

အချိန် တဖြည်းဖြည်း ကုန်လွန်၍ အရဏ်တက်ချိန် ရောက်လာသောအခါ မိုက်ကယ်လ်သည် ခရီးထွက်ရန် ပြင်ဆင်ရင်း အိမ်ရှိ လူများအားနှုတ်ဆက်ရာ ဂီလီယာနို၏ မိခင်ကြီးက မိုက်ကယ်လ်အား အလွန်ခင်မ

င်ရင်းနှီးစွာ ပွေ့ဖက် နှုတ်ဆက်ရှာလေသည်။

"မောင်ရင့်ကို မြင်ရတော့ သားကလေး ဂီလီယာနိုကို အထူးသတိရတယ်၊ မောင်ရင့်ကို ယုံကြည်စိတ်ချပါတယ်"

ဤသို့ပြောပြီး အဘွားကြီးသည် ခရစ္စယာန်ဘာသာဝင်တို့ ကိုးကွယ်သော ခရစ်တော်၏ မိခင် မယ်တော်မာရီ၏ သစ်သားရုပ်တုတစ်ခုကို မိုက်ကယ်လ်အား ပေးလေသည်။ ရုပ်တုမှာ အနက်ရောင် ဖြစ်သည်။

"ဟောဒါကို လက်ဆောင်အဖြစ် ယူသွားပါကွယ်, မောင်ရင့်အတွက် လက်ဆောင်အဖြစ် ပေးဖို့ ဒီပစ္စည်းကလေးပဲ ရှိပါတယ်"

မိုက်ကယ်လ်က မယူပါရပါစေနှင့် ငြင်းဆန်သော်လည်း အဘွားကြီးသည် လက်မခံဘဲ ဇွတ်အတင်းပင် ပေးလေသည်။

ပါမောက္ခ အာဒိုနစ်ကလည်း ထောက်ခံသည့် အနေဖြင့်...

"ဒီလို ရုပ်တုမျိုးတွေက အတော်ရှားပါးပါတယ်၊ စစ္စလီကျွန်းမှာ ဆိုလျှင် မရှိသလောက်ဘဲ၊ ရုပ်တုရဲ့ ပုံတော်ကတော့ အာဖရိကတိုက်က လက်ရာနှင့် တူနေတယ်"

ဟု ပြောလေသည်။ အဘွားကြီးကမူ...

"ရုပ်တုရဲ့ ပုံသဏ္ဌာန်က အရေးမကြီးပါဘူး၊ အရေးကြီးတာက မောင်ရင် ဒီရုပ်တုပုံတော်ကို ရှိခိုးဆုတောင်းလို့ ရတယ်ကွဲ့"

ဟု ပြောလေသည်။ ပီစီယိုတာကပါ ဝင်၍ ထောက်ခံလေသည်။

"ဟုတ်တယ်ဗျ၊ ဒီရုပ်တုတော်က မုချ ကောင်းကျိုးပေးနိုင်ပါတယ်"

ထိုနောက် ပီစီယိုတာသည် အဘွားကြီးအား နမ်းရှုပ်၍ နှုတ်ဆက်လေသည်။

"မင်းကိုလည်း ငါ့သားလိုပဲ ချစ်ပါတယ်ကွယ်၊ ငါ့သားလေးက ဂီလီယာနို အသတ်မခံရအောင် စောင့်ရှောက်ပါကွယ် နော်"

အဘွားကြီးက မျက်ရည်ဖြိုင်ဖြိုင်ကျလျက် ပြောရာ ပီစီယိုတာလည်း သနားကရုဏာ ဖြစ်သွားပုံ ရလေသည်။

"မစိုးရိမ်ပါနဲ့ အမေကြီးရယ်၊ အမေကြီးတို့ မိသားစုအားလုံး အမေရိကန်ပြည်မှာ အသက်ထက်ဆုံး အေးအေးဆေးဆေး နေကြရမှာ သေချာပါတယ်"

ဤသို့ နှစ်သိမ့် အားပေးပြီးနောက် ပီစီယိုတာသည် မိုက်ကယ်လ်ဘက်သို့ လှည့်၍ ..

"စိတ်ချဗျာ... ဂီလီယာနိုကို ရက်သတ္တတစ်ပတ်အတွင်း ခင်ဗျားဆီ ရောက်အောင် ခေါ်လာခဲ့ပါမယ်"

ဟု ပြောလိုက်သည်။ ထိုနောက် သူသည် အိမ်ထဲမှ လျှင်မြန်စွာ ထွက်သွားလေသည်။

ပီစီယိုတာတွင် လည်း အနီရောင် ခရီးသွားလာခွင့် လက်မှတ် ရှိသဖြင့် သူတို့ ၏ တောင်ပေါ်စခန်းသို့ ရောက်အောင် ပြန်သွားရန် ခဲယဉ်းစရာ မရှိပေ။

ပါမောက္ခ အာဒိုနစ်ကမူ အဘိုးကြီး အဘွားကြီးတို့ နှင့် ခေတ္တ ဆက်နေဦးမည်ဟု ဆိုသည်။

မိုက်ကယ်လ်နှင့် အန်ဒိုလီနီတို့ သည် ဖီးယက်မော်တော်ကားနှင့် ပင်ထွက်ခွာကြရာ မွန်းတည့်ချိန်ခန့်တွင် ထရာပါနီမြို့သို့ ရောက်သွားကြလေသည်။

*****

# အပိုင်း (၂)

# ဂီလီယာနို

# (၁၉၄၃)

## အခန်း (၂)

၁၉၄၃ ခုနှစ် စက်တင်ဘာလတွင် အာဒိုနစ်သည် ပါလာမိုတက္ကသိုလ်တွင် သမိုင်းဘာသာဌာန၏ ပါမောက္ခ ဖြစ်နေလေသည် ။ သူ၏ ခန္ဓာကိုယ်အရပ်အမောင်းက သေးကွေးနေသဖြင့် ပညာအရည်အချင်း ပြည့်ဝသူ ဖြစ်လင့်ကစား လူများက ပါမောက္ခ အာဒိုနစ်အား မလေးမစား ဆက်ဆံချင်ကြသည် ။ တစ်နည်းအားဖြင့် ကိုယ်လုံးကိုယ်ဟန် ထွားကျိုင်းမှု မရှိခြင်းကြောင့် အထင်သေးကြသည့် သဘောပင် ဖြစ်သည် ။

သို့သော် ပါမောက္ခ အာဒိုနစ်၏ အရည်အချင်းနှင့် တန်ဖိုးကို ကောင်းစွာ နားလည်သဘောပေါက်သူ တစ်ဦးတော့ ရှိသည် ။ ထိုလူကား ပါလာမိုတက္ကသိုလ်၏ အကြီးအကဲဥက္ကဋ္ဌ (အဓိပတိ) ပင် ဖြစ်သည် ။

၁၉၄၃ ခုနှစ် စက်တင်ဘာလသည် ကား ပါမောက္ခ အာဒိုနစ်၏ ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေမည့် အခါသမယပင် ဖြစ်သည် ဟု ဆိုနိုင်ပေသည် ။ အကြောင်းမူကား ထိုအချိန်၌ ဒုတိယကမ္ဘာစစ်ကြီးသည် အီတလီနိုင်ငံ တောင်ပိုင်းဒေသတွင် ပြီးဆုံးနေဖြစ်သောကြောင့် ပင်တည်း။

မဟာမိတ် အမေရိကန်တပ်များ သည် ဖက်ဆစ် (အာဏာရှင်မူဆိုလီနီ) တပ်များကို အောင်မြင်စွာ ထိုးစစ်ဆင်လျက် စစ္စလီကျွန်းကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် အီတလီပြည်မသို့ ဆက်လက် ချီတက်နေကြပြီဖြစ်သည် ။

ယင်း စပ်ကူးမပ်ကူးကာလတွင် စစ္စလီကျွန်းကို တရားဝင် အုပ်ချုပ်သူများ မရှိဘဲ ဖြစ်နေရာ နှစ်ပေါင်း ၁၄၀၀ အတွင်း ပထမဆုံးအကြိမ် စစ္စလီကျွန်းတွင် အရှင်သခင် မရှိ ဖြစ်နေတော့သည် ။ အီတလီနိုင်ငံတွင် ဖက်ဆစ်ဝါဒသည် လည်း လုံးဝ ကျဆုံးသွားပြီ ဖြစ်သည် ။ သို့ရာတွင် ပါမောက္ခ အာဒိုနစ်မှာ သမိုင်း၏ ဆန်းကျယ်သောလှည့်ကွက်နှင့် ဖြစ်ရပ်များ အကြောင်း ကောင်းစွာ နားလည်သဘောပေါက်ထားသူ ဖြစ်သည့် အလျောက် အနာဂတ်အတွက် အကြီးအကျယ် မျှော်လင့်ချက် မထားမိပါချေ။

စစ္စလီကျွန်းတွင် တရားဝင်အုပ်ချုပ်သူ မရှိသေးသည့် ထိုကာလတွင် မာဖီးယားဂိုဏ်းတို့ က အခြေအနေကို အခွင့်ကောင်းယူကာ နေရာတကာတွင် ဝင်ရောက်ခြယ်လှယ် စိုးမိုးစပြု လာလေသည် ။

ပါမောက္ခ အာဒိုနစ်သည် သူ၏ ရုံးခန်း ပြတင်းမှ နေ၍ တက္ကသိုလ်ကျောင်းဝင်း ရှုခင်းကို ငေးမောကြည့်ရှုနေမိလေသည် ။ စစ္စလီကျွန်းမှ တက္ကသိုလ်ကျောင်း အခြေအနေမှာ အင်္ဂလန်နှင့် အမေရိကန်မှ တက္ကသိုလ်ကျောင်းများကဲ့သို့ မဟုတ်ချေ။ တက္ကသိုလ်ကျောင်း ဆိုသော်လည်း အင်္ဂလန်နှင့် အမေရိကန်မှ ကျောင်းများကို ကျောင်းသားအဆောင်များ လည်း မရှိ။ ကျောင်းသားများ ကိုယ်တိုင်ကလည်း ဆရာများ သင်ကြားပို့ချပေးချက်များကို ဂရုမစိုက်ကြချေ။ သူတို့ အနေဖြင့် စာမေးပွဲ ဖြေဆိုရန်သာ အဓိက ဖြစ်သည် ဟု ယူဆကြသည် ။ တစ်နည်းအားဖြင့် စစ္စလီကျွ

န်းတွင် အနောက်နိုင်ငံကြီးများ ဟု တက္ကသိုလ်ကျောင်း အခြေအနေမျိုး လုံးဝ မရှိဟု ဆိုရပေမည်။

ယင်းစနစ်များကို ပါမောက္ခ အာဒိုနစ်သည် လုံးဝ သဘောမကျမိချေ ။ သူ၏ အမြင်တွင် စစ္စလီကျွန်းမှ ကျောင်းသားများ သည် စည်းကမ်း သေဝပ်မှု မရှိ၊ စည်းကမ်းမဲ့လွန်းကြသည် ဟု ယူဆမိလေသည် ။

ရံဖန်ရံခါ စစ္စလီကျွန်းမှ မာဖီးယားခေါင်းဆောင်များ သည် တက္ကသို လ်သို့လာ၍ သက်ဆိုင်ရာ ဌာနကြီးမှူး၊ ပါမောက္ခများ နှင့် တွေ့ဆုံလေ့ ရှိကြသည် ။ စစ်အတွင်း ဖက်ဆစ်အာဏာရှင်ကာလက မာဖီးယားဂိုဏ်း များ ခေါင်းမထောင်ဝံ့ဘဲ ငြိမ်နေကြသလောက် ယခုစစ်ပြီးကာလ အမေ ရိကန်ပုံစံ ဒီမိုကရေစီစနစ်ဖြင့် လွတ်လပ်မှု ရှိလာချိန်တွင် မာဖီးယားဂို ဏ်းများ တစ်စခန်း ပြန်ထကာ နေရာတကာ ဝင်ရောက်စွက်ဖက်နေကြ ပေသည် ။

မာဖီးယား ခေါင်းဆောင်များက တက္ကသိုလ်မှ ပါမောက္ခများအား လာရောက်တွေ့ဆုံကြသည် ဆိုခြင်းမှာ သူတို့ ၏ တူသားများ ၊ ဆွေမျိုးများ ထဲက စာမေးပွဲ မဖြေနိုင်သူ ကျောင်းသားများ အတွက် အ ကူအညီ လာတောင်းခြင်းပင် ဖြစ်သည် ။ ထိုလူငယ်များ အနေဖြင့် စာ မေးပွဲ မဖြေနိုင်ကြသဖြင့် တက္ကသိုလ်မှ ဒီဂရီဘွဲ့ မရနိုင်ကြသည် ကို သ က်ဆိုင်ရာ ဌာနမှူးများ ၊ ပါမောက္ခများက စာမေးပွဲ အောင်မြင်အောင် အကြံအဖန်နည်းဖြင့် ကြည့်လုပ်ပေးရန် လာပြောဆိုကြခြင်း ဖြစ်သည် ။ သူတို့ ၏ တူသားဆွေမျိုး လူငယ်များ အဖို့ တက္ကသိုလ်ဘွဲ့ ရရှိရန်လည်း အလွန်အရေးကြီးသောကြောင့် ပင် ဖြစ်သည် ။

ဘွဲ့ရရှိမှ သာလျှင် ထိုလူငယ်များ သည် ကျောင်းဆရာများ ၊ ဆရာဝ န်များ ပါလီမန် လွှတ်တော်အမတ်များ ၊ အုပ်ချုပ်ရေးဘက်အရာရှိများ

ဖြစ်လာနိုင်ပေမည်။ ထို့ကြောင့် မာဖီးယားခေါင်းဆောင်များ သည် မိမိတို့ နှင့် ပတ်သက်သော (စာမေးပွဲမဖြေနိုင်သူ ကျောင်းသားများ ) ဆွေမျိုးသားချင်း (သို့မဟုတ်) တူသားလူငယ်များ အတွက် စာမေးပွဲ အောင်ပြီး ဘွဲ့ရရှိစေရန် တက္ကသိုလ် ပါမောက္ခများ ထံ အကူအညီ တောင်းသလိုနှင့် အကျပ်ကိုင် တောင်းဆိုလေ့ ရှိကြပေသည် ။

ပါမောက္ခ အာဒိုနစ်သည် သူ၏ ရုံးခန်း ပြတင်းပေါက်မှ လှမ်းကြည့်ရင်း တက္ကသိုလ်ကျောင်းဝင်းအတွင်း မဖီးယားခေါင်းဆောင်သုံးဦးက သက်ဆိုင်ရာ ဌာနမှူးများအား လိုက်ရှာနေသည် ကို မြင်ရလေသည် ။ အကျပ်ကိုင် အကူအညီတောင်းရန် လိုက်ရှာခြင်းပင် ဖြစ်သည် ။ ထိုလူသုံးဦး၏ လက်တွင် လက်ဆတ်သော သစ်သီးများ ၊ ဝိုင်အရပ်ပုလင်းများ စသော လက်ဆောင်ပစ္စည်းများ ကိုင်ထားသည် ကိုလည်း သတိပြုမိသည် ။ ဤကား လာဘ်ပေးလာဘ်ယူ စနစ်ဖြင့် ပေးခြင်းမဟုတ်၊ မေတ္တာဖြင့် ပေးသော လက်ဆောင်းများ အဖြစ် ပေးရန် ဖြစ်သည် ။

သို့သော် ပါမောက္ခများက ဆိုလိုသည့် အဓိပ္ပာယ် ကို ကောင်းစွာ နားလည်သဘောပေါက်ကြပေသည် ။ မာဖီးယားခေါင်းဆောင်များက ပေးသော လက်ဆောင်များကို လက်ခံယူပြီးနောက် သူတို့ အကူအညီတောင်းခြင်းကို လိုက်လျောရမည်။ မလိုက်လျောသော ပါမောက္ခများ အနေဖြင့် အကြီးအကျယ် ကလဲ့စားချေခြင်းခံရမည် ဟူ၍ အဓိပ္ပာယ် ရှိကြောင်း ကောင်းစွာ သိကြပေသည် ။

မာဖီးယား ခေါင်းဆောင်တစ်ဦးသည် အဆောက်အအုံတွင်းသို့ ဝင်၍ လှေကားမှ တက်လာသည် ကို လှမ်းမြင်ရလေရာ ပါမောက္ခ အာဒိုနစ်သည် မိမိထံ လာရောက်ခြင်း ဖြစ်ရမည်ဟု တထစ်ချ တွက်မိကာ လက်ခံစကားပြောရန် ပြင်ဆင်လေသည် ။

သူသည် ယခု လှေကားမှ တက်လာနေသူ မာဖီးယားခေါင်းဆောင်အားလူချင်း သိပေသည်။ ထိုသူ၏ အမည်မှာ ဘူစီလာ ဖြစ်ပြီး ဆိတ်နှင့် သိုး တိရစ္ဆာန်များ မွေးမြူသည့် စိုက်ပျိုးရေး ခြံတစ်ခြံ ပိုင်ဆိုင်သူ ဖြစ်သည်။

ပါမောက္ခကြီးသည် ထိုလူအား ယဉ်ကျေးစွာပင် လက်ဆွဲနှုတ်ဆက်နေရာမှ ဘူစီလာက အသင့်ယူဆောင်လာသော သစ်သီးခြင်းကို ပါမောက္ခ အာဒိုနစ်အား လှမ်းပေးလေသည်။

"ကျုပ်ရဲ့ ခြံက သစ်သီးတွေ အများကြီး သီးတာနဲ့ ပါမောက္ခကြီးကို သတိရလို့ လက်ဆောင်အဖြစ် ယူလာတာပါ"

ဘူစီလာ ဆိုသူမှာ အရပ်ပုပု၊ ခန္ဓာကိုယ် တုတ်တုတ်ခိုင်ခိုင်၊ လူတစ်ယောက် ဖြစ်သည်။ တစ်သက်လုံး အလုပ်ကြမ်း လုပ်ခဲ့ရ၍ ခွန်အားဗလနှင့် ပြည့်စုံသူလည်း ဖြစ်သည်။ မာဖီးယားခေါင်းဆောင်များ အနက် ရိုးသားဖြောင့်မတ်သူဟု နာမည်ရပြီး သူ၏ သြဇာအာဏာဖြင့် ကြွယ်ဝချမ်းသာအောင် မလုပ်ဘဲ နေခဲ့သူအဖြစ်လည်း ပါမောက္ခကြီးက သိထားပေသည်။

သစ်သီးခြင်းကို ပါမောက္ခ အာဒိုနစ်က ပြုံး၍ လက်ခံ လိုက်လေသည်။ သို့သော် သူ၏ စိတ်ထဲတွင် ကား ဘူစီလာသည် မိမိထံမှ တစ်စုံတစ်ရာ အကူအညီတောင်းတော့မည်ဟု သိနေလေသည်။ ထင်သည့် အတိုင်းပင် ဘူစီလာသည် ရည်မွန်စွာပင် စကားစလေသည်။

"ကျုပ်မှာ အလွန်အလုပ်များ ပါတယ်၊ ဒါပေမဲ့ အိမ်နီးနားချင်း မိတ်ဆွေတစ်ဦးက အကူအညီတောင်းလာလို့ ကျုပ်က ဘယ်လိုလုပ်ပြီး ငြင်းရပ့ါမလဲ။ အဲဒီမိတ်ဆွေရဲ့ ဖခင်ဟာ ကျုပ်ဖခင်ရဲ့ မိတ်ဆွေဖြစ်သလို ဘိုးအေချင်းလည်း မိတ်ဆွေတွေ ဖြစ်ခဲ့ကြတယ်။ ကျုပ်ရဲ့ ပင်ကိုစရိုက်ကလ

ည်း မိတ်ဆွေတစ်ဦးက အကူအညီတောင်းလာလျှင် ကူညီဆောင်ရွက်ပေးချင်တယ်။ တကယ်တော့လည်း ကျုပ်တို့ ခရစ်ယာန် ဘာသာဝင်တွေချည်းပဲ မဟုတ်လား"

"ဟုတ်တာပေါ့ ခင်ဗျာ၊ ကျုပ်တို စစ္စလီကျွန်းသားတွေက ဒီလိုပါပဲ၊ အလွန်သဘောကောင်းကြတယ်။ တစ်ဦးကို တစ်ဦး ကူညီချင်တဲ့ စိတ်ရှိကြတယ်။ ဒါကြောင့် လည်း ရောမမြို့က အီတလီမြောက်ပိုင်းသားတွေက ကျုပ်တို့ အပေါ် မတရား အခွင့်အရေး ယူချင်ကြတာပေါ့"

ပါမောက္ခကြီးကလည်း စကားကို အလိုက်သင့် ပြန်ပြောလိုက်သည်။

ဘူစီလာသည် ပါမောက္ခကြီး၏ အမူအရာကို အကဲခတ်ကြည့်ရင်း သူပြောလိုသည့် ကိစ္စတွင် အခက်အခဲရှိမည် မဟုတ်ဟု တွက်မိလေသည် ။ ယခု မိမိလာရောက်ခြင်းကို လုံးဝကြောက်ရွံ့တုန်လှုပ်ပုံ မရခြင်းမှ ပါမောက္ခကြီးသည် မိမိတို့ အဖွဲ့ မိတ်ဆွေများ အဖွဲ့ (သို့မဟုတ်) မာဖီးယား အဖွဲ့ဝင်တစ်ဦး ဖြစ်နေ၍ ပေလော၊ မည်သို့ပင် ဖြစ်စေ မိမိအကူအညီတောင်းလျှင် လိုက်လျောလိမ့်မည်ဟု စိတ်ချမိလေသည် ။ ထို့ကြောင့် လိုရင်းကို တိုက်ရိုက်ပြောရန် ဆုံးဖြတ်လိုက်သည် ။

"ကျုပ် အခု လာခဲ့တာဟာ စစ္စလီကျွန်းသားအချင်းချင်း အနေနဲ့ အကူအညီတစ်ခု တောင်းဖို့ လာခဲ့တာပါ၊ ကျုပ်မိတ်ဆွေတစ်ဦးရဲ့ သားကလေးဟာ ဒီနှစ် တက္ကသိုလ်မှာ စာမေးပွဲ ကျခဲ့တယ်။ ဒီကောင်လေး ကျသွားတဲ့ စာမေးပွဲကို ခင်ဗျားကိုယ်တိုင် စစ်ခဲ့တာပဲလို့ ကျုပ်မိတ်ဆွေက ပြောတာပဲ၊ သူတို့ က ခင်ဗျားနာမည်ကို ပြောပြပါတယ်။ ဒီမှာ တင် ကျုပ်က ဟာ... ပါမောက္ခ အာဒိုနစ်ဟာ အလွန်စိတ်ကောင်းရှိတဲ့ လူပဲ လို့ ပြန်ပြောလိုက်တယ်၊ ဒီတော့ ကျုပ်မိတ်ဆွေက ခင်ဗျားဆီ သွားပြီး သူတို့

သားကလေးကို စာမေးပွဲအောင်မြင်ဖို့ တောင်းပန်ခိုင်းတယ်။ ဒါမှလည်း ကောင်ကလေးဟာ စာမေးပွဲအောင်ပြီး လောကအလယ်ကို တင့်တင့်တယ်တယ် ထွက်သွားနိုင်ပါမယ်လို့ ပြောရှာတယ်"

ဘူစီလာက ဤသို့ စကားကို အလိမ္မာသုံး၍ ပြောသော်လည်း ပါမောက္ခ အာဒိုနစ်၏ စိတ်ထဲတွင် မူ ယခုကဲ့သို့ ရည်မွန်စွာ ပြောနေခြင်း စင်စစ်အားဖြင့် အကျပ်ကိုင် ပြောနေခြင်း ဖြစ်ကြောင်း ကောင်းစွာ သိနေပေသည် ။ အကယ်၍ ယခုလို ရည်မွန်စွာ ပြောနေသည် ကို မိမိက ငြင်းဆန်လိုက်ပါက မာဖီးယား ဂိုဏ်သားတစ်ဦးက မိမိက လူပါရာ ခေါ် စစ္စလီကျွန်းဖြစ် ရိုင်ဖယ်သေနတ်ဖြင့် ပစ်သတ်ခြင်း ခံရဖွယ်ရှိကြောင်း ကိုလည်း သိနေပေသည် ။

ဤသို့ စဉ်းစားနေမိရာ ပရိယာယ်သုံးမှ ဖြစ်မည်ဟု ဆုံးဖြတ်ကာ...

"ဟုတ်တာပေါ့ဗျ၊ လူငယ်ကလေး တစ်ယောက် လောကအလယ်မှာ ဒုက္ခရောက်အောင်လုပ်လို့ ဘယ်ဖြစ်ပ့ါမလဲ၊ ဒါထက် ကောင်ကလေး နာမည်က ဘာတဲ့ လဲ"

ဟု မေးလိုက်သည် ။

ဘူစီလာသည် နာမည်ကို ပြောပြသောအခါ ပါမောက္ခကြီးသည် စားပွဲအံဆွဲထဲမှ ဖိုင်တစ်ခုကို ထုတ်ယူလိုက်သည် ။

အမှန်တော့ ပါမောက္ခကြီးသည် ထိုလူငယ်၏ နာမည်ကို ကောင်းစွာ မှတ်မိနေသည် ။ စာလည်း မကြိုးစားဘဲ အပျော်အပါးကိုသာ လိုက်စားချင်သူ လူပျင်းတစ်ယောက် ဖြစ်သည် ။ သို့လင့်ကစား ပါမောက္ခ အာဒိုနစ်သည် ဖိုင်တွဲကို ဖွင့်ကြည့်ရာမှ ပြုံးလျက်...

"ကောင်ကလေး စာမေးပွဲဖြေရာမှာ တစ်ဘာသာပဲ အခက်အခဲ

ရှိခဲ့ပါတယ်။ ဒါကိုလည်း ပြုပြင်လို့ ရပါတယ်။ ကျုပ်ဆီကို လာတွေ့ဖို့ သာ သူ့ကို လွှတ်လိုက်ပါ။ ဒီရုံးခန်းမှာ ပဲ သူ့ကို စာမေးပွဲ ပြန်စစ်ပေးပါ့မယ်၊ ဒီတစ်ခါတော့ သူ မကျစေရပါဘူး"

ဟု ပြောလိုက်သည် ။ ထို့နောက် နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြပြီး ဘူစီလာ ပြန်သွားလေသည် ။

ပါမောက္ခကြီးသည် ဆက်၍ စဉ်းစားနေမိသည် ။ ယခု ဘူစီလာပြောသွားသော လူငယ်ကဲ့သို့ အရည်အချင်း လုံးဝ မရှိသူများ တောင်မှ မထိုက်တန်ဘဲ တက္ကသိုလ် ဘွဲ့ဒီဂရီရစေသည့် အခြေအနေမျိုး ဖြစ်နေပြီပါတကားဟု တွေးမိလေသည် ။ သို့ရာတွင် ထိုခေတ်ထိုအခါ (အီတလီနိုင်ငံတွင် ၁၉၄၃ ခုနှစ် ပတ်ဝန်းကျင်) က အခြေအနေကို ဤအတိုင်းပင် ဖြစ်နေပေသည် ။

ယင်းသို့ စဉ်းစားနေစဉ် တယ်လီဖုန်း လာသဖြင့် စကားပြောခွက်ကို ကောက်ယူနားထောင်လိုက်ရာ တစ်ဖက်မှ ဆက်နေသူမှာ တက္ကသိုလ်၏ ဥက္ကဋ္ဌကြီး / အဓိပတိကြီး ဖြစ်နေလေသည် ။ ဥက္ကဋ္ဌကြီးသည် စကားပြောလျှင် အလွန်ယဉ်ကျေးစွာ ပြောတတ်သူ ဖြစ်သည် ။

"ဟဲလို... ပါမောက္ခ အာဒိုနစ် မဟုတ်ပါလား၊ တာဝန်မလေးလျှင် ကျုပ်ရုံးခန်းကို ခဏကြွခဲ့စေချင်ပါတယ်။ ဒီတက္ကသိုလ်မှာ အရေးကြီးတဲ့ ပြဿနာတစ်ခု ပေါ်နေလို့ ပါ။ အဲဒီ ပြဿနာကိုလည်း ပါမောက္ခကြီးက ဖြေရှင်းပေးမှ ပဲ ပြေလည်နိုင်မယ့် အခြေအနေ ရှိပါတယ်။ ဒါကြောင့် ပါမောက္ခကြီးက ကျုပ်ရဲ့ ရုံးခန်းကို ခဏလာခဲ့နိုင်မယ်ဆိုရင် ကျေးဇူးအထူးပါတယ်"

ပါမောက္ခ အာဒိုနစ်သည် စိတ်ထဲမှာ အနှောင့်အယှက် ဖြစ်သွားမိလေသည် ။ အရေးထဲ တက္ကသိုလ် ဥက္ကဋ္ဌက ခေါ်နေခြင်းမှာ ဘာပြဿနာ

များ ပေါ်နေ၍ ပေနည်း။ မိမိအား တက္ကသိုလ် ဥက္ကဋ္ဌကြီးက အချိန်သတ်၍ သူလုပ်ရမည့် အလုပ်ကို ခိုင်းရန် ခေါ်လိုက်ခြင်း ပေလော။ အခြေအနေကို သိလိုသဖြင့် တီးခေါက်ကြည့်ရန် ဆုံးဖြတ်လိုက်သည် ။

"ပြဿနာဆိုတာ ဘယ်လိုဆိုတာ အရိပ်အမြွက်လောက် ပြောမပြနိုင်ဘူးလား၊ နည်းနည်းပါးပါး သိရမှ လည်း ကျွန်တော်က ကြိုတင်ပြင်ဆင်ထားနိုင်မှာ ပေါ့"

ဤသို့ ပြောလိုက်လျှင် တစ်ဖက်မှ တက္ကသိုလ် ဥက္ကဋ္ဌကြီးက ခပ်တိုးတိုး ပြန်ပြောလေသည် ။

"ဒီလိုဗျ၊ ဂုဏ်သရေရှိ လူကြီးမင်းတစ်ဦးဖြစ်တဲ့ ဒွန်ခရိုစီက ကျုပ်တို့ဆီကို အလည်အပတ် ကြွလာတယ်၊ သူ့တူတော်မောင် တစ်ယောက်က ဆရာဝန် အတတ်သင်နေတဲ့ ဆေးကျောင်းသားတစ်ဦး ဖြစ်ပါတယ်။ သူ့ပါမောက္ခက ကောင်ကလေးကို အရည်အချင်း ညံ့ဖျင်းလို့ ဆက်မသင်ဘဲ ဆေးကျောင်းက ထွက်သွားဖို့ ပြောလိုက်တယ်တဲ့ ။ အဲဒါကို ဒွန်ခရိုစီက ကျုပ်ဆီ လာပြီး အနူးအညွတ် တောင်းပန်ပြီး အကူအညီ တောင်းပါတယ်။ ဆေးကျောင်းက ပါမောက္ခကို ပြန်စဉ်းစားပေးဖို့ ပြောပေးပါတဲ့ ခင်ဗျ၊ ခက်တာက အဲဒီပါမောက္ခကလည်း အလွန်ခေါင်းမာတယ်။ ကောင်ကလေး ကျောင်းက ထွက်သွားသင့်တယ်လို့ ဇွတ်ပြောနေပါတယ်"

"နေစမ်းပါဦး၊ ဆင်ခြင်ဉာဏ်ကင်းမဲ့လှတဲ့ အဲဒီပါမောက္ခက ဘယ်သူလည်း ဗျ"

ပါမောက္ခ အာဒိုနစ်က ပြန်မေးလိုက်သည် ။

"ဒေါက်တာ နာတိုးဆိုတဲ့ လူပါပဲ၊ သူက အသက်လည်း ငယ်သေးတော့ လောကကြီးအကြောင်း သိပ်ပြီး နားလည်သဘောပေါက်သေးဟန် မတူဘူး"

"ကောင်းပါပြီလေ၊ ငါးမိနစ်အတွင်း ကျွန်တော် လာခဲ့ပါ့မယ်"

ထိုသူနှင့် စကားဖြတ်လိုက်ပြီးနောက် ပါမောက္ခ အာဒိုနစ်သည် တက္ကသိုလ်၊ ဥက္ကဋ္ဌကြီး၏ ရုံးခန်းဘက်သို့ လျှောက်သွားရင်း ပြဿနာကို ပြေလည်အောင် မည်သို့ လုပ်ရပါမည်နည်းဟု တွေးတော အဖြေရှာမိလေသည် ။ တက္ကသိုလ် ဥက္ကဋ္ဌကြီးက မိမိ၏ အကြံဉာဏ်ကို အမြဲတမ်း လက်ခံလေ့ရှိသဖြင့် အခက်အခဲရှိနိုင်မည် မဟုတ်ချေ။ သို့သော် ဒေါက်တာ နာတိုး ဆိုသူကတော့ ပြောရခက်နိုင်လေသည် ။

ပါမောက္ခ အာဒိုနစ်အနေဖြင့် ဒေါက်တာနာတိုးအား ကောင်းစွာ သိပေသည် ။ ဆေးကျောင်းတွင် သင်ကြားပို့ချရာ၌ အလွန်ထူးချွန်သူ ဆရာကောင်းတစ်ဦး ဖြစ်ရာ အကယ်၍ သူ နုတ်ထွက်သွားလျှင် မိမိတို့ တက္ကသိုလ်အတွက် ကြီးမားသော နစ်နာဆုံးရှုံးမှု ဖြစ်ဖွယ်ရာ ရှိပေသည် ။ ဒေါက်တာ နာတိုးသည် ပင်ကိုစရိုက်အားဖြင့် အလွန်ရိုးဖြောင့်ပြီး မဟုတ်မမှန် လုပ်ရန်ကို ပြတ်သားစွာ ငြင်းပယ်မည့် လူလည်း ဖြစ်သည် ။

သို့ဖြစ်လင့်ကစား ဒေါက်တာ နာတိုးအနေဖြင့် စစ္စလီကျွန်းတွင် သြဇာကြီးမားလှသူ မာဖီးယားခေါင်းဆောင် ဒွန်ခရိုစီ အကြောင်း ကြားဖူးရပေမည်။ ဒွန်ခရိုစီလို ပုဂ္ဂိုလ်၏ တောင်းဆိုချက်ကို ငြင်းပယ်ရန် မဖြစ်နိုင်ဟု လည်း သိရပေမည်။

သို့စဉ်လျက် ယခု ဒေါက်တာနာတိုးက ဒွန်ခရိုစီ၏ တူတော်သူအား ဆေးကျောင်းမှ ထွက်ခိုင်းခြင်းမှာ အခြားအကြောင်း တစ်ခုခုကြောင့် ဖြစ်ရပေမည်။ ဤသို့လျှင် ပါမောက္ခ အာဒိုနစ်က စဉ်းစားမိလေသည် ။

တက္ကသိုလ်ကျောင်း၏ ပင်မအဆောက်အအုံရှေ့တွင် အနက်ရောင် ဆလွန်းကားကြီးတစ်စီး ရပ်ထားပြီး ထိုကား၏ ဘေးနားတွင် လူနှစ်ယောက် ရပ်စောင့်နေကြသည် ။ ထိုလူနှစ်ဦးသည် စီးပွားရေးလောကမှ

ကုန်သည် ကြီးများ ဝတ်သည့် ဝတ်စုံမျိုးကို ဝတ်ဆင်ထားကြသော်လည်း သူတို့ ၏ အင်္ဂါရုပ်နှင့် ဟန်အမူအရာက ဂုဏ်သရေရှိ ကုန်သည် ကြီးများ အသွင် ဆောင်မနေပါချေ။ စင်စစ်အားဖြင့် ထိုလူနှစ်ဦးသည် မာဖီးယားခေါင်းဆောင် ဒွန်ခရိုစီ၏ လက်နက်ကိုင် အစောင့်များ သာ ဖြစ်ကြောင်း ခန့်မှန်း၍ ရပေသည် ။ ပါမောက္ခ အာဒိုနစ်သည် ထိုလူနှစ်ဦး၏ ရှေ့မှ ဖြတ်လျှောက်သွားရာ ပါမောက္ခကြီး၏ ကိုယ်လုံးကိုယ်ဟန် သေးကွေးပုံကို ကြည့်ပြီး ထိုလူနှစ်ဦးက အံ့အားသင့်သွားပုံ ရလေသည် ။

ပါမောက္ခကြီးကမူ မျက်နှာထား ခပ်တည်တည်နှင့် ပင် ဆက်လျှောက်သွားလေသည် ။

တက္ကသိုလ် ဥက္ကဋ္ဌကြီး (အဓိပတိ) ၏ ရုံးခန်းမှာ စာကြည့်တိုက်တစ်ခုနှင့် တူနေပေသည် ။ ဥက္ကဋ္ဌကြီးကိုယ်တိုင် ကျောင်းအုပ်ချုပ်ရေးလုပ်ငန်းထက် စာပေလေ့လာလိုက်စားခြင်းကို ပို၍ ဝါသနာပါသူ ဖြစ်သည့် အတိုင်း သူ၏ ရုံးခန်းမှာ လည်း သုတေသနစာအုပ်များ ဖြင့် ပြည့်နှက်နေလေသည် ။

ပါမောက္ခ အာဒိုနစ် ဝင်သွားချိန်၌ ဒွန်ခရိုစီသည် ရုံးခန်းအတွင်းရှိ ကုလားထိုင်ကြီးကြီးတစ်လုံးတွင် ထိုင်ကာ ကော်ဖီတစ်ခွက် သောက်နေလေသည် ။ ထိုအခါ ရုံးခန်းထဲတွင် တက္ကသိုလ်ဥက္ကဋ္ဌကြီးနှင့် ဆေးပညာပါမောက္ခ ဒေါက်တာ နာတိုးတို့ ရှိနေကြသည် ။

ဒွန်ခရိုစီသည် ပါမောက္ခ အာဒိုနစ်အား ယခင်က မတွေ့ဘူး၊ မသိကျွမ်းဘူးသလို ဟန်ဆောင်နေသဖြင့် ပါမောက္ခကြီးကလည်း အလိုက်သင့်ပင် မသိချင်ယောင်ဆောင်ကာ ဥက္ကဋ္ဌကြီးက မိတ်ဆက်ပေးတော့မှ ဒွန်ခရိုစီအား ပထမဆုံးအကြိမ် တွေ့ဖူးသလို နှုတ်ဆက်လေသည် ။ သူတို့ နှ

စ်ဦးစလုံး ဟန်ဆောင်နေသည် ကို ဥက္ကဋ္ဌကြီးက သိသော်လည်း ပါမောက္ခ ဒေါက်တာ နာတိုးကမူ လုံးဝရိပ်မိပုံ မရချေ။

အရပ်အမောင်းအားဖြင့်ဆိုလျှင် ဥက္ကဋ္ဌကြီးသည် တက္ကသိုလ် တစ်ကျောင်းလုံးတွင် အရပ်အမြင့်ဆုံး ဖြစ်ပြီး ပါမောက္ခ အာဒိုနစ်က အပုဆုံးဖြစ်လေသည် ။ ယင်းသို့ အရပ်အမောင်းချင်း ကွာခြားမှုကို ဖုံးကွယ်သည့် အနေဖြင့် ဥက္ကဋ္ဌကြီးက ကုလားထိုင်တွင် ထိုင်ရင်း စကားစပြောလေသည် ။

"ကျုပ်တို့ အချင်းချင်း သဘောကွဲလွဲနေတဲ့ ကိစ္စကလေးတစ်ခု ရှိနေပါတယ်"

ဥက္ကဋ္ဌကြီးက ဤသို့ ပြောလိုက်လျှင် ဒေါက်တာ နာတိုးသည် စိတ်ပျက်သွားပုံ ရလေသည် ။ သို့သော် ဥက္ကဋ္ဌကြီးက ဂရုမစိုက်ဘဲ စကားဆက်ပြောလေသည် ။

"အကြောင်းက ဒီလိုပါ။ ဟောဒီက ဒွန်ခရိုစီရဲ့ တူတော်မောင်တစ်ယောက်ဟာ ဆရာဝန်ဖြစ်ချင်တဲ့ ဆန္ဒ အလွန်ပြင်းပြနေတယ်၊ သို့သော်လည်း ပါမောက္ခ ဒေါက်တာ နာတိုးက ဒီလူငယ်ဟာ ဆရာဝန်ဖြစ်လောက်တဲ့ အရည်အချင်း မပြည့်စုံဘူးလို့ ဆိုပါတယ်။ ဒါဟာ ဝမ်းနည်းစရာပါပဲ။ အခု ဒွန်ခရိုစီက ဒီကို လာပြီးတော့ တူတော်မောင်ကိစ္စကို သက်သက်ညှာညှာ ပြန်စဉ်းစားပေးပါလို့ မေတ္တာရပ်ခံတယ်။ ဒွန်ခရိုစီအနေနဲ့ ကျုပ်တို့ ရဲ့ တက္ကသိုလ်ကြီး အကျိုးစီးပွားအတွက် အများကြီး ကူညီအားပေးခဲ့သူ ဖြစ်လေတော့ ကျုပ်အနေနဲ့ သူ့ရဲ့ မေတ္တာရပ်ခံချက်ကို လက်ခံစဉ်းစားသင့်တယ်လို့ ယူဆမိပါတယ်"

ဤတွင် ဒွန်ခရိုစီကလည်း ရည်မွန်စွာဖြင့်...

"ကျုပ်ကိုယ်တိုင်က အထက်တန်း ပညာရပ်တွေ ဘာမှ မတတ်ပါဘူး

။ ဒါပေမဲ့ စီးပွားရေးမှာ ကျုပ် မအောင်မြင်ဘူးလို့ ဘယ်သူကမှ မပြောနိုင်ဘူး"

ဟု ပြောလိုက်သည် ။

ထိုအချိန်၌ ပါမောက္ခ အာဒိုနစ်သည် စိတ်ထဲမှ ဝန်ကြီးတွေကို လာဘ်ထိုးပေါင်း၊ လူတွေကို သတ်ဖို့ အမိန့်ပေး၊ ဆိုင်ရှင်တွေကို ခြိမ်းခြောက် အနိုင်ကျင့်နေတဲ့ လူအဖို့ ဘာစာမှ တတ်ဖို့ မလိုပါဘူးဟု မှတ်ချက်ချမိလေသည် ။

ဒွန်ခရိုစီက စကားဆက်ပြန်သည် ။

"ကျုပ်ဘဝရဲ့ တိုးတက်မှု ရှာတာဟာ အတွေ့အကြုံပေါ် အခြေပြုပြီး တိုးတက်လာတာပါပဲ။ ဒီတော့ ကျုပ်ရဲ့ တူတော်မောင်လည်း အတွေ့အကြုံနဲ့ တိုးတက်ပြီး တော်မလာနိုင်ဘူးလား၊ ကောင်လေးရဲ့ မိခင် ကျုပ်နှမခများမှာ သူ့သားရဲ့ နာမည်ရှေ့က ဒေါက်တာဆိုတဲ့ ဘွဲ့ မတပ်ရလျှင် ရင်ကျိုးလုမတတ် ယူကျုံးမရ ဖြစ်မှာ သေချာတယ်။ ကျုပ်နှမ ဆိုတာကလည်း ခရစ်ယာန်ဘာသာကို တကယ်ယုံကြည်ကိုးကွယ်သူတစ်ယောက် ဖြစ်တယ်။ ပြီးတော့ ကမ္ဘာလောကကြီး တစ်ခုလုံးကို ကူညီချင်တဲ့ စိတ်မျိုး ရှိရှာတယ်"

"ကျုပ်က ကျုပ်ရဲ့ ဆုံးဖြတ်ချက်ကို မပြောင်းလဲနိုင်ဘူး"

ဒေါက်တာ နာတိုးက ခပ်တည်တည်ပင် ပြောလိုက်ရာ ဒွန်ခရိုစီသည် သက်ပြင်းတစ်ချက် ချပြီးမှ ပြန်ပြောလေသည် ။

"ကျုပ်ရဲ့ တူတော်မောင်ကို ကူညီလိုက်လို့ ဘာများ ဖြစ်လာမှာ မို့လဲ၊ သူ အလုပ်ရဖို့ အတွက် ကျုပ်က စစ်တပ်မှာ ဖြစ်စေ၊ အိုမင်းမစွမ်းသူတွေရဲ့ ဆေးရုံမှာ ဖြစ်စေ နေရာရအောင် ကျုပ်က စီစဉ်ပေးနိုင်ပါတယ်။ အဲဒီ

လို နေရာတွေမှာ သူ့အလုပ်လုပ်လျှင် ဘာမှ မဟုတ်တာလည်း မဖြစ်နိုင်ပါဘူး။ လူတွေအားလုံးက သူ့ကို ချစ်ကြမှာ ပဲ၊ ဒါကြောင့် ကျုပ်က ဒီကိစ္စလေးကို အကူအညီတောင်းရတာပါ"

ဒွန်ခရိုစီပြောပုံက မာန်မာန နှိမ်ချပြီး အောက်ကျို့တောင်းပန်သလို ပြောနေသဖြင့် ပါမောက္ခ အာဒိုနစ်သည် အံ့အားသင့်သလောက် စိုးရိမ်မိလေသည် ။ သူကဲ့သို့ မာဖီးယားခေါင်းဆောင် တစ်ယောက်က ယခုလို အောက်ကျို့တောင်းပန် ပြောဆိုနေခြင်းသည် အလွန်ကြောက်စရာကောင်းသော အန္တရာယ်ရှိမည့် အရိပ်လက္ခဏာတစ်မျိုး ဖြစ်ကြောင်း သိသောကြောင့် စိုးရိမ်မိခြင်း ဖြစ်လေသည် ။

ထို့ကြောင့် ယခု အခြေအနေတွင် မိမိပါဝင်မှ ဖြစ်ချေတော့မည်ဟု တွေးမိသဖြင့် ပါမောက္ခ ဒေါက်တာ နာတိုးဘက်လှည့်၍ ...

"ဒေါက်တာ နာတိုး ခင်ဗျား ဒွန်ခရိုစီရဲ့ တူတော်မောင်အတွက် ကျုပ်တို့ ဝိုင်းဝန်းပြီး ကူညီနိုင်ဖို့ နည်းလမ်းရှိမယ် ထင်ပါတယ်။ ဥပမာ ကောင်လေးကို သီးသန့်ကျူရှင်သဘောမျိုး သင်ပေးပြီး ဆေးရုံတစ်ခုခုမှာ လက်တွေ့သင်တန်း ပေးလိုက်လျှင် ဖြစ်နိုင်စရာ ရှိပါတယ်"

ဟု ပြောလိုက်သည် ။ သို့သော် ဒေါက်တာ နာတိုးက သဘောမတူဟန်ဖြင့် ခေါင်းခါပြလေသည် ။

"ပါမောက္ခက တကယ့်အဖြစ်မှန်ကို မသိသေးဘူးနဲ့ တူတယ်၊ ကောင်ကလေးဟာ ရိုးရိုးဆရာဝန်တောင် ဖြစ်ချင်တာ မဟုတ်ဘူး ခင်ဗျ။ သူက ခွဲစိတ်ကုသတဲ့ (ဆာဂျင်) အထူးကု ဆရာဝန် ဖြစ်ချင်နေတာပါ"

ဒေါက်တာ နာတိုးက ဤသို့ ပြောလိုက်သောအခါ ပါမောက္ခ အာဒိုနစ်သည် အလွန်အံ့အားသင့် တုန်လှုပ်သွားမိတော့သည် ။ အရည်အချင်းမပြည့်စုံသော သူငယ်တစ်ယောက်က ရိုးရိုးဆရာဝန် ဖြစ်လျှင်တော်သေး

သော်လည်း ယခုတော့ ခွဲစိတ်အထူးကု ဆရာဝန် (ဆာဂျင်) လုပ်လိုသည် ဆိုခြင်းမှာ တကယ့်ပြဿနာပင် ဖြစ်နေပေသည် ။ ဤအတိုင်းဆိုလျှင် မ လွယ်လှပါတကား ဟု လည်း တွေးမိလေသည် ။

ယင်းသို့ ပါမောက္ခ အာဒိုနစ်က အံ့အားသင့်ပြီး ခေတ္တငိုင်နေစဉ် ဒေါက်တာ နာတိုးက ဆက်ပြောလေသည် ။ သည် တစ်ခါတော့ သူသည် ဒွန် ခရိုစီအား တိုက်ရိုက်ပြောလေသည် ။

"ခင်ဗျားရဲ့ တူက အနာတိုမီလို့ ခေါ်တဲ့ ခန္ဓာဗေဒဘာသာရပ်အကြောင်း ဘာမှ နားမလည်ဘူး၊ ခွဲစိတ်ခြင်း ဘာသာရပ် လေ့ကျင့်သင်ကြားပေးတဲ့ အခါလည်း ဆရာဝန်လောင်း တစ်ဦး ခွဲစိတ်ပုံမျိုး မလုပ်တတ်ဘဲ အမဲသား၊ ဆိတ်သား ခုတ်ဖြတ်သလို တရကြမ်း ခုတ်ထစ်လေ့ ရှိတယ်။ သင်တန်းတွေလည်း မှန်မှန်မတက်တဲ့ အပြင် စာမေးပွဲအတွက် လေ့ကျင့်ပြင်ဆင်တာတွေ၊ စာလေ့လာဖို့ လုံးဝမလုပ်ဘူး၊ ကောင်ကလေးက ရည်မွန်ပြီး ပေါင်းသင်းဆက်ဆံရေး ကောင်းတာတော့ မှန်ပါတယ်။ သို့သော်လည်း ခွဲစိတ်ကုသဘက်ဆိုင်ရာ ဆရာဝန် လုပ်မယ်ဆိုပြီး လူတွေရဲ့ ခန္ဓာကိုယ်ထဲကို အလွန်ထက်တဲ့ ဓားကိုကိုင်ပြီး ဝင်ခွဲစိတ်ရမှာ မို့ လေးလေးနက်နက် စဉ်းစားရခြင်း ဖြစ်ပါတယ်"

ထိုအချိန်၌ ဒွန်ခရိုစီ၏ စိတ်ထဲတွင် မည်သို့ တွေးခေါ်စဉ်းစားနေသည် ကို ပါမောက္ခ အာဒိုနစ်က ကောင်းစွာ ရိပ်မိလေသည် ။ သူတို့အနေဖြင့် ထိုသူငယ်သည် ခွဲစိတ်ကုသရေး ဆရာဝန်လောင်း ဖြစ်လာရေးသည် အရေးမကြီးလှ၊ ဂရုစိုက်စရာလည်း မလို၊ မိသားစု၏ ဂုဏ်သိက္ခာ မကျဆင်းရေးသည် သာလျှင် အဓိက အရေးကြီးသည် ။ အကယ်၍ ထိုသူငယ် စာမေးပွဲ ရှုံးသွားပါက သိက္ခာကျမည်မှာ အမှန်ပင် ဖြစ်သည် ။ ပါမောက္ခ ဒေါက်တာ နာတိုးသည် မိမိလို ပုဂ္ဂိုလ်တစ်ဦး၏ မေတ္တာရပ်ခံ

ချက်ကို လက်မခံဘဲ ငြင်းဆန်နေခြင်းကိုလည်း ဒွန်ခရိုစီ၏ စိတ်ထဲ၌ မှတ်သားထားမည်မှာ သေချာလှသည် ဟု လည်း ပါမောက္ခ အာဒိုနစ်က တထစ်ချ တွက်မိလေသည်။

သို့သော် ဒွန်ခရိုစီသည် သူ၏ မကျေနပ်မှုကို ထုတ်ဖော်ခြင်း မပြုဘဲ သူ့တူတော်မောင် ခွဲစိတ်ဆရာဝန် မဖြစ်လျှင် သာမန်ဆရာဝန်တစ်ယောက် ဖြစ်လာပါက လက်ခံကျေနပ်မည့် သဘောထားမျိုး ရှိနေပေသည်။

ဤတွင် ပါမောက္ခ အာဒိုနစ်သည် ကြားဝင် ဖျန်ဖြေရန် အချိန်သင့်ပြီ ဟု ဆုံးဖြတ်လိုက်သည်။

"ဒွန်ခရိုစီ ခင်ဗျား၊ ဒေါက်တာ နာတိုးကို ကျုပ်တို့ ဝိုင်းပြီး ပြောလျှင် ခင်ဗျားရဲ့ ဆန္ဒကို လိုက်လျောလိမ့်မယ်လို့ ယုံကြည်ပါတယ်။ သို့သော်လည်း ခင်ဗျားရဲ့ တူတော်မောင်က ဘာကြောင့် များ ခွဲစိတ်ကုသရေး ဆရာဝန် လုပ်ချင်ရတာလဲ၊ နောက်ပြီး သူက ဒီစာမေးပွဲအောင်ပြီးလျှင် ရောမမြို့တော်ကို သွားပြီး ဆက်လက် သင်တန်းတက်ဦးမှာ ဖြစ်လေတော့ ရောမမြို့သားတွေက သူ့ကို စစ္စလီကျွန်းသားအနေနဲ့ မတရား နှိမ်ကြလိမ့်မယ်။ ဒါကြောင့် ကျွန်တော်က ကြားဝင်ပြီး တစ်နည်း အကြံပြုချင်ပါတယ်"

ဒေါက်တာ နာတိုးက ကြားဝင်စေ့စပ်ရန် မဖြစ်နိုင်ကြောင်း ကန့်ကွက်ပြော ဆိုသော်လည်း ပါမောက္ခ အာဒိုနစ်သည် ဂရုမစိုက်ဘဲ ဇွတ်ပင် ဆက်ပြောလေသည်။

"ဒွန်ခရိုစီ ခင်ဗျား၊ ကျွန်တော် ကြားဝင် ဖျန်ဖြေသလို အဆိုပြုချင်တာက ခင်ဗျားရဲ့ တူတော်မောင်ကို ဆရာဝန် ဖြစ်အောင် လုပ်ပေးပါ့မယ်၊ ရိုးရိုးဆရာဝန် ပြောတာပါ၊ ခွဲစိတ်ကုသရေးဆရာ မဟုတ်ဘူး ၊ ကျုပ်တို့ရဲ့ ကောင်လေးဟာ စိတ်သဘောထား အလွန်နူးညံ့ သိမ်မွေ့တာမို့ ဓားနဲ့

ခွဲစိတ်လှီးဖြတ်ရတဲ့ အလုပ်မျိုး မလုပ်ချင်လို့ ပါလို့ ... အများကို ကြေညာလိုက်မယ်၊ ဘယ်နှယ့်လဲ"

ထိုအခါ ဒွန်ခရိုစီသည် ပြုံးလိုက်သည်။

"ပါမောက္ခကြီးရဲ့ အဆိုပြုချက်က အလွန်သဘာဝကျတဲ့ အတွက် ကျုပ်က ငြင်းစရာမရှိပါဘူး။ ကောင်းပါပြီ၊ ကျုပ်တူတော်မောင်က ခွဲစိတ်ဆရာဝန် မဟုတ်ဘဲ ရိုးရိုးဆရာဝန် ဖြစ်လာမယ်ဆိုရင် ကျုပ်နှမကလည်း ကျေနပ်မှာ ပေါ့"

ထိုမျှနှင့် ပင် စကားဖြတ်လျက် ဒွန်ခရိုစီသည် ထပြန်ရန် ပြင်ဆင်လေသည်။ ယခုအတိုင်းဆိုလျှင် သူ လာရောက်ပြောဆိုသည့် ကိစ္စ ကျေနပ်ဖွယ်ကောင်းအောင် ပြေလည်ချောမောသွားပြီဖြစ်၍ ပြန်ရင် ပြင်ဆင်ခြင်းပင် ဖြစ်သည်။

တက္ကသိုလ် ဥက္ကဋ္ဌကြီးက ထ၍ လိုက်ပို့ရန် အခန်းတွင်းမှ ထွက်ခါနီး ဒွန်ခရိုစီက ဒေါက်တာ နာတိုး အား အဓိပ္ပာယ် ပါပါ လှမ်းကြည့်သွားပုံကို ပါမောက္ခ အာဒိုနစ် က သတိပြုလိုက်မိသည်။

သူ၏ မေတ္တာရပ်ခံချက်ကို လက်မခံဘဲ ဆန့်ကျင်ဝံ့သူ၏ မျက်နှာကို သေချာစွာ မှတ်မိအောင် လေ့လာမှတ်သားရန် ကြည့်ပုံမျိုး ဖြစ်လေသည်။

ဒွန်ခရိုစီနှင့် တက္ကသိုလ် ဥက္ကဋ္ဌကြီးတို့ အခန်းထဲမှ ထွက်သွားသောအခါ ပါမောက္ခ အာဒိုနစ်က...

"ကိုင်း ဒေါက်တာ နာတိုး၊ ခင်ဗျားတော့ ဒီတက္ကသိုလ်က ချက်ချင်း နုတ်ထွက်ပြီး ရောမမြို့မှာ သွားအလုပ်လုပ်မှ ဖြစ်တော့မယ်"

ဟု ပြောလိုက်ရာ ဒေါက်တာ နာတိုးသည် ဒေါသထွက်လာပုံ ရလေ

သည် ။

"ခင်ဗျား ဘာပြောလိုက်တာလဲ၊ ခင်ဗျား ရူးနေသလား"

"ကျုပ်က ခင်ဗျားလောက် ရူးတာ မဟုတ်ပါဘူး၊ ကဲပါလေ... ဒီနေ့ည ခင်ဗျား ကျုပ်နဲ့ အတူ ညစာလာစားပါ၊ အဲဒီတော့မှ ခင်ဗျား ဘာကြောင့် စစ္စလီကျွန်းမှာ ဆက်မနေသင့်တော့ဘူးဆိုတာ ရှင်းပြပါမယ်"

"ဘာကြောင့် ကျုပ် ဒီက ထွက်သွားရမှာ လဲ ဗျ"

ဒေါက်တာ နာတိုးက မကျေမချမ်း ဖြစ်ဟန်နှင့် ပြန်မေးလိုက်သည် ။

"ခင်ဗျားက ဒွန်ခရိုစီ မေတ္တာရပ်ခံတာကို ငြင်းလိုက်တယ်၊ ဒါကြောင့် ခင်ဗျားဟာ စစ္စလီကျွန်းမှာ ဆက်နေလို့ မဖြစ်တော့ဘူး"

"ဒါပေမဲ့ သူလိုချင်တာ ရသွားတာပဲ မဟုတ်လား၊ သူ့တူကို ဆရာဝန် ဖြစ်လာရပါစေမယ်လို့ ခင်ဗျားနဲ့ တက္ကသိုလ် ဥက္ကဋ္ဌကြီးတို့ က ပြောလိုက်ပြီ မဟုတ်လား"

"မှန်ပါတယ်လေ။ ခင်ဗျားငြင်းနေတဲ့ အတွက် ကျုပ်တို့ လိုက်လျောပြီး ပြောလိုက်ရတာပဲ၊ အဲဒါက ခင်ဗျားရဲ့ အသက်ကို ကျုပ်တို့ က ကယ်လိုက်တဲ့ သဘောပါပဲ။ ဒါပေမဲ့လည်း ဟိုလူကြီးက ခင်ဗျားကို သူ့စိတ်ထဲ မှတ်သွားပြီ၊ ဒါကြောင့် ခင်ဗျား ဒီမှာ ဆက်နေလို့ မသင့်ဘူး"

*****

ထိုနေ့ညနေဘက်တွင် ပါမောက္ခ အာဒိုနစ်က တည်ခင်းဧည့်ခံသော

ညစာစားပွဲတွင် တက္ကသိုလ်မှ ပါမောက္ခ ခြောက်ဦးကို ဖိတ်ကြားရာ ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာ နာတိုးလည်း ပါဝင်လေသည် ။ ညစာစားပွဲ ပြုလုပ်သော နေရာကား ပါလာမိုမြို့၏ အကောင်းဆုံး စားသောက်ဆိုင်ကြီးတွင် ဖြစ်လေသည် ။

ကျန်ပါမောက္ခ ငါးဦးတို့ က သူတို့ တစ်ဦးချင်းထံသို့ ဒွန်ခရိုစီကိုယ်တိုင် လာရောက်တွေ့ဆုံ မေတ္တာရပ်ခံချက်အရ သူတို့ အားလုံးက စာမေးပွဲ ရှုံးနေသူ (ဒွန်ခရိုစီ၏ တူ) ကျောင်းသား၏ အမှတ်များကို ပြင်ဆင်၍ ဖြည့်ပေးရန် ကတိပြုလိုက်ကြောင်း ပြောပြကြလေသည် ။ ဒေါက်တာနာတိုးသည် အလွန် အံ့သြတုန်လှုပ်လျက် သူ၏ ဆေးပညာဌာနတွင် မူ အရည်အချင်း မရှိသော ကျောင်းသားအား အောင်မှတ်ပေးရန် မဖြစ်နိုင်ကြောင်း ပြောလေသည် ။ ထိုအခါ ကျန်ပါမောက္ခများက ဒေါက်တာနာတိုး၏ ခေါင်းမာမှုအပေါ် စိတ်မရှည်ကြတော့ချေ။ ဒဿနိကဗေဒ ပါမောက္ခက လူသားတို့ အဖို့ တွေးခေါ်မြော်မြင်ရေးနှင့် လူမှုဆက်ဆံရေးထက် ဆရာဝန်အလုပ်က ဘာကြောင့် ပိုအရေးကြီးရပါသနည်းဟု ဘုကျကျ ပြန်မေးလိုက်သည် ။ နောက်ဆုံးတွင် ဒေါက်တာနာတိုးသည် အလျှော့ပေးကာ တက္ကသိုလ်မှ နုတ်ထွက်ပြီး ဘရာဇီးနိုင်ငံသို့ သွားရောက် အခြေစိုက် နေပါတော့မည်ဟု ကတိပေးလေသည် ။ သူ့လို ထူးချွန်သော ဆရာဝန်တစ်ဦးအနေဖြင့် ဘရာဇီးနိုင်ငံတွင် ဧကန်မုချ တိုးတက်ကြီးပွားပါလိမ့်မည်ဟု ကျန်ပါမောက္ခများက အားပေးစကားပြောကြလေသည် ။

ထိုနေ့ညတွင် ပါမောက္ခ အာဒိုနစ်သည် ပြဿနာတစ်ခုတော့ ပြေလည်သွားချေပြီဟု ကျေနပ်မိလျက် နှစ်ခြိုက်စွာ အိပ်ပျော်လေသည် ။

သို့ရာတွင် နောက်တစ်နေ့နံနက်တွင် သူ့ထံသို့ မွန်တီလာပါမြို့မှ အ

ရေးတကြီး တယ်လီဖုန်း လာသောအခါ အလွန်အံ့ဩတုန်လှုပ် သွားမိလေသည်။

တယ်လီဖုန်းလာသည့် သတင်းကတော့ သူကိုယ်တိုင် ဂေါ့ဒ်ဖားသားအဖြစ် စောင့်ရှောက်ခဲ့ပြီး ငယ်စဉ်က ပညာသင်ကြားပေးခဲ့ရာ ဂီလီယာနိုက လက်နက်ကိုင် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား သတ်ပစ်လိုက်သည် ဟူသော သတင်းဆိုးပင် ဖြစ်လေသည်။

***